၄။ သီတေနပိ ကိလမန္တိ - ဝါကျပါ ကိလမန္တိ၌ ခေတ်အရ ဖြစ်ထိုက်သော စိတ် စေတသိက်တို့ကို တိကျစွာဖေါ်ပြပြီး၊ ယင်းတို့နှင့် (က) ဌာနတူစိတ် (ခ) အာရုံတူစိတ် တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

ဖြေ - ကိလမန္တိအရ စိတ် - ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်၊
စေတသိက် သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါး၊
(က) ဌာနတူသောစိတ် - ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ် ပဉ္စဝိညာဉ်စိတ်၊
(ခ) အာရုံတူသောစိတ် - သုခသဟဂုတ် ကာယဝိညာဉ်စိတ်၊

## ၁၃၆၀ - ခုနစ် ဝိနည်းမဟာဝါ

၁။ "တံ ဝနသဏ္ဍံ အဇ္ဈောဂါဟေတွာ"၌ အဇ္ဈောဂါဟေတွာ ကို သန္ဓိရုပ်ကျဉ်း၂-နည်းစီရင်၍ကတိနုဓေါဥပေါသထာ၌ကတိ ကိုဒု-တ-စ-သတ္တမီဝိဘတ်တို့ဖြင့် နာမပဒမာလာစဉ်ပြပါ။

ဖြေ - အဇ္ဈောဂါဟေတွာသန္ဓိရုပ်ကျဉ်း -အဇ္ဈောဂါဟေတွာကို

http://www.dhammadownload.com



အမိ+ဩဂါပေတွာ ဟုပုဒ်ဖြတ်၊ အဒ္ဓေါအမိသုတ်ဖြင့် အမိကို အ္ဗပြု၊ ဩခွင်း၊ ချေ၊ ကပ်၊ အဒ္ဓေါဂါပေတွာ ပြီး၏။

(တစ်နည်း) အမိ+အဝ+ဂါပေတွာ ဟုပုဒ်ဖြတ်၊ အဒ္ဓေါအမိသုတ် ဖြင့် အမိကို အ္ဗပြု၊ ဩအဝဿသုတ်ဖြင့် အဝကို ဩပြု၊ ဩခွင်း ချေကပ်၊ အဒ္ဓေါဂါပေတွာပြီး၏။

**ကတိနာမ်ရုပ်စဉ် --**

(ဒု) ကတိ (တ) ကတိဟိ, ကတိဘိ

(စ) ကတိန္နံ (သ) ကတိသု ။

၂။ "န မေ တံ ခမတိ" ဝယ် မေ ၌ ဝိဘတ္တိ, ဝိဘတျတ္ထ ဝိဘတ္တိဝိမိသုတ်တို့ကို ဖော်ပြ၍၊ ဒုတံ ပါပေသိ ၌ ပါပေသိ ဝယ် ဥပသာရနှင့်တကွသော ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် သုဒ္ဓကတ္တုရုပ်စဉ်ခဲ့ပါ။

ဖြေ - န မေတံ ခမတိ ဝယ် မေ ၏ -

ဝိဘတ္တိ - စတုတ္ထီ ဧကဝုစ်သဝိဘတ်၊ ဝိဘတျတ္ထ - သမ္ပဒါန်အနက်၊

ဝိဘတ္တိဝိမိ - သမ္ပဒါနေစတုတ္ထီသုတ် ဖြစ်ပါသည်။

ဝတ္တမာန် ဝိဘတ် ပရဿပုဒ်ဖြင့် သုဒ္ဓကတ္တုရုပ်စဉ် -

(တိ) ပပ်ပေတိ, ပပ်ပါတိ (အန္တိ) ပပ်ပေန္တိ

(သိ) ပပ်ပေသိ (ထ) ပပ်ပေထ

(မိ) ပပ်ပေမိ (မ) ပပ်ပေမ။ (ရှု-၃၁၂)

၃။ "အညတရော နာဂေါ နာဂယောနိယာ အဋ္ဋီယတိ"၌ အဋ္ဋီယတိ -ဝယ် ဓာတ်အရ ဖြစ်ထိုက်သောစိတ်ကိုကောက် ပြ၍၊ ယင်းစိတ်နှင့် (က)အမြဲတန်း၊ (ခ)တပြိုင်နက် ယှဉ်နိုင် သော စေတသိက်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

http://www.dhammadownload.com



ဖြေ - အင်္ဂယတိ ဝယ် ဓာတ်အရ -
ဒေါမနဿဝေဒနာပြဋ္ဌာန်းသော ဒေါသမူဒွေး၊

(က) ယင်းနှင့် အမြဲယှဉ်သော စေတသိက် -
ပီတိကြဉ် အညသမာန်းစေတသိက် (၁၂)ပါး၊ မောစတုတ်
(၄)ပါး၊ ဒေါသ, ထိန, မိဒ္ဓ ပေါင်း (၁၉)ပါး၊

(ခ) ယင်းနှင့် တပြိုင်နက်ယှဉ်သော စေတသိက် -
ပီတိကြဉ် အညသမာန်းစေတသိက် (၁၂)ပါး၊ မောစတုတ်
(၄)ပါး၊ ဒေါသ,ဣဿာ,ထိန,မိဒ္ဓ (၄)ပါး၊ ပေါင်း (၂၀)
ဖြစ်ပါသည်။

၄။ "ဘဝနေတ္တိ သမ္မုဟတာ" ၌ သမ္မုဟတာ ဝယ် အန္တတ္ထ ကို
ကောက်ပြလျက်၊ ယင်းတရား၏ အာရမ္မဏိကဓမ္မသရုပ်ကို
လည်း ထုတ်ပြခဲ့ပါ။

ဖြေ။ သမ္မုဟတာဝယ် အန္တတ္ထအရ အရဟတ္တမဂ်ဖြစ်ပါသည်။
ယင်း၏အာရမ္မဏိက - မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄)ပါး၊
ကြိယာအဘိညာဉ် (၁)ပါး၊ ဝုဋ္ဌော (၁)ပါး၊ ပေါင်း (၆)ပါး
ဖြစ်ပါသည်။

## ၁၃၆၁ - ခုနစ် ဝိနည်းမဟာဝါ

၁။ စတ္တာရော မဟာရာဇာနော ၌မဟာရာဇ၊ နဝ္ဟာ နေရဉ္စရာယ
တီရေ၌ နေရဉ္စရတို့ကိုပုဒ်ဖြတ်ပြီးလျှင်၊ အဿဝနတာဓမ္မသ
ပရိဟာယန္တိ ဝယ် ဓမ္မသ၌ မည်သည့်သုတ်ဖြင့် မည်သည့်
အနက်၌ မည်သည့်ဝိဘတ် သက်ထားကြောင်း ဖြေဆို၍၊
ဟေတုပ္ပဘဝါ ၌ ဟေတု ကို နာမပဒမာလာ စဉ်ပြပါ။

http://www.dhammadownload.com



ဖြေ - မဟာရာဇပုဒ်ဖြစ်ပုံ -မေ+အဟိ+အရာဇ (နီတိဓာတု)
(တစ်နည်း) မဟိ+အရိ+အဇ
(တစ်နည်း) မေ+အဟိ+အရိ+အဇ (နီဂံ - ၃၇၀)

နေရဥ္စရ ပုဒ်ဖြစ် - (၁၆၊ ၃၄ -ခု၊ ဝိနည်းအဖြေတို့၌ပါပြီး)

ဓမ္မသ ၌ - ဒုတိယာပဥ္စမီနဥ္စသုတ်ဖြင့် ဒုတိယာအနက် (တနည်း)ပဥ္စမီအနက်၊ ဆဋ္ဌီဝိဘတ်သက်ထားပါသည်။

**ဟေတု နာမပဒမာလာ စဉ်ပုံ-**

| | | |
|---|---|---|
| ပ - | ဟေတု | ဟေတူ,ဟေတဝေါ,ဟေတုယော |
| အာ | ဘော ဟေတု | ဘော်န္တောဟေတူ, ဟေတဝေ, ဟေတဝေါ, |
| ဒု - | ဟေတုံ | ဟေတူ,ဟေတဝေါ,ဟေတုယော |
| တ - | ဟေတုနာ | ဟေတူဟိ, ဘိ, ဟေတုဟိ, ဘိ |
| စ - | ဟေတုဿ, ဟေတုနော | ဟေတူနံ, ဟေတုနံ |
| ပ - | ဟေတုသ္မာ, မှာ, ဟေတုနာ | ဟေတူဟိ, ဘိ, ဟေတုဟိ, ဘိ |
| ဆ - | ဟေတုဿ, ဟေတုနော | ဟေတူနံ, ဟေတုနံ |
| သ - | ဟေတုသ္မိံ, ဟေတုမှိ | ဟေတူသု, ဟေတုသု။(ရူ-၇၃) |

၂။ စိရမ္ဗိ ခေါ ဣမဿ မောဃပုရိသဿ ဧဝံ ဘဝိဿတိ ၌ အာချာတ်ဝိဘတ်သက်သော သုတ်ကို ညွှန်ပြပြီးလျှင် ဘဝိဿတိ ၌ ဓာတ်ကိုယူ၍ အဇ္ဇတနီဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ပြပါ။

ဖြေ အာချာတ်ဝိဘတ်သက်သောသုတ် အနာဂတေဘဝိဿန္တိသုတ်

အဇ္ဇတနီပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ -

(ဤ) အဘဝိ, ဘဝိ, အဘဝိ, ဘဝိ၊

http://www.dhammadownload.com



(ဍ) အဘဝုံ, ဘဝုံ, အဘာဝီသု, ဘဝီသု, အဘဝံသု, ဘဝံသု၊
(ဩ) အဘဝေါ, ဘဝေါ, အဘဝ, ဘဝ, အဘဝိ, ဘဝိ၊
(တ္တ) အဘဝိတ္တ, ဘဝိတ္တ, အဘဝုတ္တ, ဘဝုတ္တ၊
(က္ကံ) အဘဝီ, ဘဝီ၊
(မှာ) အဘဝိမှာ, ဘဝိမှာ, အဘဝိမှ, ဘဝိမှ, အဘဝုမှာ, ဘဝုမှာ, အဘဝုမှ, ဘဝုမှ ဖြစ်ပါသည်။

၃။ နဋ္ဌာ နေရဋ္ဌရာယ တီရေ ဗောဓိရုက္ခမူလေ ၌ ဗောဓိအရ ပရမတ္ထဓမ္မကိုကောက်ပြပြီးလျှင် ယင်း၏သမ္ပယုတ်တရား ဝိပ္ပယုတ်တရားတို့ကိုလည်းပြည့်စုံအောင် ရေတွက်ပြပါ။

ဖြေ - ဗောဓိအရ စသည် - (၅၄ - ခု ဝိနည်းအဖြေ၌ပါပြီး)

၄။ အန္တလိက္ခစရော ပါသော ၌ အန္တလိက္ခစရအရ ပရမတ္ထဓမ္မကို ကောက်ပြ၍၊ ယင်း၏ သမ္ပယုတ်တရား, ဝိပ္ပယုတ်တရားတို့ကို ဖြေဆိုပြီးလျှင်၊ အန္တလိက္ခစရ အရ တရားကို ဝေဒနာဒိဆက္ကဖြင့် ဝေဖန်ပြပါ။

ဖြေ -အန္တလိက္ခစရအရ လောဘပြဋ္ဌာန်းသောလောဘမူစိတ် (၈)ပါး၊
ယင်း၏သမ္ပယုတ်တရား - အညသမာန်းစေတသိက် (၁၃)ပါး၊ ဒိဋ္ဌိ မာန ထိန မိဒ္ဓ (၄)ပါး၊ မောစတုတ် (၄)ပါး၊ ပေါင်း (၂၁)ပါး ဖြစ်ပါသည်။
ဝိပ္ပယုတ်တရား - ဒေါစတုတ် (၄)ပါး၊ ဝိစိကိစ္ဆာ၊ သောဘန စေတသိက် (၂၅)ပါး၊ ပေါင်း (၃၀) ဖြစ်ပါသည်။

အန္တလိက္ခစရအရ ဝေဒနာဒိဆက္က -

ဝေဒနာ သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ၊
ဟိတ် - ဒွိဟိတ် (လောဘ, မောဟ)၊ ကိစ္စ - ဇောကိစ္စ၊

http://www.dhammadownload.com



ဒွါရ - (၆)ဒွါရ၊  အာရုံ - လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ ဝတ္ထု -ဟဒယဝတ္ထု (ရံခါမှီ, ရံခါမမှီ) ။

## ၁၃၆၂ - ခုနှစ် ဝိနည်းမဟာဝါ

၁။ "စဏ္ဍော်တ္ထ နာဂရာဇာ ကုဒ္ဓိမာ" ၌ စဏ္ဍော်တ္ထကို သန္ဓိရုပ်ကျဉ်းစီရင်၍၊ နာဂရာဇာကို ဖြစ်သင့်သော ဂိုဏ်းစုံလင်စေလျက် သတ္တမီဝိဘတ်ဖြင့် နာမပဒမာလာစဉ်ခဲ့ပါ။

ဖြေ - သန္ဓိရုပ်ကျဉ်း -  စဏ္ဍော်တ္ထကို စဏ္ဍော+ဧတ္ထဟု ပုဒ်ဖြတ်၊ လ္လာခွင်း ဩကြွင်း၊ သရာသရေလောပ်သုတ်ဖြင့် ရှေ့ဩ သရကိုချေ၊ လ္လာကို နောက်ဧသို့ကပ်၊ စဏ္ဍော်တ္ထ ပြီး၏။

နာဂရာဇာ သတ္တမီဝိဘတ်ဖြင့် နာမပဒမာလာ -

*ပုရိသာဒိဂိုဏ်းဖြင့် ရုပ်စဉ်သော် -*

(သို့) နာဂရာဇသ္မိံ, မှိ, နာဂရာဇေ  (သု) နာဂရာဇေသု

*ရာဇာဒိဂိုဏ်းဖြင့် ရုပ်စဉ်သော် -*

(သို့) နာဂရညေ, နာဂရာဇိနိ  (သု) နာဂရာဇူသု,နာဂရာဇေသု

၂။ "အာသနံ ပညာပေတဗ္ဗံ" ၌ အာသနံကို ကာရကရုပ်ကျဉ်းစီရင်၍၊ ပစ္စယောသုံ ၌ ဓာတ်ကိုသာယူ၍ အဇ္ဇတနီ အာ, ဝိဘတ်၊ အ, ဝိဘတ်တို့ဖြင့်သာ ကမ္မရုပ်ပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - အာသနံ ကာရကရုပ်ကျဉ်း -

အာသနံကို အာသနတည်၊ ကိုဟူ၍ကံအနက်ပေးသော်လည်း ပညာပေတဗ္ဗံ၌ တဗ္ဗပစ္စည်းသည် ကံအနက်ကိုဟောပြီးဖြစ်သောကြောင့် လိင်အနက်ကို အလိုရှိရကား လိင်္ဂတ္ထေပဌမာ

http://www.dhammadownload.com



သုတ်ဖြင့် လိင်အနက် ပဌမာကောဝုစ် သိဝိဘတ်သက်၊ သိ ဟူသောသုတ်ဖြင့် သိ, ဝိဘတ်ကို အံပြု၊ နခွင်း ချေ ကပ်၊ အာသနံ ပြီး၏။

**ပစ္စသောသုံ၌ ခတ်ကို အဇ္ဇတနီဝိဘတ်ဖြင့် ရုပ်စဉ် -**

**အာ** - အသူယာ, သူယာ, အသူယိတ္ထ, သူယိတ္ထ၊

**အ** - အသူယ, သူယ, အသူယံ, သူယံ ။

၃။ **"အာယသ္မာ ကုမာရကဿပေါ ဂဗ္ဘဝီသော ဥပသမ္ပန္နော ၌ ဂဗ္ဘအရပါဝင်ခွင့်ရှိသော စိတ်သရုပ်ကိုအရာ၌ာန အားလျော်စွာတိကျစွာဖော်ထုတ်၍၊ ယင်းစိတ်၏ ဝေဒနာအားလျော်စွာ သမ္ပယုတ္တဓမ္မသရုပ်ကို အသီးသီး သချာမှုသာ ဖော်ပြခဲ့ပါ။**

ဖြေ - ဂဗ္ဘအရ ပါဝင်ခွင့်ရှိသော စိတ်သရုပ် -

မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် (၄)ပါးတွင် တစ်ပါးပါး။

**သမ္ပယုတ္တဓမ္မ** -

သောမနဿဝေဒနာဖြစ်သော မဟာဝိပါက်ပဌမဒွေး၌ (၃၃)ပါး

ဥပေက္ခာဝေဒနာဖြစ်သော မဟာဝိပါက်တတိယဒွေး၌ (၃၂)ပါး ဖြစ်ပါသည်။

၄။ **"စရန္တို ပြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ"၌ ကရခတ်အရတရားကို တိကျစွာကောက်ပြ၍၊ ယင်းစိတ်၏ အာရမ္မဏိကစိတ်သရုပ်ကိုလည်း တိကျစွာ ညွှန်ပြခဲ့ပါ။**

ဖြေ - **ကရခတ်အရ** - စုတိကိစ္စတပ်သော မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် (၄)ပါး၊ (ဝဇိရ ၄၊ ၄၁၀)

http://www.dhammadownload.com



**ယင်းစိတ်၏ အာရမ္မဏိကစိတ်သရုပ် -**

အကုသိုလ်စိတ် (၁၂)ပါး၊ သန္တီရဏ (၃)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ မဟာကြိယာစိတ် (၈)ပါး၊ ဟသိတုပ္ပါဒ်စိတ် (၁)ပါး၊ အဘိညာဉ် (၂)ပါး၊ ဝုဋ္ဌော (၁)ပါး၊ ပေါင်း (၄၃)ပါး ဖြစ်ပါသည်။

**၁၃၆၃ - ခုနှစ် ဝိနည်းမဟာဝါ**

**၁။ "ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ" ၌ ရတ္တိ၊ ပစ္စူသတို့ကို ပုဒ်ဖြတ်၍၊ သော တဿာ မေထုနံ ဓမ္မံ ပဋိသေဝိတွာ - ၌ တဿာကို နာမ်ရုပ်စီရင်ပါ။**

ဖြေ - **ရတ္တိ** - ရာ+တိ၊ **ပစ္စူသ** -ပတိ+ဥသ၊

**တဿာနာမ်ရုပ်ကျဉ်း-** တဿာကို တာတည်၊ သို့ဝိဘတ်သက်၊ အာဃောသုတ်ဖြင့် အာကိုယအမည်မှည့်၊ ယောရဿံသုတ်ဖြင့် ယမည်သော တာ၏ အာကို အရဿပြု၊ တေသုဝုဒ္ဓိ သုတ်ကြီးဖြင့်သို့ကို ဿာပြု၊ တဿာ ပြီး၏။

**၂။ "ယမ္ပိစ္ဆံ နလဘတိ" ၌ ယံ - ဝယ် ဝိဘတ္တိ၊ ဝိဘတျတ္ထတို့ကို စုံလင်စွာဖော်ပြ၍၊ န မေ သမဏာ မောက္ခသိ ၌ ကြိယာပုဒ်ကို ဓာတု+ပစ္စယ ဝေဖန်ပြီး၊ ယင်းဓာတ်ကို ဓာတွတ္ထ အားလျော်စွာ တိ,အန္တိ ဝိဘတ်တို့ဖြင့် အာချာတ်ဂိုဏ်းစဉ်ပြပါ။**

ဖြေ - **ယံ ၌ - ဝိဘတ္တိ** - ဒုတိယာဧကဝုစ် အံဝိဘတ်၊
**ဝိဘတျတ္ထ** - ကံအနက်၊ **ဝိဘတ္တိဝိဓိ** - ကမ္မတ္ထေဒုတိယာ၊ (ဘာဋီ)
(တစ်နည်း) **ဝိဘတ္တိ** - ပဌမာဧကဝုစ်သိဝိဘတ်၊
**ဝိဘတျတ္ထ**- ကရိုဏ်းအနက်၊ **ဝိဘတ္တိဝိဓိ** -အာလပနေစ ၌ စသဒ္ဒါ၊

http://www.dhammadownload.com



ဓာတု - မုစဓာတ် (တစ်နည်း) မောက္ခဓာတ်၊
ပစ္စယ - ယ ပစ္စည်း၊ (တစ်နည်း) အ ပစ္စည်း၊
ဓာတွတ္ထအားလျော်စွာအာချာတ်ဂိုဏ်းစဉ် --
မုစ မောက္ခေ - (တိ) မုစ္စတိ (အန္တိ) မုစ္စန္တိ
မုစ စာဂေ - (တိ) မုဥ္စတိ (အန္တိ) မုဥ္စန္တိ ။
မောက္ခ- မုစ္စနေ- (တိ) မောက္ခတိ (အန္တိ) မောက္ခန္တိ ။

၃။ "လောဘံ ပါတေယျ"၌ လောဘအရ ဝါဒစုံစွာ ကောက်ပြပြီးလျှင်၊ ယင်း၏ သမ္ပယုတ္တဓမ္မ အသီးသီးကိုလည်း ထုတ်ပြပါ။

ဖြေ - **လောဘအရ** - ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါး၌ရှိသော မာန၊
**သမ္ပယုတ္တဓမ္မ** - အညသမာန်းစေတသိက် (၁၃)ပါး၊ အကုသလသာဓာရဏ စေတသိက် (၄)ပါး၊ လောဘ, ထိန, မိဒ္ဓ ပေါင်း (၂၀)ပါး ဖြစ်ပါသည်။

၄။ "ခီဏာ ဘဝနေတ္တိ" ၌ ဘဝနေတ္တိအရ တရားကို တိကျစွာ ကောက်ပြ၍၊ ယင်း၏ အာရုံဖြစ်ထိုက်သော တရား, အာရမ္မဏိက ဖြစ်ထိုက်သော စိတ်တို့ကို ရေတွက်ပြခဲ့ပါ။

ဖြေ - **ဘဝနေတ္တိ အရ** - လောဘမူစိတ် (၈)ပါးရှိ လောဘ၊
**အာရုံတရား** - လောကုတ္တရာကြဉ်အလုံးစုံအာရုံ၊
**အာရမ္မဏိကဖြစ်ထိုက်သောစိတ်** -
အကုသိုလ်စိတ် (၁၂)ပါး၊ သန္တီရဏ (၃)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ မဟာကြိယာစိတ် (၈)ပါး၊ ဟသိတုပ္ပါဒ်စိတ် (၁)ပါး၊ အဘိညာဉ် (၂)ပါး၊ ဝုဋ္ဌော (၁)ပါး၊ ပေါင်း (၄၃)ပါး ဖြစ်ပါသည်။

◇◇◇◇◇

http://www.dhammadownload.com



# ပထမဆင့်
# အင်္ဂုတ္တိုရ်ပါဠိတော်
# သဒ္ဒါ သင်္ဂြိုဟ်
# အဖြေများ

http://www.dhammadownload.com



http://www.dhammadownload.com



## ၁၃၁၆ - ခုနှစ် အင်္ဂုတ္တိုရ်

၁။ "သုဘာန္တေ၀" အမိမုတ္တော ဟောတိ-၌ သုဘာန္တေ၀ ဝယ် တကို စ,မပြုနိုင်ခြင်း၏အကြောင်း, အမိမုတ္တော၀ယ် အမိသည် ဓါတွတ္ထဗာဓကေစသည်၌ အဘယ်အနက်ရှိသည်ကိုလည်း ဖေါ်ပြခဲ့ပါ။

ဖြေ - သုဘာန္တေ၀ - ၌ တကို စမပြုနိုင်ခြင်းအကြောင်း - သုဘာန္တေ၀ သည် ဒွိသန္ဓိ တိသဓ်ေပအရာဖြစ်သောကြောင့် "ဒွိသန္ဓိ တိသဓ်ေပေ နိစ္စမိကာရ လောပေါ န ယတ္ထ စံ" (နီတိ - ၄၈ သုတ်နှင့်) အညီ ဣတိသဒ္ဒါ၏ တိကို စမပြုဘဲ အမြဲ ဣချေရမည်ဖြစ်၍ သုဘာန္တေ၀ ဟု တကို စမပြုရပါ။

အမိမုတ္တော ဝယ် - အမိသည် အမိက (အတိသယ)အနက်ကို ဟောသည်ဖြစ်၍ ဓာတ်အနက်ကို အထူးပြုသောကြောင့် ဓါတွတ္ထဝိသေသကဖြစ်ပါသည်။

၂။ "အမတံ တေသံ အပရိဘုတ္တံ" ၌ တေသံဝယ် အဘယ်သုတ်ဖြင့် အဘယ်အယှဉ်မှာ အဘယ်အနက်၌ အဘယ်ဝိဘတ်သက်သည်ကိုလည်းကောင်း၊ "ဣတိ ပုရာဏဠ ဝေဒနံ ပဋိဟင်္ခါမိ"၌ ကြိယာပုဒ်၏ ဓာတ် ပစ္စည်း ဝိဘတ် ကိုလည်း ကောင်း ရေးခဲ့ပါ။

ဖြေ - တေသံ ဝယ် ဆဋ္ဌီစသုတ်ဖြင့် အပရိဘုတ္တံဝယ် တပစ္စည်း ဟူသော ကိတ်ပစ္စည်းအယှဉ်, (အဝုတ္တ)ကတ္တားအနက်, ဆဋ္ဌီ ဗဟုဝုစ် နံဝိဘတ် သက်ထားပါသည်။

---

၁။ (မန်လည်နိယံ) နှစ်စပ်သုံးလွှာ, ပုဒ်ရှိရာ, တိမှာစပြု, မဖြစ်သတည်း။

http://www.dhammadownload.com



ပဋိဃာနီမိသည် - ပဋိဃပုဗ္ဗ ဟနစာတ်၊ ဘူဝါဒိ အပစ္စည်း, ဘာဝသာဓ္တိ ဿာမိဝိဘတ် ဖြစ်ပါသည်။

၃။ "အာသဝါနံ ခယဉာဏာယ စိတ္တံ အဘိနိန္နာမေတိ" ၌ စိတ္တံ သည် အဘယ်မျှသောစေတသိက်နှင့် ယှဉ်နိုင်ပါသနည်း။

ဖြေ - စိတ္တံအရ - မဟာကုသိုလ်ဉာဏသမ္ပယုတ် (၄)ပါး ဟူသော (ဝိပဿနာစိတ်)သည် အညသမာန်းစေတသိက်(၁၃)ပါး၊ (အခိုက်အတန့်အားဖြင့်)အပ္ပမညာကြဉ် သောဘန စေတသိက် (၂၃)ပါး၊ ပေါင်း (၃၆)ပါးသော စေတသိက်တို့နှင့် ယှဉ်နိုင်ပါသည်။

၄။ "ကမ္ဗုဝိယကတော ဘိက္ခု အာမဂန္ဓေ အဝဿုတော" တို့၌ ကမ္ဗုဝိယနှင့် အာမဂန္ဓတို့ကို အရကောက်ပြခဲ့ပါ။

ဖြေ ကမ္ဗုဝိယအရလောဘမူစိတ်(၈)ပါး၌ရှိသောလောဘ(အဘိဇ္ဈာ) အာမဂန္ဓအရ -ဒေါသမူဒွေး၌ရှိသော ဒေါသ (ဗျာပါဒ) ဖြစ်ပါသည်။

## ၁၃၁၇ - ခုနှစ် အဖြေ

၁။ "ဓဝံ မေ သုတံ"၌ မေ သဒ္ဒါသည် အဘယ်မျှသော ဝိဘတ်တို့ ဖြင့် ရုပ်ပြီးနိုင်သည်ကို သုတ်ထောက်ဖြင့် ကုန်စင်အောင်ညွှန် ကြားပြီးလျှင်၊ ဤပါဠိ၌မူကားအဘယ်ဝိဘတ်ဖြင့်ပြီးသော မေ ကိုသာ ယူရသည်, အဘယ့်ကြောင့် ယူရသည်တို့ကို ဖော်ပြပါ။

ဖြေ - မေ - သည် - တေမေကာဝစနေသုစ သုတ်အရ စတုတ္ထီ, ဆဋ္ဌီကေဝုစ်သဝိဘတ်ဖြင့် ရုပ်ပြီးနိုင်ပါသည်။ ဝါတတိယေစ သုတ်အရတတိယာကေဝုစ်နာဝိဘတ်ဖြင့် ရုပ်ပြီးနိုင်ပါသည်။

http://www.dhammadownload.com



ဇဝံ မေ သုတံ - ပါဠိ၌ တတိယာကေဝုစ်နာဝိဘတ်ဖြင့်ပြီးသော မေနှင့် ဆဋ္ဌီကေဝုစ် သဝိဘတ်ဖြင့်ပြီးသော မေတို့ကိုသာ ယူရပါမည်။

အကြောင်းမှာ - သုတသဒ္ဒါ၏ ကမ္မသာဓန,ဘာဝသာဓန အစွမ်းဖြင့် အလိုရှိအပ်သော အနက်(၂)မျိုးရှိသောပုဒ် ဖြစ်သောကြောင့်တည်း။ (သီဋ္ဌ သိဋီသစ်)

(တစ်နည်း) သုတသဒ္ဒါသည် ကတ္တားကို ငဲ့သောကြောင့် တတိယာ မေ ကို ယူ၍ သမ္ဗန်ကို ငဲ့သောကြောင့် ဆဋ္ဌီ မေ ကိုယူရ ပါမည်။ (မေ-ဂါထာဘိဂီတံ၊သိ-ဋီသစ်ပုဒ်အဖွင့်အရဖြစ်သည်)

**၂။ "အဒ္ဓဿေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ ၌ ဘဂဝတောပုဒ်ကို အချို့ကစတုတ္ထီ အချို့ကဆဋ္ဌီဟု ဆိုကြရာ မည်သည့်ဝါဒကို ကစ္စည်းကျမ်းက လက်ခံမည် ဟု ထင်ပါသနည်း သာဓကနှင့်ယှဉ်ပြီး ပစ္စဿောသုံကို ဓာတ် ဝိဘတ် ခွဲခြားပြပါ။**

ဖြေ - ဘဂဝတော ပုဒ်၏ -

စတုတ္ထီဝါဒကိုသာကစ္စည်းကျမ်းက လက်ခံပါသည်။

---

၂။ ရှေ့ဝါကျ၌ ဘဂဝါ အာမန္တေသိ ဟူ၍ ဆိုပြီးသောကြောင့် ဘဂဝတော ပစ္စဿောသုံနောက်ဝါကျ၌ ဘဂဝတောဟူသော သာမိဝိဘတျန္တပုဒ်သည် ဘုရားရှင်၏ အာမန္တန စကားတော်ကိုပင် သမ္ဗန္ဓီအထူးအနေပြု၏။ ထို့ကြောင့် ဘဂဝတော-၏၊ (အာမန္တနံ -ခေါ်တော်မူသောစကားတော်ကို) ပစ္စဿောသုံ ရှေးရှုနာယူကြကုန်ပြီ၊ (ဝါ)စကားတုန့်ပြန် နာခံကြကုန်ပြီဟုပေး၊ သဒ္ဒါကျမ်းများအလို ဘဂဝတောသည် ပတိပုဗ္ဗ သုဓာတ်နှင့် စပ်ယှဉ်သောကြောင့် သမ္ပဒါန်ဖြစ်သင့်ရကား ဘဂဝတော- အား၊ ပစ္စဿောသုံ- စကားတုန့်ပြန် နာခံကြကုန်ပြီဟုပေးပါ။ (အံ ဋီ)

http://www.dhammadownload.com



ဘာဂဝတောသည် ဘဂဝါ ဘိက္ခူ အာမန္တေသိ 'ဘိက္ခဝေါ'တိ ဟူသောရှေ့ဝါကျ၌ ဘဂဝါဟူ၍ဘိက္ခူဟူသောကံ၏ (ဝါ- အာမန္တေသိကြိယာ၏) ကတ္တားဖြစ်နေ၏။ နောက်ဝါကျ၌ ပစ္စဿောသုံ ဟု ပတိပုဗ္ဗသုဓာတ်နှင့် ယှဉ်နေ၏။ ထို့ကြောင့် ပစ္စာသုဏာအနုပတိဂိဏာပုဗ္ဗကတ္တာ စကားရပ်နှင့် အညီ သမ္ပဒါန်မှည့်ရမည်ဖြစ်၍ ကစ္စည်းကျမ်းက စတုတ္ထီဝိဒကို လက်ခံပါသည်။

**ပစ္စဿောသုံ သည်**

ပတိပုဗ္ဗ သုဓာတ်, အဇ္ဇတနီ ဉုံဝိဘတ် ဖြစ်ပါသည်။

၃။ **"စတုတ္ထဇ္ဈာန သဟဂတံ။ပ။မေတ္တာသဟဂတံ" ၌ စတုတ္ထဇ္ဈာနအရ အတိအကျ တရားကိုယ် ညွှန်ပြပြီးလျှင်၊ ၎င်းနှင့် ယှဉ်နိုင်သမျှသော စိတ်ကိုလည်း ကုန်စင်အောင် ဖော်ပြပါ။**

ဖြေ - **စတုတ္ထဇ္ဈာန အရ** - (ပဉ္စကနည်းအားဖြင့်) ပဉ္စမဈာန် (စတုက္ကနည်းအားဖြင့်) စတုတ္ထဈာန်၌ရှိသော ဥပေက္ခာ စေတသိက် ဖြစ်ပါသည်။

**၎င်းနှင့် ယှဉ်နိုင်သမျှ စိတ်များ** - ရူပါဝစရကုသိုလ် ကြိယာ ပဉ္စမဈာန်၊ အရူပကုသိုလ် ကြိယာစိတ် တို့ဖြစ်ပါသည်။

၄။ **"ယေန အနုပ္ပန္နော ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ" ၌ ကာမစ္ဆန္ဒ နှင့် ယှဉ်သော စိတ်ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထု တို့ဖြင့် ဝေဘန်ခဲ့ပါ။**

---

၃။ စတုက္က ပဉ္စကဈာန်နှင့် ဆိုင်ရာမှတ်ဖွယ် အပြည့်အစုံကို သင်္ဂြိုဟ်ဘာသာဋီ၊ ၁၆၈–၉ တို့၌ ရှုပါ။

http://www.dhammadownload.com



ဖြေ - ကာမစ္ဆန္ဒအရ - လောဘဖြစ်၍ -
ရှင်းနှင့်ယှဉ်သော စိတ် - လောဘမူစိတ် (၈)ပါးတည်း
ဝေဒနာ စသည် - (၂၅ - ခုနှစ် ၊ ဝိနည်းအဖြေ၌ ပါပြီး)

## ၁၃၁၈ - ခုနှစ် အင်္ဂတိုင်ရ

၁။ "မဟာတော အတ္တာယ သံဝတ္တတိ"ဝယ် မဟာတော- ၌ လိင်, ဂိုဏ်း, ကာရန် ညွှန်ပြ၍၊ ကာရကသညာသုတ် ကိုလည်း ရေးခဲ့ပါ။

ဖြေ - မဟာတော သည် - ပုံလိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊
အ ကာရန် (ရှု) နိဂ္ဂဟိတန္တကာရန်၊ (နိတိ)
ကာရကသညာသုတ် - သိလာဃဟာန္ဒြေဘသပဓာရပိဟာကုဓ
ဒုဟိသေဿာသူယရာမိကြုပစ္စာသုဏအနုပတိဂိဏပုဗ္ဗကတ္တာ
ရောစနတ္ထတဒတ္ထတုမတ္ထာလမတ္ထမညာနာဒရပ္ပါဏီနိဂတျတ္ထ
ကမ္မနိအာသီသတ္ထသမ္မုတိဘိယျသတ္တမျတ္ထေသုစ သုတ်

၂။ "စေတော ပရိစ္စ" ဝယ် ဒစေတောကို နာမ်ရုပ်ကျဉ်းတွက်၍၊ အန္တရဓာပေန္တိ, ပဒဟာတိ တို့၌လည်း ဓာတ်, ဝိဘတ်, ဝေဖန်ခဲ့ပါ။

ဖြေ - စေတော နာမ်ရုပ်ကျဉ်း - စေတောကို စေတတည်၊
ဒုတိယာဧကဝုစ်အံဝိဘတ်သက်၊ သဿစောသုတ်၌စသဒ္ဒါ
ဖြင့် အံဝိဘတ်ကို ဩပြု၊ တခွင်း၊ ချေ၊ ကပ်၊ စေတောပြီး၏။

အန္တရဓာပေန္တိ သည် - အန္တရသဒ္ဒူပပဒ ဓာဓာတ်၊ အန္တိ ဝိဘတ်။
ပဒဟာတိ သည် - ပပုဗ္ဗ ဓာဓာတ်၊ တိဝိဘတ် ဖြစ်ပါသည်။

http://www.dhammadownload.com



၃။ မဟဂ္ဂတာအရ တရားကိုပြ၍၊ ယင်းတရားကို ဟိတ်, ကိစ္စ, ဋ္ဌါရ, အာရုံ, ဝတ္ထုအားဖြင့် ဝေဘန်ခဲ့ပါ။

ဖြေ - မဟဂ္ဂတာ အရ - လောဘမူစိတ် (၈)ပါး၌ရှိသော လောဘ ဖြစ်ပါသည်။

ဟိတ် - ဒွိဟိတ်၊ (လောဘ, မောဟ) ကိစ္စ - ဇောကိစ္စ၊
ဋ္ဌါရ - (၆)ဋ္ဌါရ၊ အာရုံ - လောကုတ္တရာကြဉ်အလုံးစုံအာရုံ၊
ဝတ္ထု -ဟဒယဝတ္ထု (ရုံခါမှီ ရုံခါမမှီ)။

၄။ "ဝိဠ္ဌသမ္ပယုတ္တော"၌ ဝိဠ္ဌအရတရားကိုယ်ပြ၍၊ ယင်းတရားကို သမ္ပယုတ်, ဇာတ်, ဘုံ, အာရုံ အားဖြင့် ဝေဘန်ခဲ့ပါ။

ဖြေ - ဝိဠ္ဌအရ - သောတာပတ္တိမဂ်၌ရှိသောပညာဖြစ်သည်။
ယင်းသည် - သမ္ပယုတ်အားဖြင့် -
သောတာပတ္တိမဂ်၊ထို၌ယှဉ်သော အညသမာန်းစေတသိက် (၁၃)ပါး၊ အပ္ပမညာ,အရင်းခံပညာကြဉ် သောဘနစေတ သိက် (၂၂)ပါး၊ ပေါင်း (၃၅)ပါး။
ဇာတ်အားဖြင့်- ကုသိုလ်ဇာတ်၊
ဘုံအားဖြင့် - လောကုတ္တရာ (အဝတ္ထာ)ဘုံ၊
အာရုံအားဖြင့် - နိဗ္ဗာန်အာရုံ ဖြစ်ပါသည်။

## ၁၃၁၉ - ခုနစ် အငိုက္ကိုရ်

၁။ "အညတရော ဖြပဟ္ဂဏော ယေန ဘဂဝါ တေနုပသင်္ကမိ"၌

---

၃။ လောဘစေတသိက်ကိုယူ၍ ဧကဟိတ် (မောဟ) ဟုသော်လည်း ဖြေပါ။

http://www.dhammadownload.com



ယေနရှိ တတိယာဝိဘတ်၏ သက်သင့်သော အနက်တို့ကို ဖော်ပြ၍၊ အောက်ပါပုဒ်တို့ကို ဖြစ်သင့်သလို ပုဒ်ဖြတ်ခဲ့ပါ။

(က) သဘာဂ္ဂတော (ခ) အနဝယော (ဂ) တသ္မေတံ (ဃ) နိရာသော။

ဖြေ - ယေန ၌ တတိယာဝိဘတ်သည် -

သတ္တမီအနက်, ဟိတ်အနက် တို့ဖြစ်ပါသည်။

(က) သဘာဂ္ဂတော - သဘာ+ဂတော

(ခ) အနဝယော - န+အ+ဝယော (တနည်း)အနု+အဝယော

(ဂ) တသ္မေတံ - တသ္မိံ+ဧတံ (ဃ) နိရာသော - နိ+အာသော

၂။ "စိတ္တေ ရက္ခိတေ ကာယကမ္မမ္ပိ ရက္ခိတံ ဟောတိ" ၌ လက္ခဏ, လက္ခဏဝန္တ, လက္ခ, လက္ခဝန္တ တို့ကို ခွဲဝေပြီးလျှင်၊ ကာယကမ္မမ္ပိကို နှစ်မျိုး ယောဇနာကြရာ နှလုံးသွင်း မည်သို့ ခြားနားပါသနည်း။

ဖြေ - ရက္ခိတေ သည် - လက္ခဏ၊ စိတ္တေသည် - လက္ခဏဝန္တ၊ ရက္ခိတံ ဟောတိ သည် - လက္ခ၊ ကာယကမ္မမ္ပိ သည် - လက္ခဝန္တ

ကာယကမ္မမ္ပိသည်- "ကို" ဟု ပေးရာ၌ ရက္ခိတံ ဟူသော ကံဟော ကိတ် ကြိယာ၏ ဝုတ္တကံအဖြစ် နှလုံးသွင်းပါသည်။ "သည်" ဟူ၍ပေးရာ၌ ဟောတိဟူသော အာချာတ်ကြိယာ၏ ဝုတ္တ ကတ္တားအဖြစ် နှလုံးသွင်းပါသည်။

၃။ "နတ္ထိ လောကေ ရဟော နာမ၊ ပါပကမ္မံ ပကုဗ္ဗတော"၌ ပါပကမ္မံအရ တိကျစွာ ကောက်ပြီးလျှင်၊ ထိုပါပကမ္မ၏အကျိုး

---

၂။ (နိယံ) ကံဟောမှန်ဘိ, ကိတ်ကြိယာ, နောက်မှာတစ်ပါး, အာချာတ် သွားက, ယင်းကံ ၎င်းကတ္တားတည်း။

http://www.dhammadownload.com



**ဝိပါက်ကိုလည်း ဘုံအားဖြင့် ဝေဖန်ပြပါ။**

ဖြေ - ပါပကမ္မအရ - အကုသိုလ်စိတ် (၁၂)ပါး၌ ရှိသော စေတနာ
ထိုပါပကမ္မသည် - (ပဋိသန္ဓေအခါ) အဟိတ်အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဟူသောအကျိုးကို အပါယ်လေးဘုံ၌ရင်း၊ (ပဝတ္တိအခါ) အကုသလဝိပါက်စိတ် (၇)ပါးဟူသော အကျိုးကို ကာမ(၁၁)ဘုံ၊ အသညသတ်ကြဉ် ရူပ (၁၅)ဘုံတို့၌ ရင်း ထိုက်သည့်အားလျော်စွာ အကျိုးပေးပါသည်။
(ဋ္ဌောကုသလကမ္မစသောဝီထိမုတ်ပိုင်း သင်္ဂဟအရ ဖြေသည်)

တစ်နည်း - ပါပကမ္မ၏ အကျိုးဖြစ်သောအကုသလဝိပါက်စိတ် တို့သည် ကာမဘုံဖြစ်ပါသည်(ဘူမိဘေဒပြဂါထာအရဖြေသည်)

၄။ **"ဝိဝိစ္စေဝ ကာမေဟိ"၌ ပါဝင်သော ကာမ, ကာမနှင့် သမ္ပယုတ်ဖြစ်သော တရားစုကို ဖော်ပြ၍ ဝတ္ထုကာမကို အာရုံပြုနိုင်သော စိတ်တို့ကိုလည်း ကိစ္စသင်္ဂဟအားဖြင့် ခွဲဝေပြခဲ့ပါ။**

ဖြေ - ပါဝင်သော ကာမ - ကိလေသာကာမ၊
(တစ်နည်း) ဝတ္ထုကာမ, ကိလေသာကာမတို့ဖြစ်ပါသည်။

ကာမနှင့် သမ္ပယုတ်ဖြစ်သော တရားစု -
လောဘမူစိတ် (၈)ပါး၊ ထို၌ယှဉ်သောအညသမာန်း စေတသိက် (၁၃)ပါး၊ သဗ္ဗာကုသလသာဓာရဏစေတသိက်(၄)ပါး၊ (အရင်းခံ လောဘကြဉ်) ဒိဋ္ဌိ မာန ထိန မိဒ္ဓ ပေါင်း (၂၁)ပါး ဖြစ်ပါသည်။

ဝတ္ထုကာမ (မနာပိယအာရုံငါးပါး) ကို အာရုံပြုနိုင်သော စိတ် တို့ကို ကိစ္စသင်္ဂဟဖြင့် ခွဲခြားပုံ - - -

http://www.dhammadownload.com



စက္ခုဝိညာဉ်ဒွေးသည် ဒဿနကိစ္စ၊ သောတဝိညာဉ်ဒွေးသည် သဝနကိစ္စ၊ ဃာနဝိညာဉ်ဒွေးသည် ဃာယနကိစ္စ၊ ဇိဝှါဝိညာဉ်ဒွေးသည် သာယနကိစ္စ၊ ကာယဝိညာဉ်ဒွေးသည် ဖုသနကိစ္စ၊ ပဉ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စ၊ သမ္ပဋိစ္ဆိုင်းဒွေးသည် သမ္ပဋိစ္ဆနကိစ္စ၊ ဥပေက္ခာသန္တီရဏ ၂-ပါးသည် ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ, သန္တီရဏ (၅)ကိစ္စ၊ မဟာဝိပါက်စိတ် (၈)ပါးသည် ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ (၄)ကိစ္စ၊ သောမနဿသန္တီရဏသည် သန္တီရဏ, တဒါရုံ (၂)ကိစ္စ၊ ဝုဋ္ဌောသည် ဝုဋ္ဌော, အာဝဇ္ဇန်း (၂)ကိစ္စ၊ ကာမဇော အဘိညာဉ်ဒွေးတို့သည် ဇောကိစ္စတို့ ဖြစ်ပါသည်။

## ၁၃၂၀ - ခုနစ် အင်္ဂတ္တိုရ်

၁။ "ယံ ဣတ္ထိ အရဟံ အဿ သမ္မာသမ္ဗုဒ္ဓေါ"၌ ဣတ္ထိကို သန္ဓိရုပ်ကျဉ်းတွက်ပြီး၊ အရဟံကို နာမပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - ဣတ္ထိ သန္ဓိရုပ်ကျဉ်း -

ဣတ္ထီကို ဣတ္ထိဟုတည်၊ သရေကွစိသုတ်ဖြင့်အရဟံ၌ အသရ ကြောင့် ထ္ထိ၌ ဤကို (ဣတ္ထိ အရဟံ တို့သည် သမာသ်ပုဒ်

---

၄။ ကာမအရ ပါရာဇိကဏ်အဋ္ဌကထာအရဖြစ်သည်။ ဝတ္ထုကာမကို အာရုံပြုနိုင်သောစိတ်တို့မှာ "ဝိပါက်မဟာ, ပဉ္စဒွါရာ, ဝဇ္ဇနာတည့်, ဟသိတုပ္ပ, ပဉ္စဝိသံ, ကာမမှန်, ဇကန်အာရုံပြု၊ ဟသိကြဉ်သော, ကာမဇော,ဝုဋ္ဌောဘိညာစ ရုံတစ်ခါတုံကာမစုံ, အာရုံသူတို့ပြု" (အခြေပြုသင်္ဂြိုဟ်)အရ ကာမဝိပါက် စသောတရားများသည် ဝတ္ထုကာမကိုအာရုံပြုနိုင်ကြသောစိတ်များ ဖြစ်ကြ သည်။ ထို့ကြောင့်ရင်းစိတ်တို့ကိုကိစ္စသင်္ဂဟဖြင့် ခွဲဝေဖြေဆိုရသည်။

http://www.dhammadownload.com



မဟုတ်မူ၍ ဣတ္ထိဟု ပုဒ်အဆုံး၌ ဒီဃရှိခြင်းတို့ကြောင့်)
ဤဟု ပကတိပြု ဣတ္ထိ (အရဟံ) ပြီး၏။
(ဤကား ဣတ္ထိကိုသန္ဓိရုပ်တွက်ပါဟု သာမညမေးသောပုစ္ဆာကို ဣတ္ထိ
အရဟံကို ရုပ်တွက်ခိုင်းသည်ဟု ဝိသေသယူ၍ ဖြေသည်)
(တစ်နည်း) ဣတ္ထိကို ထိဟုတည်၊ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် ရှေ့၌
ဣအက္ခရာ, တအက္ခရာတို့လာ၊ ဣတ္ထိပြီး၏။ (နီတိဓာတု)

**အရဟံ - နာမပဒမာလာ**

| | | |
|---|---|---|
| ပ - | အရဟံ, အရဟန္တော, အရဟာ | အရဟန္တာ, အရဟန္တော |
| အာ | ဘောအရဟံ, အရဟ, အရဟာ | ဘောန္တော အရဟန္တာ, အရဟန္တော |
| ဒု - | အရဟံ, အရဟန္တံ | အရဟန္တေ |

(စသည်ဖြင့် ၂၆-ခုနှစ်၊ ဝိနည်းအဖြေ၌ပါသော ပဋိသင်္ခါက္ခ
တော နည်းတူ ဂစ္ဆန္တာဒိဂိုဏ်းဖြင့် စဉ်ရမည်)

---

၁။ ဣတ္ထီသန္ဓိရုပ် ဒုတိယနည်း၌ ဣတ္ထိကိုသာ (အရဟံ တွဲဖက်ပုဒ် မပါဘဲ) ရုပ်တွက်ခိုင်းသည်ဟုယူဆ၍ ဖြေသည်။ ဣတ္ထိသည် ဣသု+တ+ဤ (ဓာန်ငြိ) ဣသာ ထိ မောဂ်သုတ်အရ ဣသ+ထိ တို့ဖြင့် ပြီးရကား ဣသ+တိ၊ ဣသ+ထိ ဟုကြံကြံ ဖန်ဖန်ယူ၍ ပုဒ်ဖြတ်လျှင်လည်း ဖြစ်နိုင်သကဲ့သို့ရှိ၏။ သို့သော် မကောင်းပါ၊ မှန်၏ ကိတ်ပိုင်းလာသုတ်တို့ဖြင့် တိုက်ရိုက်ပြီးနိုင်လျှင် ထိုသုတ် တို့ဖြင့်သာပြီးစေရမည်၊ သန္ဓိပိုင်းလာသုတ်တို့ဖြင့် ပြီးအောင် စီရင်ဖွယ် မလိုပါ။

အရဟံရုပ်စဉ်၌ ပဏ္ဍတ္တိဝါစက(အမည်ဟော)အတွက် ဖြစ်၏ဟု နီတိဆို၏။ ယံ ဣတ္ထိ အရဟံ၌ အရဟံကားဂုဏဝါစက (ဂုဏ်ဟော) ဖြစ်သောကြောင့် အရဟံ အရဟန္တော ဘော အရဟန္တ ဘောန္တော အရဟန္တော စသည်ဖြင့် စဉ်ရမည်ဟုဆို၏၊ မောဂ်၌ ပဏ္ဍတ္တိဝါစက ဂုဏ ဝါစကဟု မခွဲခြားမူ၍ ပုံလိင် အရဟန္တသဒ္ဒါ မှန်သမျှ အထက်ပါအတိုင်း စဉ်ရမည်ဟု ဆို၏။

http://www.dhammadownload.com



၂။ "နာဟံ ဘိက္ခဝေ အညံ့ ဧကဓမ္မမ္ပိ သမနုပဿာမိ" ၌ အည၏ အပါဒါန်ကို ဖော်ပြ၍၊ သမနုပဿာမိ ဝယ် ခါတ်သက်သက်ကို (တိ-အန္တိ)နှစ်လုံးဖြင့်သာ ကတ္တုရုပ် အာချာတ ပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - အည၏ အပါဒါန် - ဣတ္ထိသဒ္ဒတော ဖြစ်ပါသည်။
သမနုပဿာမိ ၌ ဓာတ်သက်သက်ယူ၍ စဉ်ပုံ -
(တိ) ပဿတိ, ပဿေ, ဒက္ခတိ, ဒက္ခေ, ဒိဿတိ, ဒိဿေ၊
(အန္တိ) ပဿန္တိ, ပဿရေ, ဒက္ခန္တိ, ဒက္ခရေ, ဒိဿန္တိ, ဒိဿရေ ဖြစ်ပါသည် ။

၃။ "ယံ ပုထုဇ္ဇနော ပိတရံ ဇီဝိတာ ဝေါရောပေယျ" ၌ ဝေါရောပေယျ အရ တရားကိုယ်ကောက်ပြ၍၊ ၎င်းတရားနှင့် သမ္ပယုတ်ဖြစ်သော တရားများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ - ဝေါရောပေယျအရ - ဝဓကစေတနာပြဋ္ဌာန်းသောဒေါသမူ ဒွေး ဖြစ်ပါသည်။
သမ္ပယုတ်ဖြစ်သော တရားများ - ပီတိကြဉ်အညသမာန်း စေတသိက် (၁၂)ပါး၊ သဗ္ဗာကုသလ သာဓာရဏ စေတသိက် (၄)ပါး၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ ပေါင်း (၂၂)ပါး ဖြစ်ပါသည်။

---

၂။ ဒိဿတိ သည် ရူပသိဒ္ဓိအလို ကမ္မရုပ်တည်း၊ ကတ္တုရုပ်မဟုတ်၊ နီတိ၌ကား ကတ္တုရုပ်ဟု ဆို၏၊ ထို့ကြောင့် ဒိဿတိသည် ကတ္တုရုပ်ဟု ပုစ္ဆာဝယ် ထည့်သုံးထား၍ ရူအလို ထည့်မစဉ်ရ၊ နီတိအလို ထည့်စဉ်ရမည်။

http://www.dhammadownload.com



၄။ "အာယသ္မာ သာရိပုတ္တော (လ) ဒေသေတိ ဗဟိဒ္ဓါ သံယောဇနဥ္စ၊ ဟဋ္ဌာ ဘန္တေ ပရိသာ" ၌ ဟဋ္ဌာအရ တရား ကိုယ်ကောက်ပြ၍၊ ယင်းတရားကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ တို့ဖြင့် ဝေဖန်ခဲ့ပါ။

ဖြေ - ဟဋ္ဌာအရ - ပီတိသောမနဿ ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာသောမနဿသဟဂုတ်စိတ်၊

ဝေဒနာ သောမနဿဝေဒနာ၊

ဟိတ် - ဉာဏဝိပ္ပယုတ်သည် ဒွိဟိတ် (အလောဘ, အဒေါသ) ဉာဏသမ္ပယုတ်သည်တိဟိတ်(အလောဘ,အဒေါသ,အမောဟ)

ကိစ္စ - ဇောကိစ္စ၊ ဒွါရ - (၆)ဒွါရ၊

အာရုံ - ဉာဏဝိပ္ပယုတ်သည် လောကုတ္တရာကြဉ်အလုံးစုံအာရုံ၊ မဟာကုသိုလ်ဉာဏသမ္ပယုတ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ၊
မဟာကြိယာဉာဏသမ္ပယုတ်သည် အလုံးစုံအာရုံ၊

## ၁၃၂၁ - ခုနစ် အင်္ဂုတ္တိုရ်

၁။ "မာ အာကာရပရိဝိတက္ကေန, မာ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ" ၌ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာကို ဖြစ်သင့်သမျှ သန္ဓိရုပ်တွက်ခဲ့ပါ။

ဖြေ - ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ သန္ဓိရုပ် - ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ ကို ဒိဋ္ဌိနိ+ဈာန+ခန္တိယာဟု ပုဒ်ဖြတ်၊ ဝဂ္ဂေယောသာယောသာနံ တတိယပဌမာသုတ်ဖြင့် ဈ၏ အသဒိသဒွေဘော် ဇ်လာ၊ ခ၏ အသဒိသဒွေဘော် က် လာ၊ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာပြီး၏။

http://www.dhammadownload.com



(တစ်နည်း) ဒိဋ္ဌိနိ+ဈာန်+ခန္တိယာဟု ပုဒ်ဖြတ်၊ ဗျဉ္စနေစသုတ်ဖြင့် နအထက်၌ရှိသော နိဂ္ဂဟိတ်ကိုချေ၊ ဝဂ္ဂေယောသာယောသာန် တတိယာပထမာသုတ်ဖြင့် ဈ, ခတို့၏ အသဒိသဒွေဘော်ဇ်, က်လာ၊ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာပြီး၏။

၂။ "နာဟံ ကွစနိ ကဿစိ ကိဉ္စနတသ္မိံ၊ န စ မမ ကွစနိ ကတ္ထစိ ကိဉ္စနတတ္ထိ" ၌ ကတ္ထစိ၏ဝိဘတ်နက်ကိုဖော်ထုတ်၍၊ ကဿစိကို ဧကဝုစ်ဝိဘတ်များဖြင့် နာမပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - ကတ္ထစိ၏ ဝိဘတ်နက် - သတ္တမီအနက်ဖြစ်ပါသည်။

ကဿစိ ဧကဝုစ်ဝိဘတ်တို့ဖြင့် နာမပဒမာလာ

ပ - ကောစိ ဒု - ကံစိ တ - ကေနစိ

စ - ကဿစိ မီ - ကသ္မာစိ ဆ - ကဿစိ

သ - ကသ္မိံစိ, ကိသ္မိံစိ ဖြစ်ပါသည်။

၃။ စိတ္တံ ဘိက္ခဝေ ဘာဝိတံ ဗဟုလီကတံ မုဒုစ ဟောတိ ကမ္မညဉ္စ ဟောတိ"၌ တကယ်နူးညံ့၍ လိုသလိုပြုလွယ်သော စိတ်ကို ယှဉ်ရာစေတသိက်နှင့်တကွ ဖော်ပြပါ။

ဖြေ - နူးညံ့၍ ပြုလွယ်သောစိတ် -

သမထဝိပဿနာစိတ် (ရူပကုသိုလ်ဈာန် -၄-ပါး၊ အရူပကုသိုလ်ဈာန် - ၄ -ပါး ဟူသောသမာပတ် (၈)ပါးနှင့် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါး) ဖြစ်ပါသည်။

ယှဉ်ရာစေတသိက် - အညသမာန်းစေတသိက် (၁၃)ပါး၊ သောဘနစေတသိက် (၂၅)ပါး၊ ပေါင်း (၃၈)ပါး ဖြစ်ပါသည်။

(တစ်နည်း) နူးညံ့၍ ပြုလွယ်သောစိတ် - (စတုက္ကနည်းအားဖြင့်) အဘိညာပါဒက စတုတ္ထဈာန်၊ (ပဉ္စကနည်းအားဖြင့်)

http://www.dhammadownload.com



အဘိညာပါဒက ပဥ္စမဈာန်စိတ် ဖြစ်ပါသည်။

ယှဉ်ရာစေတသိက် - ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်း စေတသိက် (၁၀)ပါး၊ ဝိရတီ, အပ္ပမညာကြဉ် သောဘန စေတသိက် (၂၀)ပေါင်း (၃၀)ဖြစ်ပါသည်။

၄။ "အပါယ်တစ်လမ်းသွား မိန်းမများ၌ ဖြစ်လေ့ရှိသော တရားသုံးပါးကို ဖော်ပြ၍၊ နံနက်အခါ၌ဖြစ်သော တရားနှင့် ယှဉ်သောစိတ်ကို ပကိဏ်း (၆)ပိုင်းတွင် သွင်းပြပါ။

ဖြေ - မိန်းမများ၌ ဖြစ်လေ့ရှိသော တရားသုံးပါး -
(၁) မစ္ဆရိယ (၂) ကုက္ကုစ္စ (၃) ရာဂ (လောဘ) ဖြစ်ပါသည်။
ဝေဒနာ ဒေါမနဿဝေဒနာ၊ ဟိတ် - ဒွိဟိတ် (ဒေါသ, မောဟ)၊
ကိစ္စ - ဇောကိစ္စ၊ ဒွါရ - (၆)ဒွါရ၊
အာရုံ - လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊
ဝတ္ထု -ဟဒယဝတ္ထု (အမြဲမှီ) ဖြစ်ပါသည်။

## ၁၃၂ - ခုနစ် အင်္ဂုတ္တိုရ်

၁။ "တဥ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ၊ တံ အဿုတဝါ ပုထုဇ္ဇနော ယထာဘူတံ နပ္ပဇာနာတိ" ဝယ် ဥပက္ကိလိဋ္ဌံ - ပုဒ်၌ ဝိဘတ်, အနက်, သက်သုတ်ကို ညွှန်ပြ၍၊ ပုထုဇ္ဇနောကို သန္ဓိရှုပ်တွက်ခဲ့ပါ။

ဖြေ - ဥပက္ကိလိဋ္ဌံ သည် - ပထမာဧကဝုစ် သိဝိဘတ်, လိင်အနက်, လိင်တ္ထေ ပထမာသုတ် ဖြစ်ပါသည်။

ပုထုဇ္ဇနော သန္ဓိရှုပ် - ပုထုဇ္ဇနောကို ပုထ+ဇနော ဟုပုဒ်ဖြတ်၊

http://www.dhammadownload.com



ပုဗ္ဗမစောဋ္ဌိတ မသာရုံသရေနု ဝိယောဇယေ - သုတ်ဖြင့် အသရမှ ထိဗျည်းကိုခွင်း၍ ရှေ့ဟူသော အောက်အစဉ်၌ အစဉ် မပြတ်ထား၊ ပုထသုဗျဥ္ဇနေ - သုတ်ဖြင့် နောက်ဇ, ဗျည်းကြောင့် ရှေ့ထ၏ အကို ဥပြု၊ ပရဒွေဘာဝေါဌာနေ သုတ်ဖြင့် ဇ၏ သဒိသဒွေဘော် ဇ်လာ ပုထုဇ္ဇနော ပြီး၏။

၂။ (၁) နံပါတ် ပုစ္ဆာဝယ် "တံ အသုတဝါ"၌ တံဟူသော ပုဒ်ကို ပုဒ်တွင်ထင်သောလိင်အတိုင်း ပ-ဒု ဝိဘတ် နှစ်မျိုးဖြင့် ကာရိယစုံစွာ နာမပဒမာလာစဉ်ပြီးလျှင်၊ "အသုတဝါ" ဟူသောပုဒ်ကိုလည်းအထောက်ပြ၍ လိင်,ဂိုဏ်း ဆုံးဖြတ်ခဲ့ပါ။

ဖြေ -တံပုဒ်သည် ဘဝင်စိတ်ကို စွဲယူရ၍ နပုံလိင်ထင်ရှားပါသည်။

ထို့ကြောင့် - ပ - နံ, တံ နာနိ, တာနိ

ဒု - နံ, တံ နာနိ, တာနိ

အသုတဝါ - ပုဒ်သည် - ပုထုဇ္ဇနောဟူသော သဒ္ဒန္တရိတ်ပုဒ်ကို ထောက်၍ ပုံလိင်, ဂုဏဝါဒိဂိုဏ်း ဖြစ်ပါသည်။

၃။ "ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ" ၌ စိတ္တံအရ တိကျစွာ ကောက်ပြီးလျှင်၊ ၎င်းတွင် စေတသိက် အများဆုံး ယှဉ်နိုင်သော စိတ်ကိုလည်း ယှဉ်ဖက်စေတသိက်များနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ - စိတ္တံအရ - ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၂)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ပါး၊ ပေါင်း (၁၉)ပါးဖြစ်ပါသည်။

၎င်းတွင် စေတသိက်အများဆုံး ယှဉ်နိုင်သောစိတ်မှာ မဟဂ္ဂုတ်ဝိပါက် ပထမဈာန်စိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



ယှဉ်ဖက်စေတသိက်များ - အညသမာန်းစေတသိက် (၁၃)ပါး
ဝိရတီကြဉ်သောဘာနစေတသိက် (၂၂)ပါး၊ ပေါင်း(၃၅)ပါး။

၄။ (၃)နံပါတ်လာ စိတ္တုံ့ပဟူသော ပုဒ်အရ စိတ်ကို ကိစ္စသင်္ဂဟ ဒွါရသင်္ဂဟ နှစ်ပါးဖြင့် ကျနစွာ ဝေဖန်ခဲ့ပါ။

ဖြေ - စိတ္တုံ့အရ - ဘဝင်စိတ် (၁၉)ပါးဖြစ်၍ -
ကိစ္စအားဖြင့် - ဥပေက္ခာသန္တီရဏ (၂)ပါးသည် ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ, သန္တီရဏ (၅)ကိစ္စ၊
မဟာဝိပါက်စိတ်(၈) ပါးသည် ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ (၄)ကိစ္စ
မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ပါးသည် ပဋိသန္ဓေ, ဘဝင်, စုတိ (၃)ကိစ္စ၊
ဤ၌ ထိုစိတ်အားလုံးသည် ဘဝင်ကိစ္စသာ တပ်ပါသည်။
ဒွါရ အားဖြင့် - ဥပေက္ခာသန္တီရဏ (၂)ပါး၊ မဟာဝိပါက်စိတ် (၈)ပါးတို့သည် ရုံခါ (၆)ဒွါရ ရုံခါဒွါရဝိမုတ်၊ မဟဂ္ဂုတ် ဝိပါက်စိတ် (၉)ပါးသည် ဧကန်ဒွါရဝိမုတ်၊ ဤနေရာ၌ ထိုစိတ်အားလုံးသည် ဧကန်ဒွါရ ဝိမုတ်ဖြစ်သည်။

## ၁၃၂၃ - ခုနစ် အင်္ဂုတ္တိုရ်

၁။ "ဘဝိဿန္တိ ဓမ္မာ အညာတာရော" ၌ ဓမ္မာနောင် သက်သော သုတ်ကိုညွှန်ပြ၍၊ အညာတာရော ပုဒ်ကို လိင်, ဂိုဏ်း, ကာရန်တို့ဖြင့် ဝေဖန်ခဲ့ပါ။

ဖြေ - ဓမ္မာနောင် - ဒုတိယာပဥ္စမိနဥ္စသုတ်ဖြင့် သက်ပါသည်။

http://www.dhammadownload.com



အညာတာရောသည် -- ပုံလိုင် သတ္တာဒိဂိုဏ်း ဥကာရန္တ ပကတိရှိသော အာကာရန် ဖြစ်ပါသည်။

၂။ "အညာဝိမောက္ခံ ပမြူမိ၊ အဝိဇ္ဇာယ ပဘေဒနံ" ဝယ် အဝိဇ္ဇာယ၌ ဓာတ်ကိုယူ၍ (တိ-အန္တိ) ဝိဘတ်ဖြင့် ကတ္တုရုပ် ဂိုဏ်းစုံ အာချာတပဒမာလာစဉ်ခဲ့ပါ။

ဖြေ - အဝိဇ္ဇာယ၌ ဝိဒဓာတ်ဖြစ်၍ -
(တိ) ဝိဒတိ(ဘူ) ဝိဇ္ဇတိ(ဒိ) ဝိန္ဒတိ(ရု) ဝေဒေတိ,ဝေဒယတိ(စု)
(အန္တိ) ဝိဒန္တိ, ဝိဒူ၊ ဝိဇ္ဇန္တိ, ဝိန္ဒန္တိ၊ ဝေဒေန္တိ ဝေဒယန္တိ စသည်ဖြင့် စဉ်ရပါမည်။

၃။ နံပါတ် (၂)ပုစ္ဆာ၌ အညာဝိမောက္ခံအရ ပရမတ္ထသဘာဝ ကောက်ပြ၍၊ ၎င်းတရား၏အာရမ္မဏိကကိုလည်းညွှန်ပြခဲ့ပါ။

ဖြေ - အညာဝိမောက္ခံ အရ - အရဟတ္တဖိုလ် ဖြစ်ပါသည်။
၎င်းတရား၏ အာရမ္မဏိက - (၂၁ -ခု ၊ ဝိနည်းအဖြေ၌ ပါပြီး)

၄။ "ဥပ္ပန္နာ ဝါ ကုသလာဓမ္မာ ပရိဟာယန္တိ"၌ ကုသလာ ဓမ္မာ ပုဒ်အရကို တိကျစွာ ကောက်ပြ၍၊ ဟေတု, ကိစ္စ, ဒွါရ တို့ဖြင့် ဝေဖန်ခဲ့ပါ။

ဖြေ - ကုသလာဓမ္မာပုဒ်အရ- လောကီကုသိုလ်(၁၇)ပါး၊ (အံ-ဋ္ဌ) (တစ်နည်း) မဟာကုသိုလ်ဉာဏသမ္ပယုတ် (၄)ပါး၊ မဟဂ္ဂုတ်ကုသိုလ် (၉)ပါး၊ ပေါင်းတိဟိတ်ကုသိုလ်(၁၃)ပါး၊ (အံ-ဌ) ဖြစ်ပါသည်။

---

၂။ ပြေ့, ရေပြုသော ရုပ်များလည်း ထည့်စဉ်ရမည်၊ အဝိဇ္ဇာသည် ဝိဒဓာတ် အပြင် ဇု, ဒလ, ဝိဓ, ကရဓာတ်များလည်း ရနိုင်သေးသည်။

http://www.dhammadownload.com



ဟေတု - မဟာကုသိုလ်ဉာဏ၀ိပ္ပယုတ်သည် ဒွိဟိတ် (အလောဘ, အဒေါသ)၊ ကြွင်းသော လောကီကုသိုလ်သည် တိဟိတ် (အလောဘ, အဒေါသ, အမောဟ)၊

ကိစ္စ - ဇောကိစ္စ၊ ဒွါရ - မဟာကုသိုလ်သည် (၆)ဒွါရ၊ ကြွင်းသောမဟဂ္ဂုတ်ကုသိုလ်သည် မနောဒွါရတို့ဖြစ်ပါသည်။

## ၁၃၂၄ - စုနှစ် အဖိုတ္တိရ

၁။ "ရက္ခိတံ သံဝုတံ မဟတော အတ္တာယ သံဝတ္တတိ" ၌ မဟတောနှင့် အတ္တာယကို နာမ်ရုပ်ကျဉ်းတွက်ပြီးလျှင် ၊ မဟတောကို နာမပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - မဟတော နာမ်ရုပ်ကျဉ်း - မဟတောကို မဟန္တတည်၊ စတုတ္ထီကေဝုစ် သဝိဘတ် သက်၊ သေသေသုန္တ၀ သုတ်ဖြင့် န္တကို န္တုကဲ့သို့ ငဲ၊ တောတိတာသသွိံနာသု သုတ်ဖြင့် သဝိဘတ်နှင့်တကွ န္တုကို တောပြု၊ မဟတော ပြီး၏။

အတ္တာယ နာမ်ရုပ်ကျဉ်း -

အတ္တာယကို အတ္ထတည်၊ စတုတ္ထီဧကဝုစ် သဝိဘတ် သက်၊ အာယစတုတ္ထေကဝစနဿတုသုတ်ဖြင့် စတုတ္ထီ ဧကဝုစ် သဝိဘတ်ကို အာယပြု၊ ထ္ထခွင်း၊ ချေ၊ ကပ် အတ္တာယ ပြီး၏။

**မဟတော နာမပဒမာလာ**

| | | |
|---|---|---|
| ပ - | မဟံ, မဟန္တော, မဟာ | မဟန္တာ, မဟန္တော |
| အာ - | ဘော မဟံ, မဟ, မဟာ | ဘောန္တော မဟန္တာ, မဟန္တော |
| ဒု - | မဟံ, မဟန္တံ | မဟန္တေ |

(စသည်ဖြင့် သတ္တမီဝိဘတ်ထိ ဂစ္ဆန္တာဒိဂိုဏ်းဖြင့် စဉ်ရမည်)

E.10.A

http://www.dhammadownload.com



၂။ "အညတရော ဖြဟ္မဏော ယေန ဘဂဝါ တေနုပသင်္ကမိ"၌ ယေန, တေနတို့တွင် အဘယ်အနက်၌ အဘယ်သုတ်ဖြင့် အဘယ်ဝိဘတ် သက်ထားသည်ကို ဖော်ပြပြီးလျှင်၊ "စက္ခု မန္တော ရူပါနိ ဒက္ခန္တိ"၌ ကြိယာပုဒ်ကို ဓာတ်, ပစ္စည်း, ဝိဘတ် ဝေဖန်ခဲ့ပါ။

ဖြေ - ယေန တေန တို့၌ - သတ္တမီအနက်၊ သတ္တမျတ္ထေစသုတ်ဖြင့် (တစ်နည်း) ဟိတ်အနက်၊ ဟေတွတ္ထေစသုတ်ဖြင့် တတိယာ ဧကဝုစ် နာဝိဘတ်သက်ထားပါသည်။

(တစ်နည်း) တေန၌ ဒုတိယာအနက် ကတ္တရိစသုတ်၌ စသဒ္ဒါဖြင့် တတိယာဧကဝုစ်နာဝိဘတ် သက်ထားပါသည်။

ဒက္ခန္တိသည် - ဒိသဓာတ်, အပစ္စည်း, ဿန္တိဝိဘတ် ဖြစ်ပါသည်။

၃။ အမှတ် (၉)ပုစ္ဆာတွင် ပါဝင်သော "ကာမသညာနံ့"ကို အရကောက်၍ ထိုစိတ်နှင့်ယှဉ်သော စေတသိက်တို့ကို ဖော်ပြပြီးလျှင်၊ "အညာ"အရ တရားကိုယ်ကို ပကိဏ်း(၆) ပါးဖြင့် ဝေဖန်ခဲ့ပါ။

နံပါတ် (၉)ပုစ္ဆာ *အောက်ပါဂါထာကို အနက် မှန်မှန် သမ္ဗန်ပါ။*

*ပဟာနံ ကာမသညာနံ, ဒေါမနဿာနစူဘယံ*

*ထိနဿ စ ပနူဒနံ, ကုက္ကုစ္စာနံ နိဝါရဏံ၊*

*ဥပေက္ခာသတိသံသုဒ္ဓံ, ဓမ္မတက္ကပုရေဇဝံ၊*

*အညာဝိမောက္ခံ ပဗြူမိ, အဝိဇ္ဇာယ ပဘေဒနံ။*

ဖြေ - ကာမသညာနံ့အရ သညာဖြင့်ယှဉ်သော လောဘမူစိတ် (၈)ပါး၊ ထိုစိတ်နှင့်ယှဉ်သော စေတသိက် - အညသမာန်းစေတသိက် (၁၃)ပါး၊ သဗ္ဗာကုသလ သာဓာရဏ စေတသိက် (၄)ပါး၊ လောဘ

http://www.dhammadownload.com



ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ ပေါင်း (၂၂)ပါး ဖြစ်ပါသည်။
အညာအရ -အရဟတ္တဖိုလ်စိတ် (တစ်နည်း) အရဟတ္တဖိုလ်ရှိ ပညာ ဝေဒနာစသည် - (၁၈ -ခုနှစ်၊ ဝိနည်းအဖြေ၌ပါပြီး)

၄။ "တံ ဝတ ဘိက္ခု ကဋ္ဌဝိယကတံ အတ္တာနံ အာမဂန္ဓေန အဝဿုတံ မက္ခိကာ နာနုပတိဿန္တိ နာန္ဝဿဝိဿန္တိ" ၌ ထွေးအံဖတ် သားစိမ်းအညှီနံ့နှင့် ယင်ကောင်ခေါ် ကဋ္ဌဝိယ, အာမဂန္ဓ, မက္ခိကာတို့ကို ဘုရားအလိုတော်ကျ ကောက်ပြပါ။

ဖြေ - ကဋ္ဌဝိယ (ထွေးအံဖတ်)အရ -
အဘိဇ္ဈာ (လောဘမူစိတ် '၈'ပါးရှိ လောဘ)
အာမဂန္ဓ (သားစိမ်းအညှီနံ့) အရ - ဗျာပါဒ (ဒေါသမူရှိဒေါသ)
မက္ခိကာ (ယင်ကောင်) အရ - အကုသလဝိတက် (အကုသိုလ်ရှိ ဝိတက်) တို့ ဖြစ်ပါသည်။

## ၁၃၂၅ - ခုနှစ် အဂ္ဂံတ္တိုရ်

၁။ "သုတဝတော အရိယသာဝကဿ စိတ္တဘာဝနာ အတ္ထိ"၌ သုတဝတောပုဒ်ကို နာမ်ရုပ်ကျဉ်းတွက်၍၊ သို့ဝိဘတ်ဖြင့်

---

၃။ ကာမသညာနံ အရ ဒုတိယအဖွင့်အလို လောဘမူ(၈)ပါးရှိ သညာ ဖြစ်သည်၊ ပုစ္ဆာကြည့်၍ သညာပြဋ္ဌာန်းသော လောဘမူစိတ်ဟု ကောက်သည်။ ပထမအဖွင့်အလိုမူ ဝတ္ထုကာမကို အာရုံပြုနိုင်သော အံ-၁၉ ခုအဖြေ မှတ်ချက် ၌ပါသော ကာမဝိပါက် ၂၃-ပါး စသည်တို့၌ရှိသောသညာကိုလည်း ကောက် နိုင်သေးသည်။ ပဟာနံ ကာမ သညာနံစသော ဂါထာသည် အဖွင့်တိကျစွာရှိ၍ မေးခွန်းကောင်းသည်၊ သတိပြု ကြည့်ရှုကြပါ။

http://www.dhammadownload.com



နာမပဒမာလာစဉ်ခဲ့ပြီး အတ္ထိပုဒ်ကို ဓာတ်+ပစ္စည်း ခွဲပြပါ။

ဖြေ - သုတဝတော နာမ်ရုပ်ကျဉ်း - သုတဝတောကို သုတဝန္တု လိင်တည်၊ ဆဋ္ဌီကေဝုစ် သဝိဘတ်သက်၊ (တစ်နည်း) စတုတ္ထီ ကေဝုစ်သဝိဘတ်သက် တောတိတာသဒ္ဒိနာသု သုတ်ဖြင့် သဝိဘတ်နှင့်တကွ န္တုပစ္စည်းကို တောပြု သုတဝတော ပြီး၏။

သို ဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ပုံ ---

သုတဝတိ, သုတဝန္တေသို, သုတဝန္တမှိ, သုတဝန္တေ ဖြစ်ပါသည်။

အတ္ထိသည် - အသဓာတ်, ဘူဝါဒိအပစ္စည်း ဖြစ်ပါသည်

၂။ (၁)နံပါတ်ပါ "စိတ္တဘာဝနာ" အရ တရားကိုယ်နှင့် ၎င်းတရား၏ ကိစ္စ, ဒွါရ, အာရုံ တို့ကို ဝေဖန်ပြပါ။

ဖြေ - စိတ္တဘာဝနာ အရ - စိတ်ကို ဖြစ်ပွားစေတတ်သော (အာဂန္တုကဥပက္ကိလေသတို့မှဘဝင်စိတ်သည်လွတ်မြောက်၏ ဟူသောအနက်အဓိပ္ပါယ်ကို သိစွမ်းနိုင်သော) မဟာကုသိုလ် ဉာဏသမ္ပယုတ် (၄)ပါး၌ ရှိသော ပညာ ဖြစ်ပါသည်။

၎င်းတရားသည် - ကိစ္စ -ဇောကိစ္စ၊ ဒွါရ - (၆)ဒွါရ၊ အာရုံ -အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ ဖြစ်ပါသည်။

---

၁။အချို့ဆရာများအလိုဓာတ်, ပစ္စည်းဟူရာဝယ် "ပကတိလိင်္ဂဓာတွေဝ၊ဝိဘတ္တိ ပစ္စယာပန ပစ္စယော"နှင့်အညီပစ္စည်းအရပစ္စည်းရောဝိဘတ်ပါယူလေ့ ရှိသည်။

၂။ စိတ္တဘာဝနာအရ အံဋ္ဌ-၁/၁၀၃၊ ဝုတ္တမတ္တံယထာသဘာဝတော ဇာနေယျ အဖွင့်ကြည့်၍ဖြေသည်။ အံဋ္ဌနှင့် ထိုထိုအဋ္ဌကထာ၌ စိတ္တဘာဝနာ အဖွင့်များ၌ သမထဘာဝနာ(မဟာကုသိုလ်မဟဂ္ဂုတ်ကုသိုလ်ရှိုဧကဂ္ဂတာ)ဝိပဿနာဘာဝနာ (မဟာကုသိုလ်ဉာဏ်ရှိပညာ) တို့ကိုလည်း ကောက်နိုင် သည် - ဟု ဖွင့်၏။

http://www.dhammadownload.com



## ၁၃၂၆ - ခုနှစ် အဖြေလွှာ

၁။ "ပဋိပဒါ အရိယသစ္စံ" ၌ ပဋိပဒါကို နာမ်ရုပ်ကျဉ်း တွက်ပြပြီးလျှင်၊ ၎င်းကိုပင် သတ္တမီဖြင့်လည်းကောင်း၊ အရိယပုဒ်ကို ဒုတိယာဝိဘတ်ဖြင့်လည်းကောင်း ရုပ်စဉ်ခဲ့ပါ။

ဖြေ - ပဋိပဒါ နာမ်ရုပ်ကျဉ်း - ပဋိပဒါကို ပဋိပဒတည်ဣတ္ထိယမတော အာပစ္စယော သုတ်ဖြင့် အာပစ္စည်းသက်၊ ခွင်း၊ ချေ၊ကပ်၊ တဒ္ဓိတသမာသကိတကာနာမံဝတာဝေတုနာဒီသုစသုတ်၌ စသဒ္ဒါဖြင့် ပဋိပဒါဟူသော ဣတ္ထိပစ္စယန္တသဒ္ဒါကို နာမ်ငဲ့ ပဌမာဧကဝုစ်သိ ဝိဘတ်သက်၊ သေသတော လောပံဂသိပိသုတ်ဖြင့် သိ ကိုချေ၊ ပဋိပဒါ ပြီး၏။

ပဋိပဒါ ပုဒ် သတ္တမီဝိဘတ်ဖြင့် နာမပဒမာလာ -

ပဋိပဒါယ, ပဋိပဒါယံ ပဋိပဒါသု

အရိယပုဒ် ဒုတိယာဝိဘတ်ဖြင့် နာမပဒမာလာ

ပုံလိင်ယှဉ်ခိုက် - အရိယံ အရိယေ

နပုံလိင်ယှဉ်ခိုက် - အရိယံ အရိယေ, အရိယာနိ ဖြစ်ပါသည်။

၂။ အရိယသစ္စာဖြစ်သော သမ္မာသမာဓိအရ တရားကို ယှဉ်ရာစိတ်နှင့်တကွ ဖော်ပြပြီးနောက် ယင်းစိတ်ကို ဝေဒနာ, ဟိတ်, ဒွါရ, အာရုံ တို့ဖြင့် ဝေဖန်ခဲ့ပါ။

ဖြေ - အရိယသစ္စာဖြစ်သော သမ္မာသမာဓိအရ - မဂ်စိတ် လေးပါး၌ ရှိသော ဧကဂ္ဂတာစေတသိက် ဖြစ်ပါသည်။

ယင်းမဂ်စိတ်၏ ဝေဒနာစသည် - (၃၂-ခုနှစ်၊ ဝိနည်းအဖြေ၌ ပါပြီး)

---

၂။ အရိယသစ္စာဖြစ်သော သမ္မာသမာဓိဟုမေး၍ မဂ္ဂသစ္စာထိုက်သော သမ္မာ

http://www.dhammadownload.com



## ၁၃၂၇ - ခုနစ် အင်္ဂုတ္တိုရ်

၁။ ဒိဋ္ဌိပ္ပတ္တော ကို ပဒစ္ဆေဒပြု၍ သန္ဓိရုပ်ကျဉ်းတွက်ပြီးလျှင် ပတိတ္ထီယတိကို ဓာတု, ပစ္စယ ခွဲဝေပြပါ။

ဖြေ - ဒိဋ္ဌိပ္ပတ္တော သန္ဓိရုပ်ကျဉ်း - ဒိဋ္ဌိပ္ပတ္တောကို ဒိဋ္ဌိ+ပတ္တော ဟု ပုဒ်ဖြတ်၊ ပရဒွေဘာဝေါ ဌာနေသုတ်ဖြင့် ပ၏ သဒိသ ဒွေဘော် ပ်လာ၊ ဒိဋ္ဌိပ္ပတ္တော ပြီး၏။

(တစ်နည်း) ဒိဋ္ဌာ+ပတ္တော ဟုပုဒ်ဖြတ်၊ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် (ဒိဋ္ဌသိတ္တံ ပတ္တေ -နီတိသုတ္တ -၁၁၇၅ သုတ်ဖြင့်) ဋ္ဌာ၏ အာကို ဣပြု၊ ပ၏သဒိသဒွေဘော် ပ်လာ၊ ပြီး၏။

(တစ်နည်း) ဒိဋ္ဌန္တ+ပတ္တော ဟုပုဒ်ဖြတ်၊ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် န္တကို ချေ၊ ဋ္ဌ၏အကို ဣပြု၊ ပ်ဒွေဘော်လာ၊ ပြီး၏။

(တစ်နည်း) ဒိဋ္ဌတ္တ+ပတ္တော ဟုပုဒ်ဖြတ်၊ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် တ္တကိုချေ၊ ဋ္ဌ၏အကို ဣပြု၊ ပ်ဒွေဘော်လာ၊ ဒိဋ္ဌိပ္ပတ္တော ပြီး၏။

ပတိတ္ထီယတိသည် - ပတိရှေးရှိသော ထာ - ဓာတ်၊

---

သမာဓိကိုကောက်ယူထားသည်။သာမညမဂ္ဂင် (၈)ပါးတွင်ပါဝင်သော သမ္မာ သမာဓိအရကားမဟာကုသိုလ်,မဟာကြိယာ, အပ္ပနာဇောဆဗ္ဗိသရှိ ဧကဂ္ဂတာ ကိုကောက်ရမည်။

*ဤ၂၅၂၆ခုနှစ်အင်္ဂုတ္တိုရ်ပုစ္ဆာများ၌ သဒ္ဒါသင်္ဂြိုဟ်တစ်ပုစ်စီသာမေး၏။*

၁။ ဒိဋ္ဌိပ္ပတ္တော – နီတိ၊ သုတ္တ၊ ၁၁၇၅သုတ်နှင့် အံဋီ၊ ၂၊ ၄၄တို့အရ ဖြစ်သည်၊ တိပိ –ပါဠိမြန်မာဓာန်၊ အတွဲ ၁၀ အလိုမူ ဒိဋ္ဌိ+အန္တ+ပတ္တော ဟုဖြတ်၊ အန္တပုဒ်ချေ၊ ပ်ဒွေဘော်လာလည်း ပြီးနိုင်သေးသည်။

ပတိတ္ထီယတိသည် နီတိ ဓာတု၌ ပတိ+ထေ+အ+တိ၊ ထေ ၏ဧကို ဣယပြု၊ ပတိတ္ထီယတိ ဟုရှိ၏။ မောဂ် –သျ၊၂ ၌ ပတိ+ထေ(ထာ)+အ+တိ၊

http://www.dhammadownload.com



(တစ်နည်း) ထေဓာတ်၊ ဘူဝါဒိ အပစ္စည်း ဖြစ်ပါသည်။

၂။ အဂ္ဂိရံ အဇ္ဈာဝသတိ - ၌ အဂ္ဂိရံကို ကာရကရုပ်ကျဉ်း ထွက်၍၊ အနဂ္ဂိရိယံ - ၌ နနိပါတ်ပုဒ်၏ အနက်နှင့် အဂ္ဂိရ၏ အပြင်နက် ပြခဲ့ပါ။

ဖြေ - အဂ္ဂိရံ ကာရကရုပ်ကျဉ်း -
အဂ္ဂိရံကို အဂ္ဂိရတည်၊ ကမ္မတ္ထေဒုတိယာသုတ်ဖြင့် ကံအနက် ၌ (တစ်နည်း) ကမ္မပ္ပဝစနီယယုတ္တေသုတ်ဖြင့် ကမ္မပ္ပဝစနီယ အမည်ရသော အဓိ, အာဥပသာရနှင့်အယှဉ် သတ္တမီအနက် ၌ ဒုတိယာဧကဝုစ် အံဝိဘတ် သက်၊ ခွင်း၊ ချေ၊ ကပ်၊ ပြီး၏။
(တစ်နည်း) တတိယာသတ္တမီနဉ္စသုတ်ဖြင့် သတ္တမီအနက်၌ ဒုတိယာ ဧကဝုစ် အံဝိဘတ်သက်၊ ခွင်း၊ ချေ၊ ကပ်၊ အဂ္ဂိရံပြီး၏။

---

ထ၏နေရင့်အာတို့ကို ဒါဿိယင်သုတ်၌ ဣယင်ဟူသော ယောဂဝိဘာဂဖြင့် ဣယင်ပြု၍ ပတိတ္ထိယတိဟု ရသဖြင့်ရှိ၏။

၂။ အဂ္ဂိရံ အဇ္ဈာဝသတိနှင့်စပ်၍ မှတ်ဖွယ် – အဂ္ဂိရံသဒ္ဒါသည် အဇ္ဈာဝသတိ၌ ဥပသာရများအနက်ရှိကြလျှင် ကမ္မပ္ပဝစနီယယုတ္တေသုတ်ဖြင့် သတ္တမီအနက် ဒုတိယာသက်ရမည်။ အနက်မဲ့ ကြံရာ၌ တတိယာသတ္တမီနဉ္စ ဖြင့် သတ္တမီ အနက် ဒုတိယာ သက်ရမည်။ (သီ–ဋီသစ်၊ ဒု)
(တစ်နည်း) အဂ္ဂိရံ –ကို၊ အဇ္ဈာဝသတိ – စိုးအုပ်၍ အပိုင်း အခြားအတိုင်း နေ၏ဟု ပေးကြသေး၏၊ ထိုအလို ကမ္မတ္ထေဒုတိယာဖြင့် စီရင်ရမည်။ (ရူပဋီ)
အတွင်းအနက် အပြင်အနက်ခွဲဖို့ရာမှာ ----

အန္တတ္ထော ဗာဟျတ္ထောစ, ဒုဗ္ဗိဓော ဟောတိ သဒ္ဒတ္ထော၊
ပကတျတ္ထေတ္တ အန္တတ္ထော, ဗာဟျတ္ထော ဒုတိယာဒျတ္ထော ။

http://www.dhammadownload.com



**အနဂါရိယံ၌ နနိပါတ်ပုဒ်၏အနက်**

အဘာဝ (မရှိခြင်း) အနက် ဖြစ်ပါသည်။

**အဂါရ၏ အပြင်အနက်မှာ -**

(အဂါရံ အဇ္ဈာဝသတိ၌ အဂါရ၏ အပြင်အနက်မှာ)

ကံအနက် (တစ်နည်း) သတ္တမီအနက် ဖြစ်ပါသည်။

**(အနဂါရိယံ ၌ အဂါရ၏ အပြင်အနက်မှာ) -**

အိမ်၌နေခြင်းကြိယာ နေသောသူဒြပ် ဖြစ်ပါသည်။

**၃။ "ဓမ္မလဒ္ဓေဟိ ဘောဂေဟိ" ၌ ဓမ္မအရ၊ တရားကိုယ် ကောက်ပြ၍၊ သမ္ပယုတ်တရားကို ထုတ်ပြီးလျှင်၊ ယင်းတရားကို ဝေဒနာ, ဟိတ်, ကိစ္စ တို့ဖြင့် ဝေဖန်ခဲ့ပါ။**

ဖြေ - ဓမ္မအရ - မဟာကုသိုလ်စိတ် (၈)ပါး ဖြစ်ပါသည်။

သမ္ပယုတ်တရား -အညသမာန်းစေတသိက် (၁၃)ပါး၊ သောဘန စေတသိက် (၂၅)ပါး၊ ပေါင်း (၃၈)ပါး ဖြစ်ပါသည်။

---

နှင့်အညီ ပုဒ်, ဓာတ်တို့၏ အနက်သည် အတွင်းအနက် (အန္တတ္ထ) မည်၏။ ပစ္စည်း, ဝိဘတ်တို့၏ အနက်သည် အပြင်နက် (ဗာဟျတ္ထ) မည်၏ဟု ခွဲပါ။ ထို့ကြောင့် "ပုဒ်ဓာတ် အန္တာတ်၊ ပစ္စည်း ဝိဘတ် ဗာဟျတ်"ဟု စပ်ဆိုကြသည်။

၃။ ဓမ္မအရ အံ့ဌ၌ ကုသလကမ္မပထဓမ္မဟု ဖွင့်၏။ ကုသလကမ္မပထဟူသည် ပါဏာတိပါတစသော ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းဟူသော သုစရိုက် (၁၀)ပါးကိုပင်ခေါ်သည်။ ယင်းအရ တရားကိုယ်ကို"စိတ္တုပ္ပါဒ ဝသေန ပနေတံ အဋ္ဌဝိဓံ ဟောတိ" သင်္ဂြိုဟ်အရ မဟာကုသိုလ်စိတ် (၈)ပါးကို ကောက်ရသည်။ ဒီဋ္ဌ-၃၊ ၂၃၃ အရ ရှေ့ဒုစရိုက်(၇)ပါးမှ ရှောင်ကြဉ်မှုသည် စေတနာ, ဝိရတီ၊ နောက်ဒုစရိုက် (၃)ပါးမှ ရှောင်ကြဉ်မှုသည် စေတနာ မည်၏ဟုဆို၏။ထိုအလို စေတသိက်အထိ ကောက်ယူရမည်။

http://www.dhammadownload.com



ယင်းတရားမှာ-

ဝေဒနာအားဖြင့် - သောမနဿ, ဥပေက္ခာဝေဒနာ၊

ဟိတ် - ဉာဏဝိပ္ပယုတ် (၄)ပါးသည် ဒွိဟိတ် (အလောဘ, အဒေါသ) ဉာဏသမ္ပယုတ်(၄)ပါးသည် တိဟိတ် (အလောဘ, အဒေါသ, အမောဟ)၊

ကိစ္စ - ဇောကိစ္စ ဖြစ်ပါသည်။

၄။ "သာတ္ထံ သဗျဉ္ဇနံ ။ပ။ ဗြဟ္မစရိယံ"၌ သာတ္ထအရ တရားကိုယ် ကောက်ပြ၍၊ ယင်းတရားကို ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ဝေဖန်ပါ။

ဖြေ - သာတ္ထအရ - ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ဖြစ်ပါသည်။

ယင်းတရားသည် --

ဒွါရ - (၆)ဒွါရ၊

အာရုံ မဟာကုသိုလ်ဉာဏသမ္ပယုတ်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ၊ မဟာကြိယာဉာဏသမ္ပယုတ်သည် အလုံးစုံအာရုံ၊

ဝတ္ထု -ဟဒယဝတ္ထု (ရုံခါမှီ, ရုံခါမမှီ) ဖြစ်ပါသည်။

---

၄။ သာတ္ထအရ ဓမ္မံနှင့် အရတူဖွင့်သော အံ၊ ၄-၂၊ ၁၆၈-၉ တို့အရ ဖြစ်သည်၊ ပါရာ-၄ အလိုမူ သာတ္ထသည် ဗြဟ္မစရိယံနှင့် အရတူ၏၊ ဗြဟ္မစရိယံအရ ဖြစ်သော သာသနဗြဟ္မစရိယ (သိက္ခာသုံးပါးဖြင့် သိမ်းယူအပ်သော အဆုံးအမအားလုံး)နှင့် မဂ္ဂဗြဟ္မစရိယ (မဂ်လေးပါး) တို့ကို အရကောက်ရမည်၊ ဤ၌ ဗြဟ္မစရိယံ နှင့် အရတူသဘောမျိုး ကြံဆ၍ ပုစ္ဆာ၌ ဗြဟ္မစရိယံပုဒ် ထည့်သုံးထားသည်ဟု ထင်သည်။

http://www.dhammadownload.com



## ၁၃၂၈ - ခုနစ် အင်္ဂတ္တိုရ်

၁။ "နာဟံ ဘိက္ခဝေ အညံ့ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိရူပံ" ဟူသော ဝါကျတွင် ဘိက္ခဝေ ဟူသော ပုဒ်ကိုသာ လက်ရှိဝိဘတ်အတိုင်း ဧကဝုစ်, ဗဟုဝုစ်ကာရိယ စုံလင်စွာ နာမပဒမာလာ စဉ်ပြီးလျှင် သမနုပဿတိဟု ဟောတော်မူလျှင် ကစ္စည်းကျမ်းက လက်ခံမည်လော ဆုံးဖြတ်ခဲ့ပါ။

ဖြေ - လက်ရှိ အာလုပ်ဝိဘတ်ဖြင့် နာမပဒမာလာ -

ဘောဘိက္ခု ဘောန္တော ဘိက္ခု, ဘိက္ခဝေ, ဘိက္ခဝေါ

သမနုပဿတိ ဟုဟောတော်မူလျှင် -

ကစ္စည်းကျမ်းက လက်မခံနိုင်ပါ။

အဟံဟူသော အမှယောဂနှင့် ယှဉ်ရာ၌ ဥတ္တမပုရိသ်ဖြင့် သုံးစွဲရမည်ဟု ကစ္စည်းကျမ်းလာ အမှေဥတ္တမောသုတ်က ဆိုသောကြောင့် သမနုပဿတိဟု ပထမပုရိသ်ဖြင့် သုံးစွဲခြင်းကို လက်မခံနိုင်ပါ။

၂။ ဧကဓမ္မမ္ပိ ကို "ဧကံ+ရူပံ+အပိ"ဟု ပုဒ်ဖြတ်နိုင်သည် ဖြစ်ရာ ယင်းဧကံနှင့် ရူပံဟူသော ပုဒ်တို့သည် ကာရက, အကာရက နှစ်မျိုးဝယ် မည်သည့်အမျိုးတွင် ပါဝင်သည်ကို အကြောင်းပြပြီး ဆုံးဖြတ်ပါ။

ဖြေ - ဧကံနှင့် ရူပံပုဒ်တို့သည် သမနုပဿာမိအရ မြင်ခြင်း ကြိယာ၏ အကြောင်းဖြစ်၍ တိုက်ရိုက်အားဖြင့် သမနုပဿာမိ ကြိယာဟူသော အကျိုးလည်းရှိသောကြောင့် ကာရကမျိုး

http://www.dhammadownload.com



တွင် ပါဝင်ပါသည်။ (တစ်နည်း) မြင်ခြင်းကြိယာကို ပြီးစေတတ်သောကြောင့် ကာရက မျိုးတွင် ပါဝင်ပါသည်။

**၃။ "ပုရိသဿ စိတ္တံ" ၌ စိတ္တံအရကိုစုံလင်စွာ ကောက်ပြပါ။**

ဖြေ - စိတ္တံအရ - ကာမကုသိုလ် (မဟာကုသိုလ်) စိတ်(၈)ပါး၊ ရူပကုသိုလ်စိတ် (၅)ပါး၊ အရူပကုသိုလ်စိတ် (၄)ပါး၊ လောကုတ္တရာကုသိုလ်(မဂ်)စိတ် (၄)ပါးဟူသော စတုဘူမက ကုသိုလ်စိတ် (၂၀)ပါး ဖြစ်ပါသည်။

**၄။ ယင်းစိတ္တံပုဒ်အရ စိတ်တို့တွင် ပထမဆုံးစိတ်ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထု တို့ဖြင့် ဝေဖန်ခဲ့ပါ။**

ဖြေ - စိတ္တံအရ - ပထမဆုံးစိတ်ဖြစ်သော မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်သည်

**ဝေဒနာ** သောမနဿဝေဒနာ၊
**ဟိတ်** - တိဟိတ် (အလောဘ, အဒေါသ, အမောဟ)၊
**ကိစ္စ** - ဇောကိစ္စ၊
**ဒွါရ** - (၆)ဒွါရ၊
**အာရုံ** - အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ၊
**ဝတ္ထု** - ဟဒယဝတ္ထု (ရံခါမှီ, ရံခါမမှီ) ဖြစ်ပါသည်။

---

၂။ ကော်သည် နဂ်လာနဒကနည်းအရ ရုပ်နှင့်တူ၏ ထို့ကြောင့် ရုပ်နည်းတူ ကာရကဟုဖြေသည်၊ အဝုတ္တကတ္တား, အဝုတ္တကံ, ကရိဏ်း, သမ္ပဒါန်, အပါဒါန်, ဩကာသအနက် တို့သည်ကာရက၊ ကြွင်းအနက် အားလုံးသည် အကာရကဖြစ်၏ဟုခွဲကြ၏၊ ထိုအလို ကော်သည် (ရုပ်နှင့်သာစပ်၍) သမနပဿာမိကြိယာနှင့် ယှဉ်စပ်မှု မရှိသောကြောင့် အကာရကဟု ဖြေရမည်။

http://www.dhammadownload.com



# ၁၃၂၉ - ခုနှစ် အင်္ဂတ္တိုရ်

၁။ "ဝေမေဝံ ခေါ ဘိက္ခဝေ သော ဝတ ဘိက္ခု မိစ္ဆာပဏိဟိတေန စိတ္တေန အဝိဇ္ဇံ ဘေစ္ဆတိ၊ ဧဝမေဝံ ခေါ ဘိက္ခဝေ သော ဝတ ဘိက္ခု သမ္မာပဏိဟိတေန စိတ္တေန အဝိဇ္ဇံ ဘေစ္ဆတိ" အထက်ပါပါဠိကျတို့၌ ပဏိဟိတေနကို သန္ဓိရုပ်ကျဉ်းစီရင်၍၊ ဘိက္ခဝေပုဒ်ကို အကြောင်းနှင့်တကွ ကာရက, အကာရက ခွဲပြပါ။

ဖြေ - ပဏိဟိတေန သန္ဓိရုပ်ကျဉ်း -
ပဏိဟိတေန ကို ပ+နိ+ဓိ+တေန ဟုပုဒ်ဖြတ်၊ ဒေါဓဿစ ၌စသဒ္ဒါဖြင့်(တစ်နည်း ဏောနဿဟူသော ဝိသုံကရဏယောဂဝိဘာဂဖြင့်) နကို ဏပြု၊ ကွစိဓာတုသုတ်ကြီးဖြင့် ဓိကိုဟိပြု ပဏိဟိတေနပြီး၏။
(တစ်နည်း) ပ+နိဟိတေန ဟုပုဒ်ဖြတ်၊ ဒေါဓဿစ၌ စသဒ္ဒါဖြင့် နကိုဏပြု၊ ပဏိဟိတေနပြီး၏။
ဘိက္ခဝေပုဒ်သည် - ခေါ်ဝေါ်ရာအခါ၌ ကြိယာနှင့် ယှဉ်စပ်မှုမရှိသောကြောင့် အကာရကဖြစ်ပါသည်။

၂။ အဝိဇ္ဇံ၌ ဓာတ်ယူ၍ ဘိက္ခုဟူသော ကတ္တားနှင့်အညီ ဂိုဏ်းဂဏမမှားအောင်သဗ္ဗဓာတ်ဝိဘတ်များဖြင့်အာချာတပဒမာလာ စဉ်လျှက်၊ သာဝက- ၌လည်း ဓာတ်, ပစ္စည်း ခွဲခြားပြပါ။

ဖြေ- အဝိဇ္ဇံ၌ဓာတ်ယူ၍ သဗ္ဗဓာတ်ဝိဘတ်များဖြင့် အာချာတပဒမာလာ - -
ဟိယျတ္တနီဖြင့် - (အာ) အဝိဒါ, ဝိဒါ, အဝိဒ, ဝိဒ, အဝိန္ဒာ, ဝိန္ဒာ,

http://www.dhammadownload.com



အဝိန္ဒ, ဝိန္ဒ, အဝိန္ဒာ, ဝိန္ဒာ, အဝိန္ဒ, ဝိန္ဒ
သတ္တမီဖြင့် - (ဧယျ) ဝိဒေယျ, ဝိဒေ, ဝိန္ဒေယျ, ဝိန္ဒေ, ဝိန္ဒေယျ,ဝိန္ဒေ
ပဉ္စမီဖြင့် - (တု) ဝိဒတု, ဝိန္ဒတု, ဝိန္ဒတု၊
ဝတ္တမာန်ဖြင့် (တိ) ဝိဒတိ, ဝိန္ဒတိ, ဝိန္ဒတိ ဖြစ်ပါသည်။
သာဝကသည် - သုတာတ် ဏှုပစ္စည်း ဖြစ်ပါသည်။

၃။ မိစ္ဆာပဏိဟိတ ဖြစ်သင့်သော စိတ်များကို အရကောက်၍ အဆုံးဖြစ်သော မိစ္ဆာပဏိဟိတစိတ်၊ ထိုစိတ်နှင့် ယှဉ်သော စေတသိက်, ထိုစိတ်၏ အာရုံတို့ကို သင်္ဂဟကျမ်းလာ အတိုင်း ဖြေဆိုခဲ့ပါ။

ဖြေ - မိစ္ဆာပဏိဟိတ ဖြစ်သင့်သောစိတ်များ - အကုသိုလ်စိတ် (၁၂)ပါး၊ လောကီကုသိုလ် (၁၇)ပါး ဖြစ်သည်။

**အဆုံးဖြစ်သောစိတ် -**

နေဝသညာနာသညာယတန ကုသိုလ်စိတ် ဖြစ်သည်။

**ထိုစိတ်နှင့် ယှဉ်သော စေတသိက် -**

ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်းစေတသိက် (၁၀)ပါး၊ ဝိရတီ အပ္ပမညာကြဉ် သောဘနစေတသိက် (၂၀)၊ ပေါင်း (၃၀) ဖြစ်ပါသည်။

---

၂။ အဝိန္ဒ၌ ဝိဒ, ဝိဒိ, ဝိဓာတ်တို့ဖြင့်လည်းကောင်း၊ သဗ္ဗဓာတ်ဝိဘတ် လေးသွယ် ရှိရာဝယ် ဤ၌ဘိက္ခုပဟူသော နာမယောဂကေဝုစ် ကတ္တားအရ ပထမပုရိသ်ကေဝုစ်ဖြင့် လည်းကောင်း ရုပ်စဉ်ရသည်။
၃။ ဤ၌ "အာစယဂါမိစိတ္တံ အဝိန္ဒံ နဘိန္ဒတိ"စသော အံဋ္ဌ၊ ၁/ ၉၆ ပုဒ်အရ ဖြစ်သည်၊ အံဋ္ဌ၊၁၊ ၄၃ အရမူ မဟာကုသိုလ် ဉာဏသမ္ပယုတ် တိဟိတ် ဩမကကုသိုလ်ကို ကောက်သင့်သည်။

http://www.dhammadownload.com



ထိုစိတ်၏ အာရုံ - အာကိဉ္စညာယတနကုသိုလ်ဟူသော မဟဂ္ဂုတ် အာရုံ ဖြစ်ပါသည်။

၄။ သမ္မာပဏိဟိတဖြစ်သင့်သော စိတ်များကို သချာမျှ ဖော်ပြ၍၊ ပထမသမ္မာပဏိဟိတစိတ်၊ ထိုစိတ်ကို ဟိတ်,ကိစ္စ,ဒွါရ, ဝတ္ထု, သင်္ဂဟတို့ဖြင့် ဝေဖန်ပိုင်းခြားပြပါ။

ဖြေ - သမ္မာပဏိဟိတ ဖြစ်သင့်သော စိတ်များမှာ - (၄)ပါး ဖြစ်ပါသည်။

ပထမသမ္မာပဏိဟိတစိတ် - မဟာကုသိုလ်ဉာဏသမ္ပယုတ် သောမနဿသဟဂုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။

ထိုစိတ်၏ ဟိတ်စသည် - (၂၈ -ခုနှစ်၊ အံ့ အဖြေ၌ ပါပြီး)

## ၁၃၃၀ - ခုနှစ် အင်္ဂုတ္တိုရ်

၁။ "ယော ယံ ပုဂ္ဂလော သဒ္ဒါဝိမုတ္တော၊သောယံ သကဒါဂါမီ ဝါ အနာဂါမီဝါ" ၌ သကဒါဂါမီ ပုဒ်ကို နာမပဒမာလာ စဉ်ပြ၍၊ သဒ္ဒါ၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ် ပရဿပုဒ် ပထမပုရိသ်ဖြင့် အာချာတပဒမာလာ စဉ်ပြခဲ့ပါ။

ဖြေ - သကဒါဂါမီ နာမပဒမာလာ -

ပ- သကဒါဂါမီ သကဒါဂါမီ, သကဒါဂါမိနော

အာ - ဘောသကဒါဂါမိ ဘောန္တောသကဒါဂါမီ,သကဒါဂါမိနော

ဒု - သကဒါဂါမိံ,

သကဒါဂါမိနံ သကဒါဂါမီ, သကဒါဂါမိနော

(စသည်ဖြင့် သတ္တမီဝိဘတ်ထိ ဒဏ္ဍီနှင့် နည်းတူစဉ်ပါ)

http://www.dhammadownload.com



သဒ္ဒါ၌ - သံပုဗ္ဗ ဓာဓာတ်ဖြစ်၏။
ဓာ ဓာတ်ရုပ်စဉ် - (၂၁ -ခုနှစ်၊ ဝိနည်းအဖြေ၌ပါပြီး)

၂။ "တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ"၌ ဘဂဝတော ဝယ် သမ္ပဒါနတ္ထစတုတ္ထီဝိဘတ်အပြင် မည်သည့်အနက်၌ မည်သည့်ဝိဘတ်သက်နိုင်သေးသည်ကို သုတ် အထောက်ပြ၍ ညွှန်ပြခဲ့ပါ။

ဖြေ - ဘဂဝတော ဝယ် -
စတုတ္ထီဝိဘတ်အပြင် "သာမိသ္မိံ ဆဋ္ဌီ"သုတ်အရ သာမိ (သမ္ဗန်) အနက်၌ ဆဋ္ဌီဝိဘတ် သက်နိုင်ပါသေးသည်။

၃။ "ဣန္ဒြိယေသု ဂုတ္တဒွါရော" ၌ ဒွါရအရ ပရမတ္ထအားဖြင့် တိကျစွာ ကောက်ပြခဲ့ပါ။

ဖြေ - ဒွါရအရ - စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါ ပသာဒ, ကာယပသာဒ ဟူသော ပသာဒရုပ် ငါးပါးနှင့် ဘဝင်စိတ် (၁၉)ပါး တို့ဖြစ်ပါသည်။

၄။ "စက္ခုနာ ရူပံ ဒိသွာ"၌စက္ခုအရကောက်ပြ၍၊ ၎င်းစက္ခုအရ တရားကို အာရုံပြုနိုင်သော စိတ်တို့ကိုလည်း ရေးခဲ့ပါ။

ဖြေ - စက္ခုအရ - စက္ခုဝိညာဉ်စိတ် ဖြစ်ပါသည်။
၎င်းတရားကို အာရုံပြုနိုင်သော စိတ်များ - သန္တီရဏ (၃)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ဟသိတုပ္ပါဒ် စိတ် (၁)ပါး၊ (ကြွင်း)

---

၁။ စက္ခုမေဝ စက္ခုဒွါရံ စသော ဒွါရသင်္ဂဟနှင့် အညီ ကောက်သည်။

http://www.dhammadownload.com



ဟသိတုပ္ပါဒ်ကြည် ကာမဇော (၂၈)ပါး၊ ဝုဋ္ဌော (၁)ပါး၊ အဘိညာဉ် (၂)ပါး (အနေကန်) တို့ဖြစ်ပါသည်။

## ၁၃၃၁ - ခုနှစ် အင်္ဂလိပ်

၁။ ဂူထဘာဏီပုဒ်နောင်ဖြစ်သင့်သော ကြွတ္တိလိင်ပစ္စည်းသက်၍နာမပဒမာလာစဉ်ပြီးလျှင်၊ စာဂ-၌ဓာတ်ကိုယူ၍ဝတ္တမာန်ပရဿပုဒ်ပထမပုရိသ်ဖြင့် အာချာတပဒမာလာစဉ်ခဲ့ပါ။

ဖြေ - ဂူထဘာဏီ နောင် ဖြစ်သင့်သော ကြွတ္တိလိင် ပစ္စည်းမှာ ကြွနီပစ္စည်း ဖြစ်သည်။

နာမပဒမာလာ စဉ်ဟန်ကား -

| | | |
|---|---|---|
| ပ - | ဂူထဘာဏိနီ | ဂူထဘာဏိနီ၊ ဂူထဘာဏိနိယော |
| အာ | ဘောတိဂူထဘာဏိနိ | ဘောတိယော ဂူထဘာဏိနီ၊ ဂူထဘာဏိနိယော |
| ဒု - | ဂူထဘာဏိနိံ၊ဂူထဘာဏိနိယံ | ဂူထဘာဏိနီ၊ ဂူထဘာဏိနိယော |
| တ - | ဂူထဘာဏိနိယာ | ဂူထဘာဏိနီဟိ၊ ဘိ |
| စ - | ဂူထဘာဏိနိယာ | ဂူထဘာဏိနီနံ |
| မိ - | ဂူထဘာဏိနိယာ | ဂူထဘာဏိနီဟိ၊ ဘိ |

---

၄။ စက္ခုအရ "တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ" ဝိထိသင်္ဂဟအရနှင့် ကာရဏရူပစာသဒ္ဒါကြံ၍ စက္ခုဝိညာဉ်စိတ်ကို ကောက်သည်၊ မူချအရနှင့် သီဋ္ဌ– ၁၆၅၊သီဘာဋီ –၂ ၊ ၄၅၉ တို့အရ စက္ခုပသာဒ ရုပ်ကို အရကောက်နိုင်သေး၏။

http://www.dhammadownload.com



ဆ - ဂူထဘာဏိနိယာ ဂူထဘာဏိနိနံ

သ - ဂူထဘာဏိနိယာ, ဂူထဘာဏိနိယံ ဂူထဘာဏိနီသု ။

စာဂ၌ စဇဓာတ်ဖြစ်၍ ၀တ္တမာန်ပရဿပုဒ် ပထမပုရိသ်ဖြင့် - (တိ) စဇတိ, စဇေ (အန္တိ) စဇန္တိ ဟူ၍ စဉ်ရပါမည်။

၂။ "ဒါယကေန မတ္တာ ဇာနိတဗ္ဗာ" ၌ ကတ္တား၀ယ် တတိယာ ၀ိဘတ်သက်ထားရခြင်းအကြောင်းကို ပြ၍၊ "လာဘီနံ ယဒိဒံ သီ၀လိ" ၌ ဆဋ္ဌီ၀ိဘတ်၏ အနက်ကို သုတ်ထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

ဖြေ - ကတ္တား၀ယ်တတိယာ၀ိဘတ် သက်ထားရခြင်း အကြောင်း ဇာနိတဗ္ဗာဟူသော ကိတ်ကြိယာသည် ဒါယကေန ဟူသော ကတ္တားကို မဟောအပ်သည်၏ အဖြစ်ကြောင့် (ကတ္တရိစသုတ်အရ) တတိယာ၀ိဘတ်သက်ရပါသည်။

ဆဋ္ဌီ၀ိဘတ်အနက် - နိဒ္ဓါရဏေစ သုတ်ကိုထောက်၍ နိဒ္ဓါရဏ အနက်ဖြစ်ပါသည်။ (တစ်နည်း) ဒူရန္တိကသုတ်စသဒ္ဒါကို ထောက်၍ ၀ိဘတ္တအပါဒါန် အနက် ဖြစ်ပါသည်။

၃။ "၀ိဇ္ဇံ ဥပ္ပါဒေသိတိ"၌ ၀ိဇ္ဇံအရ ပရမတ္ထတရားကို တိကျစွာ

---

၂။ ၀ိဘတ္တအပါဒါန်ဟူသည် ၀ိဘတ္တ ၀ိဘဇနေ – ခွဲခြားဝေဖန်အပ်ပြီးသော အနက်ကို ထပ်၍ ခွဲခြားခြင်းတည်း၊ နိဒ္ဓါရဏဟူသည် အ၀ိဘတ္တ၀ိဘဇနေ – မခွဲခြားအပ်သေးသည်ကို ခွဲခြားဝေဖန်ခြင်းတည်း။ ဤသို့ အထူးသိပါ၊ ဤ၌ မခွဲခြားသေးသည်ကိုသာ ခွဲခြား ဝေဖန်ထားသောကြောင့်လည်းကောင်း၊ အံ-၁၊ ၁၂၇၌ ဤနေရာမျိုး၀ယ် နိဒ္ဓါရဏအမှတ်အသား "အန္တရေ"ပုဒ် ထည့်စွက် ဖွင့်သောကြောင့် လည်းကောင်း၊ နိဒ္ဓါရဏကိုသာ ဦးစားပေး ဖြေရမည်။

http://www.dhammadownload.com



ကောက်ပြ၍၊ ၎င်းတရားနှင့် သမ္ပယုတ်ဖြစ်သော တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

ဖြေ - ဝိဇ္ဇာအရ - အရဟတ္တမဂ်၌ရှိသော ပညာဖြစ်ပါသည်။
သမ္ပယုတ်ဖြစ်သော တရား - အရဟတ္တမဂ်စိတ်၊

ထို၌ယှဉ်သော ဥညသမာန်းစေတသိက် (၁၃)ပါး၊ အပ္ပမညာ အရင်းခံပညာကြဉ် သောဘနစေတသိက်(၂၂)ပါး၊ ပေါင်း (၃၅)ပါး ဖြစ်ပါသည်။

၄။ "ဝိဇ္ဇာ ဝိမုတ္တိဖလသစ္ဆိကိရိယာယ" ၌ ဖလအရကို ကောက်ပြ၍၊ ၎င်းကိုအာရုံပြုနိုင်သော စိတ်ကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

ဖြေ - ဖလအရ - အရဟတ္တဖိုလ် ဖြစ်ပါသည်။
၎င်းကို အာရုံပြုနိုင်သောစိတ် - (၂၁ -ခု၊ ဝိနည်းအဖြေ၌ ပါပြီး)

## ၁၃၃၂ - ခုနှစ် အဝိုတ္တိုရ်

၁။ "ဟတ္ထေန ဝါ ပါဒေန ဝါ အက္ကန္တံ ဟတ္ထံ ဝါ ပါဒံ ဝါ ဘေစ္ဆတိ"

---

၄။ ဝိဇ္ဇာဝိမုတ္တိဖလ သစ္ဆိကိရိယာယ (စတုတ္ထဝိဘာတျွှ)ပုဒ်၌ ဝိဇ္ဇာအရ မဂ်လေးပါးရှိပညာ၊ ဝိမုတ္တိအရ ပညာမှကြွင်းသော မဂ်စိတ္တုပ္ပါဒ်၊ ဖလအရ အရဟတ္တဖိုလ်တည်း၊ (အံ ၌ ၁၊ ၄၁၀) ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာ (ပထမာဝိဘာတျွှ) ပုဒ်၌ ဝိဇ္ဇာအရ ဖိုလ်လေးပါးရှိပညာ၊ ဝိမုတ္တိအရ – ဖိုလ်ပညာမှ ကြွင်းသော ဖိုလ်စိတ္တုပ္ပါဒ်၊ ဖလအရ – ဝိဇ္ဇာဝိမုတ္တိမည်သော တရားများ ပင်တည်း၊ (အံ–၌၊၁–၉၃)၊ ပုစ္ဆာ၌ စတုတ္ထီဝိဘာတျွှပုဒ်ဖြင့် မေး၍ အထက်ပါအတိုင်း အဖွင့် (၁၊ ၄၁၀)အရ ဖြေရသည်။

http://www.dhammadownload.com



၌ အက္ကန္တံ ကို သန္ဓိရုပ်ကျနစွာ စီရင်ပြီးလျှင်၊ အက္ကန္တံမှ ဓာတ်, ဘေစ္ဆတိမှ ဝိဘတ်ကိုယူ၍ ထိုဝိဘတ်ဆိုင်ရာ ပရဿပုဒ် အစုံဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - အက္ကန္တံ သန္ဓိရုပ် - အက္ကန္တံကို အာ+ကန္တံ ဟု ပုဒ်ဖြတ်၊ ပရဒွေဘာဝေါဌာနေသုတ်ဖြင့် က၏သဒိသဒွေဘော် က်လာ၊ ရဿံသုတ်ဖြင့် အာကို အရဿပြု၊ အက္ကန္တံ ပြီး၏။

အက္ကန္တံ ၌ ကမုဓာတ်၊

ဘေစ္ဆတိ ၌ ဘဝိဿန္တိဿတိဝိဘတ် ဖြစ်၏။

ထိုနှစ်ခုကို ယူ၍ ပရဿပုဒ်အစုံဖြင့် အာချာတပဒမာလာ -

(ဿတိ) ကမိဿတိ, စက်မိဿတိ (ဿန္တိ) ကမိဿန္တိ, စက်မိဿန္တိ

(ဿသိ) ကမိဿသိ, စက်မိဿသိ (ဿထ) ကမိဿထ, စက်မိဿထ

(ဿာမိ) ကမိဿာမိ, စက်မိဿာမိ (ဿာမ) ကမိဿာမ, စက်မိဿာမ

၂။ "ပဟာနံ ကာမသညာနံ ဒေါမနဿာနစူဘယံ" ဝယ် ရှေ့သုံးပုဒ်၌ မည်သည့်ဝိဘတ်ကို မည်သည့်အနက်၌ မည်သည့်သုတ်ဖြင့်သက်ထားကြောင်း ဖြေဆို၍၊ ဥဘယကို နာမပဒမာလာ ပြုခဲ့ပါ။

ဖြေ - ပဟာနံ - ပုဒ်၌ ဒုတိယာဧကဝုစ် အံဝိဘတ်ကို (အဝုတ္တ) ကံအနက်၌ကမ္မတ္ထေဒုတိယာသုတ်ဖြင့် သက်ထားပါသည်။

ကာမသညာနံ, ဒေါမနဿာနံ ပုဒ်တို့ဝယ် - ဆဋ္ဌီဗဟုဝုစ်နံဝိဘတ်ကို ဒုတိယာအနက်၌ဒုတိယာပဉ္စမီနဉ္စသုတ်ဖြင့်သက်ထားပါသည်။

---

၁။ ကမုဘူဂတော၊ ဘူစ္စိဋ္ဌာယံ (ဓာတွတ္တ)အရ ဤ၌ ဂတိအနက် ဖြစ်၍ ဘူဝါဒိဖြင့် စဉ်ရသည်။ ဣစ္ဆာအနက်ဟောရာ၌ ဘူ,စု နှစ်ဂိုဏ်း စဉ်ရမည်။

http://www.dhammadownload.com



ဥဘယနာမပဒမာလာ

| | | |
|---|---|---|
| ပ - | ဥဘယံ | ဥဘယာနိ |
| အာ - | ဘော ဥဘယ, ဥဘယာ | - ဘဝန္တာနိ ဥဘယာနိ |
| ဒု - | ဥဘယံ | ဥဘယာနိ |
| တ - | ဥဘယေန | ဥဘယေဟိ , ဥဘယေဘိ |
| စ - | ဥဘယဿ | ဥဘယေသံ, ဥဘယေသာနံ |
| ပ - | ဥဘယသ္မာ, ဥဘယမှာ | ဥဘယေဟိ, ဥဘယေဘိ |
| ဆ - | ဥဘယဿ | ဥဘယေသံ, ဥဘယေသာနံ |
| သ - | ဥဘယသ္မိံ, ဥဘယမှိ | ဥဘယေသု - ဖြစ်ပါသည်။ |

၃။ "အသုဘာနိမိတ္တံ ဘိက္ခဝေ ယောနိသော မနသိ ကရောတော အနုပ္ပန္နောစေဝ ကာမစ္ဆန္ဒော နုပ္ပဇ္ဇတိ" ၌ အသုဘနိမိတ္တံအရ ကျနစွာ ကောက်ပြ၍၊ ကာမစ္ဆန္ဒကို အာရုံပြုနိုင်သော စိတ်တို့ကို မမှားအောင် ရေတွက်ခဲ့ပါ။

ဖြေ - အသုဘနိမိတ္တံ အရ -

အသုဘပဌမဈာန်၏ အကြောင်းအာရုံဖြစ်သော ဥဒ္ဓုမာတက အလောင်းကောင်စသော အသုဘ(၁၀)ပါး၊ (မှုချ) (တစ်နည်း) ထိုဥဒ္ဓုမာတကစသော အသုဘ(၁၀)ပါးကို အာရုံပြု၍ ဖြစ်ပေါ်လာသောရူပါဝစရပဌမဈာန်(ဥပစာ)ဖြစ်ပါသည်။

ကာမစ္ဆန္ဒကို အာရုံပြုသော စိတ်များ - သန္တီရဏ(၃)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ဟသိတုပ္ပါဒ် (၁)ပါး၊ (ကေန်)

---

၃။ အံ - ၎င်း အလို ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင်အစရှိသော ကောဋ္ဌာသအပေါင်းပါ ယူ၍ (၁၁)ပါးသည် မှုချ။

http://www.dhammadownload.com



ဟသိတုပ္ပါဒ်ကြဉ် ကာမဇော (၂၈)ပါး၊ ဝုဋ္ဌော(၁)ပါး၊ အဘိညာဉ်(၂)ပါး၊ (အနေကန်)တို့ ဖြစ်ပါသည်။

၄။ "ဒွေ မေ ဘိက္ခဝေ ဓမ္မာ သုက္ကာ"၌ သုက္ကာအရတို့ကို ကောက်ပြ၍၊ ယင်းတရားတို့၏ သမ္ပယုတ်တရား၊ ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ တို့ကို ဖော်ပြပါ။

ဖြေ - သုက္က အရ - ဟိရီ, ဩတ္တပ္ပစေတသိက်တို့ ဖြစ်ပါသည်။

ယင်းတို့၏ သမ္ပယုတ်တရား - သောဘနစိတ်အကျဉ်း (၅၉)ပါး၊ အကျယ်(၉၁)ပါးနှင့် ထို၌ယှဉ်သော အညသမာန်းစေတသိက်(၁၃)ပါး၊ အရင်းခံဟိရီဩတ္တပ္ပကြဉ် သောဘန စေတသိက် (၂၃)ပါး ပေါင်း (၃၆)ပါး ဖြစ်ပါသည်။

ဝေဒနာ (ဟိရီ ဩတ္တပ္ပတို့သည်) သောမနဿ, ဥပေက္ခာဝေဒနာ၊

ဟိတ် - တိဟိတ် (အလောဘ, အဒေါသ, အမောဟ)၊

ကိစ္စ - (ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ, ဇော ဟူသော) ငါးကိစ္စ၊

ဒွါရ - (၆)ဒွါရ ။

## ၁၃၃၃ - ခုနစ် အင်္ဂုတ္တိုရ်

သဗ္ဗာ အာသတ္တိယော ဆေတွာ၊ ဝိနေယျ ဟာဒယေ ဒရံ၊
ဥပသန္တော သုခံ သေတိ၊ သန္တိံ ပပ္ပုယျ စေတသော ။

၁။ (ကမတ္တမနုဘောတိ၊မောဟဇ္ဈာပဝိဒ္ဓသု) ပုဒ်တို့ကို ပဒစ္ဆေဒ ပြု၍၊ အထက်ပါဂါထာ၌ ဒရံပုဒ်ကိုလည်း နာမပဒမာလာ စဉ်ခဲ့ပါ။

---

၄။အံ၌အလို သုက္ကာအရ ကုသိုလ်စိတ်(၂၁)ပါးကိုလည်း ကောက်နိုင်သေးသည်။

http://www.dhammadownload.com



ဖြေ - **ကမတ္တမနုဘောတိ** - ကံ+အတ္တ+အနုဘောတိ
**မောဟဇ္ဈာပဝိဒ္ဓသု** - မောဟဇံ+စ+အပိ+အဝိဒ္ဓသု

ဒရံနာမပဒမာလာ

| | | |
|---|---|---|
| ပ - | ဒရော | ဒရာ |
| အာ - | ဘောဒရ, ဒရာ | ဘောန္တော ဒရာ |
| ဒု - | ဒရံ. | ဒရေ |

(စသည်ဖြင့် ပုရိသာဒိဂိုဏ်းဖြင့်စဉ်ရမည်)

၂။ **ဂါထာ၌ စေတသောပုဒ်ကို ဖြစ်သင့်သမျှစာစပ်၍ ဝိဘတျတ္ထကိုညွှန်ပြပြီးလျှင်၊ ဆေတွာကိုလည်း ဘဝိဿန္တိဝိဘတ်ပရဿပုဒ် ပထမပုရိသ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။**

ဖြေ - **စေတသော စာစပ်** - စေတသောကား '၏' ဟူ၍ အနက်ပေးသောကြောင့် သန္တိ၌ သမ္ဗန်၊ သန္တိကား သမ္ဗန္ဓီ ။
(တစ်နည်း) စေတသောကား 'ဖြင့်'ဟူ၍ အနက်ပေးသောကြောင့် ပပ္ပုယျ၌ ကရိုဏ်း၊ ပပ္ပုယျကား ကရိုဏ်း၏ ကြိယာ ဟုစာစပ်ရပါမည်၊
**စေတသော၏ ဝိဘတျတ္ထ** - သာမီအနက်
(တစ်နည်း) ကရိုဏ်းအနက် ဖြစ်ပါသည်။
**ဆေတွာ၌ ဘဝိဿန္တိ ပရဿပုဒ် ပထမပုရိသ်ဖြင့် ရုပ်စဉ်ဟန် -**
(ဿတိ) ဆိန္ဒိဿတိ, ဆေစ္ဆတိ, ဆေစ္ဆိတိ
(ဿန္တိ) ဆိန္ဒိဿန္တိ, ဆိန္ဒိဿရေ, ဆေစ္ဆန္တိ, ဆေစ္ဆရေ, ဆေစ္ဆိန္တိ ၊

---

၂။ စေတသော အံ၊ ဌ၊ ဋီတို့၌ ရှု၊ ဆေတွာ၌ဓာတ်သည် သကမ္မကဖြစ်၍ ရဓာဒိဖြင့် စဉ်ရသည်၊ ဆိဒိ, ဆေဓာတ်တို့အပြင် ဆု, ဆေဒဓာတ် တို့ဖြင့်လည်း ဓာတွတ္ထ၌ ဆိုသေး၏။

http://www.dhammadownload.com



(တစ်နည်း) ဆောဓာတ်ဖြစ်၍ -

(ဿတိ) ဆိယိဿတိ (ဿန္တိ) ဆိယိဿန္တိ ။

ဖြေ - ယောနိသောမနသိကာရအရ-မနောဒွါရာဝဇ္ဇန်းဖြစ်ပါသည်။
ယှဉ်ဘက်စေတသိက် - ဆန္ဒ, ပီတိ ကြဉ် အညသမာန်းစေတသိက် (၁၁)ပါး။ (တစ်နည်း) ပညာပြဋ္ဌာန်းသောမဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဖြစ်ပါသည်။
ယှဉ်ဘက်စေတသိက် - အညသမာန်းစေတသိက် (၁၃)ပါး၊ သောဘနစေတသိက် (၂၅)ပါး၊ ပေါင်း (၃၈)ပါး ဖြစ်ပါသည်။

---

၂။ ဝေါ ရုစ္စတိ နှင့်စပ်၍ မှတ်ဖွယ်ကို ကစ်ဘာဋီ ၁၊ ၃၃၀၊ အံသျှ ၁၊ ၂၂၁၊ မောဂ် သျှ ၁၊၂၀၈ ၊ဓာတွတ္ထ၊ ရုစဓာတ်အဖွင့် စသည်တို့၌ ရှုပါ။

http://www.dhammadownload.com



**ပစ္စဝေက္ခဏအရ** -

ပညာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ယှဉ်ဖက်စေတသိက် -အညသမာန်းစေတသိက် (၁၃)ပါး၊ သောဘန စေတသိက် (၂၅)ပါး၊ ပေါင်း (၃၈)ပါး ဖြစ်ပါသည်။

၄။ **(၃)နံပါတ် ပုစ္ဆာပါ ပစ္စဝေက္ခဏအရ ဖြစ်သင့်သော စိတ်တို့၏ ဖြစ်သင့်သော ကိစ္စနှင့် အာရုံတို့ကို သင်္ဂဟအထောက်ပြ၍ ဖြေဆိုခဲ့ပါ။**

ဖြေ - **ပစ္စဝေက္ခဏအရ** - ဖြစ်သင့်သော ပညာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် - "အာဝဇ္ဇနဒွယဝဇ္ဇိတာနိ ကုသလာကုသဖလကိရိယစိတ္တာနိ ပဉ္စပညာသဇဝနကိစ္စာနိ" ထောက်၍ ဇောကိစ္စ၊ ဉာဏသမ္ပယုတ္တ ကာမာဝစရကုသလာနိစေဝ ပဉ္စမဇ္ဈာန သင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ - ထောက်၍ အရဟတ္တမဂ်အရဟတ္တဖိုလ် ကြဉ် အလုံးစုံအာရုံ ဖြစ်ပါသည်။

## ၁၃၂၉ - ခုနှစ် မေးခွန်း

၁။ **"သမ္ပဋိစ္ဆိတ္တွာ သတ္ထာရံ ဝန္ဒိတွာ" ၌ သမ္ပဋိစ္ဆိတ္တွာကို ပဒစ္ဆေဒ**

---

၃။ မနသိကာရနှင့်စပ်၍ ၁။ ဝီထိပဋိပါဒက – ပဉ္စဒွါရာဝဇ္ဇန်း၊ ၂။ ဇဝနပဋိပါဒက – မနောဒွါရာဝဇ္ဇန်း ၃။ အာရမ္မဏပဋိပါဒက – မနသိကာရစေတသိက် ဟူ၍ မနသိကာရ(၃)ပါးရှိ၏။ အချို့အရာ၌ ဉာဏ်ပညာကိုလည်း ယောနိသော မနသိကာရဟု ကောက်ယူရ၏။ (သင်္ဂြိုဟ်ဘာဋီ ၁၀၈–၉တို့၌ရှု)

http://www.dhammadownload.com



ပြုပြီးလျှင်၊ ၎င်းပုဒ်၌ ဓာတ်ကိုယူ၍ ဝတ္တမာန် ပရဿပုဒ် ဝိဘတ်ဖြင့် ကတ္တုရုပ်ပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - သမ္ပဋိစ္ဆိတွာ - သံ+ပတိစ္ဆိတွာ၊
(သံ+ပတိ+ဣစ္ဆိတွာ) ဟု ပဒစ္ဆေဒ ပြုရမည်။
၎င်းပုဒ်၌ သံ, ပတိ ရှေ့ရှိသော ဣသုဓာတ်ဖြစ်၍
(တိ) ဣစ္ဆတိ, ဣစ္ဆေ, ဧသတိ, ဧသေ၊
(အန္တိ) ဣစ္ဆန္တိ, ဣစ္ဆရေ, ဧသန္တိ, ဧသရေ၊
(သိ) ဣစ္ဆသိ, ဧသသိ၊
(ထ) ဣစ္ဆထ, ဧသထ၊
(မိ) ဣစ္ဆာမိ, ဣစ္ဆေ, ဧသာမိ, ဧသေ၊
(မ) ဣစ္ဆာမ, ဧသာမ ။

၂။ "တွံ မေ မာတရိ မတာယ မာတာဝိယ" ၌ မာတရိဝယ် မည်သည့်အနက်၌ မည်သည့်သုတ်ဖြင့် မည်သည့်ဝိဘတ် သက်ထားသည်ကို ဖော်ပြ၍၊ ၎င်းပုဒ်နောင် စတုတ္ထီဝိဘတ် သက်က ဖြစ်နိုင်သော ရုပ်စုကို ဖော်ပြခဲ့ပါ။

ဖြေ - မာတရိ ၌ လက္ခဏာဝန္တကတ္တားအနက်၊ ကာလဘာဝေသုစ သုတ်ဖြင့် သတ္တမီကေဝုစ် သို့ဝိဘတ် သက်ထားပါသည်။
မာတရိနောင် စတုတ္ထီဝိဘတ်သက်က ဖြစ်နိုင်သော ရုပ်စုမှာ -
မာတု, မာတုဿ, မာတုယာ, မတျာ
မာတရာနံ, မာတာနံ, မာတူနံ, မာတုနံ ဖြစ်ပါသည်။

၃။ "သော သုက္ခဝိပဿကော အရဟာ ဟုတွာ" ၌ အရဟာ အရ ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်စိတ်၌ ဈာန်အင်္ဂါ မည်မျှ ရှိသည်ကို ဖော်ပြ၍၊ ၎င်းအရဟတ္တဖိုလ်စိတ်၌ သမ္ပယုတ်ပွ

http://www.dhammadownload.com



ယှဉ်/မယှဉ်ကိုလည်း အကြောင်းပြ၍ ဖော်ပြခဲ့ပါ။

ဖြေ - ရဟန္တာပုဂ္ဂိုလ်၏အရဟတ္တဖိုလ်စိတ်၌ဈာန်အင်္ဂါငါးပါး ရှိပါသည်။ ၎င်းအရဟတ္တဖိုလ်စိတ်၌သမ္မာသင်္ကပ္ပယှဉ်ပါသည်။

အကြောင်းမှာ - သုက္ခဝိပဿကပုဂ္ဂိုလ်သည် မည်သည့်ဈာန်အင်္ဂါကိုမျှ မစက်ဆုပ်ခြင်းကြောင့် ဖြစ်ပါသည်။

၄။ "သစာဟံ ဝေဠုပဿ ပါပဂရဟိနော ဓမ္မဂရုကဿ" ဝါကျ၌ဂရဟိနောဝယ်ဓာတ်အရ ဖြစ်သင့်သောစိတ်ကိုယှဉ်ဘက်စေတသိက်နှင့်တကွဖော်ပြ၍၊ ယင်းဓာတ်အရ စိတ်၏ဝေဒနာ,ဟိတ်,ကိစ္စ, ဒွါရ, အာရုံ တို့ကိုလည်း ရေးသားခဲ့ပါ။

ဖြေ - ဂရဟိနော ဝယ် ဂရဟဓာတ်အရ -

ဟိရီပြဋ္ဌာန်းသော မဟာကြိယာစိတ် (၈)ပါး၊

ယှဉ်ဘက်စေတသိက် - အညသမာန်းစေတသိက် (၁၃)ပါး၊

ဝိရတီကြဉ်သောဘနစေတသိက် (၂၂)ပါး၊ ပေါင်း(၃၅)ပါး။

ဝေဒနာ သောမနဿ, ဥပေက္ခာဝေဒနာ၊

ဟိတ် - ဉာဏဝိပ္ပယုတ်သည် ဒွိဟိတ် (အလောဘ, အဒေါသ)

ဉာဏသမ္ပယုတ်သည် တိဟိတ်၊(အလောဘ, အဒေါသ, အမောဟ)၊

ကိစ္စ - ဇောကိစ္စ၊ ဒွါရ - (၆)ဒွါရ၊ အာရုံ - အလုံးစုံအာရုံ၊

---

၃။ (ဆောင်) သုက္ခဝိပဿက, ပုဂ္ဂလနှင့်, ဈာနလာဘီ, ဖြစ်တုံပြီလည်း, ထိုဉ်ဈာန်စု, ဝင်စားမှုကို, မပြုလုံးလုံး, မသုံးမသပ်, ကာမဓာတ်တွင်, လက္ခဏာတင်၏၊ ထို့ပြင်တဝ, ပုဂ္ဂိုလ်ကမူ, ပထမဈာန်, ဝင်စံသော်လည်း, တစ်ကြောင်းသုံးသပ်, နှစ်ရပ်လုံးလည်း, ပြုသောနည်းဖြင့်, ခရီးဉာဏ်စဉ်, တက်သွားလျှင်သော်, ဈာနင်ငါးဝယ်, ဘယ်ဟာတစ်ခု, စက်ဆုပ်မှုလျှင်း, မရှိခြင်းကြောင့်, ယင်းတို့မဂ္ဂ, ပထမသည်, ဈာနအယှဉ်, မြဲသတည်း။ (သင်္ဂြိုဟ်ဘာသာဋီ ၉၁)

http://www.dhammadownload.com



## ၁၃၃၀ - ခုနှစ် ဓမ္မပဒ

၁။ "အမဇ္ဇပေါ မာစ မုသာ ဘဏာဟိ" ၌ မုသာ "အသာရေ သာရမတိနော"၌သာရမတိနောတို့ကို နာမ်ရုပ်ကျဉ်းတွက်ခဲ့ပါ။

ဖြေ - မုသာ နာမ်ရုပ်ကျဉ်း - မုသာကို မုသာတည်၊ ဒုတိယာ ဧကဝုစ် အံဝိဘတ်သက်၊ သဗ္ဗာသမာဝုသောပသဂ္ဂနိပါတာ ဒီဟိစ သုတ်ဖြင့် အံ, ဝိဘတ်ကိုချေ၊ မုသာပြီး၏။

သာရမတိနော နာမ်ရုပ်ကျဉ်း - (၁၈ - ခုနှစ်၊ ဓမ္မပဒအဖြေ၌ပါပြီး)

၂။ "ကိံ ကာဟသိ ဗျဂ္ဃနံ ဗဟုံ" ၌ ကာဟသိ၊ "သာမိ မာ သဒ္ဒံ ကရိ" ၌ ကရိတို့ကို အာချာတ်ရုပ်ကျဉ်းတွက်ခဲ့ပါ။

ဖြေ - ကာဟသိ အာချာတ်ရုပ်ကျဉ်း - ကာဟသိကို ကရတည်၊ ကရ-ကရဏေအနက်၌ ဓာတ်အမည်မှည့်၊ အဆုံးသရချေ၊ အနာဂတေဘဝိဿန္တိသုတ်ဖြင့် ဘဝိဿန္တိဿသိဝိဘတ်သက်၊ ဘူဝါဒိတောအသုတ်ဖြင့် အပစ္စည်းသက်၊ ကရဿ သပ္ပစ္စယဿကာဟောသုတ်ဖြင့်ကရဓာတ်ကိုကာဟပြု၍ ဿသိ၌ ဿကိုလည်းချေ၊ ဟ်ကို အသို့ကပ်၊ ကာဟသိပြီး၏။

ကရိ အာချာတ်ရုပ်ကျဉ်း-

ကရိကိုကရတည်၊ ကရ-ကရဏေအနက်၌ ဓာတ် အမည်မှည့်၊ အဆုံးသရချေ၊ မာယောဂေသဗ္ဗကာလေစသုတ်ဖြင့် မာသဒ္ဒါ အယှဉ်အဇ္ဇတနီဩဝိဘတ်သက်၊ တနာဒိတောဩယိရာသုတ်

---

၁။ မုသာတိ ဒုတိယန္တော တတိယန္တောဝါ နိပါတော (သီဋီသစ်) အရ မုသာသည် ဒုတိယန္တ, တတိယန္တ နိပါတ်ပုဒ်တည်း။

http://www.dhammadownload.com



ဖြင့် ဩပစ္စည်းသက်၊ ကွစိဓာတု သုတ်ကြီးဖြင့် ဩဝိဘတ်ကို ဋ္ဌပြု၍ ဩ ပစ္စည်းကိုလည်း ချေ၊ ရ်ကို ဋ္ဌသို့ကပ်၊ ကရိပြီး၏။

၃။ **ဒီပံ ကယိရာထ မေဓာဝီ, ယံ ဩဃော နာဘိကီရတိ - ၌ ဒီပံအရ၊ ကရဓာတ်အရ၊ ယံအရတရားတို့ကို ဖော်ပြပါ။**

ဖြေ - **ဒီပံအရ** - အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်၊
**ကရဓာတ်အရ** မဟာကုသိုလ်ဉာဏသမ္ပယုတ်(၄)ပါး၌ရှိသောပညာ၊
**ယံ အရ** - အရဟတ္တဖိုလ်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

၄။ **"အရိယာနံ ဂေါစရေ ရတာ" ၌ ဂေါစရ အရ 'အဘဗ္ဗော ပရိဟာနာယ'၌ပါဌ်သေသကရိုဏ်းပါဌ်အရတို့ကိုဖော်ပြပါ။**

ဖြေ - **ဂေါစရ အရ** - ဗောဓိပက္ခိယတရား (၃၇)ပါး၊ လောကုတ္တရာတရား (၉)ပါး တို့ဖြစ်ပါသည်။
**ပါဌ်သေသ ကရိုဏ်းပါဌ်အရ** -မဟာကုသိုလ်, မဟာကြိယာ, မဟဂ္ဂုတ်ကုသိုလ်, မဟဂ္ဂုတ်ကြိယာတို့၌ရှိသော စေတနာဟူ

---

၂။ ကာဝှဟာသိ ဝိနည်းအဖြေ ၃၄ ခုနှစ်၌ ရှု၊ ကစ်ဘာဋီ ၊ အခြေပြုတို့အလို ရုပ်တွက်ခဲ့ပြီ၊ ယခုရုပ်တွက်ပုံသည် သပြေကန် သဒ္ဒါကြီးနိဿယ ၂၊ ၅၄၂ အလိုတည်း၊ ကရိ၌ ကတ္တားကို တွဲဟု ထည့်ရမည်ဖြစ်၍၊ တုမှယောဂ ဖြစ်ရကား ဩဝိဘတ်သက်ရသည် ကို သတိပြုပါ။
၃။ ဤ၌ ကရဓာတ်အရ မေဓာဝီနှင့် အရတူသောကြောင့် အထက်ပါအတိုင်း ကောက်သည်၊ အချို့က ဒီပကိုပြုဟူရာ၌ (သင်္ခ္ကါရဏ)အာရုံပြုသောအားဖြင့် ပြုသည်ဟုယူ၍ မဟာကြိယာကို ကောက်ကြ၏၊ အချို့ကား ဥဋ္ဌာနအပ္ပမာဒ စသည်တို့ဖြင့် ဒီပကို ပြုသောကြောင့် ဝီရိယ, သတိစသည်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကို ကောက်ယူကြ၏၊ နှစ်သက်ရာ ယူကြလေ။

http://www.dhammadownload.com



သောသမထ၊ မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ် ၌ရှိသောပညာဟူသော ဝိပဿနာနှင့်မဂ်ဖိုလ်ဖြစ်ပါသည်။

## ၁၃၃၁ - ခုနှစ် ဓမ္မပဒ

၁။ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ, မနောသေဋ္ဌာ မနောမယာ
မနသာ စေ ပသန္နေန, ဘာသတိ ဝါ ကရောတိ ဝါ"
အထက်ပါ ဂါထာဝယ် မနောပုဗ္ဗင်္ဂမာကို သုတ်ညွှန်း တို့ဖြင့် ပဒစ္ဆေဒပြု၍၊ (စေ)ကိုနာမ်ရုပ်ကျဉ်းတွက်ပြီးလျှင် မနနောင် ပထမာ, သတ္တမီဝိဘတ်တို့ဖြင့် ပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - မနောပုဗ္ဗင်္ဂမာကို -
သရာပကတိဗျဉ္ဇနေ သုတ်အရ - - မနောပုဗ္ဗင်္ဂမာ၊
နိဂ္ဂဟိတဉ္စ, ဝဂ္ဂန္တံဝါဝဂ္ဂေ သုတ်တို့အရ-မနောပုဗ္ဗ+ဂမာ ဟု ပဒစ္ဆေဒ ပြုရမည်။ (နီတိသုတ္တ)
(တစ်နည်း)ဝဂ္ဂန္တံဝါဝဂ္ဂေသုတ်အရ -မနောပုဗ္ဗံ+ဂမာဟုပဒစ္ဆေဒပြု၊

---

၄။ ဂေါစရအရ အဖွင့်အတိုင်းကောက်သည်၊ ပါဠိသေသကရိုဏ်း ပါဠိသည် အပ္ပမာဒရတော၊ ပမာဒေ ဘယဒဿီဝါဟူသောပုဒ်တို့ကို တတိယာဝိဘတ် ဖြင့်ပြောင်း၍ ကရိုဏ်းပါဠိ လုပ်ရမည်၊ ထိုကြောင့် ပီတိ, သောမနဿ, ပညာ စသည်ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တို့ကို ကရိုဏ်း ပါဠိအရ ကောက်ယူရလိမ့်မည်၊ မိမိအထင်မှာ ပုစ္ဆကသည် အဘဗ္ဗော ပရိဟာ နာယအဖွင့် သမထဝိပဿနာဓမ္မေဟိဝါ မဂ္ဂဖလေဟိ ဝါ ဟူသော အပါဒါန် တို့ကို တတိယန္တပုဒ်ထင်၍ ကရိုဏ်းပါဠိ အရဟု မေးမိသည် ထင်၏၊ ထို့ ကြောင့် ၎င်းအပါဒါန်ပါဠိတို့ကိုပင် ကရိုဏ်းပါဠိလုပ်၍ ဖြေခဲ့သည်။

http://www.dhammadownload.com



စေ နာမ်ရုပ်ကျဉ်း - စေကို စေတည်၊ ပထမာကေဝုစ်
သိဝိဘတ်သက်၊ သဗ္ဗာသမာဝုသောပသဂ္ဂနိပါတာဒီဟိစ -
သုတ်ဖြင့် သိဝိဘတ် ကိုချေ စေ ပြီး၏။
မနနောင် ပထမာ, သတ္တမီ ဝိဘတ်တို့ဖြင့် နာမပဒမာလာ -
ပ - မနံ, မနော မနာ, မနာနိ
သ - မနသ္မိံ, မနမှိ, မနေ, မနသိ မနေသု ။

၂။ ပသန္နေန၌ မည်သည့်သုတ်ဖြင့် မည်သည့်အနက်၌မည်သည့် ဝိဘတ် သက်ထားသည်ကို ရေး၍၊ မနသာ၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဥတ္တမပုရိသ်ဖြင့်သာ ကမ္မရုပ်ပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - ပသန္နေန ၌ - ကရဏေတတိယာသုတ်ဖြင့် ကရိုဏ်း အနက် ၌ (တုလျာဓိကရဏဝိသေသနအနက်ဟုလည်း ဆိုကြ၏) တတိယာဧကဝုစ် နာဝိဘတ်သက်ထားပါသည်။
(ကစ်ဘာဋီ ၁၊ ၃၈၆ ရှု)

မနသာ ၌ မနဓာတ်ဖြစ်၍ ကမ္မရုပ်စဉ်ဟန် -
(ဧ) မညေ, မနျေ (မှေ) မညာမှေ, မနျာမှေ။

၃။ အထက်ပါဂါထာဝယ် မနောအရ စိတ်တို့ကို သာမည, ဝိသေသ ခွဲခြားကောက်ပြ၍၊ ဝိသေသအရစိတ်ကိုသာ ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, ဝတ္ထုတို့ဖြင့် ဝေဖန်ပါ။

ဖြေ - မနောအရ သာမညအားဖြင့် - ကာမစိတ် (၅၄)ပါး၊ ရူပ စိတ်(၁၅)ပါး၊အရူပစိတ်(၁၂)ပါး၊လောကုတ္တရာစိတ်(၈)ပါး ဟူသော စတုဘူမိကစိတ်တို့ ဖြစ်ပါသည်။
ဝိသေသအားဖြင့် - မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



ဝေဒနာ- သောမနဿဝေဒနာ၊
ဟိတ် - တိဟိတ် (အလောဘ, အဒေါသ, အမောဟ)၊
ကိစ္စ - ဇောကိစ္စ၊ ဒွါရ - (၆)ဒွါရ၊
ဝတ္ထု - ဟာဒယဝတ္ထု (ရံခါမှီ, ရံခါမမှီ) ။

၄။ (၃)နံပါတ် ပုစ္ဆာပါ သာမညအရ စိတ်တို့တွင် နောက်ဆုံး စိတ်နှင့်ယှဉ်သောစေတသိက်တို့ကို တိကျစွာရေး၍၊ ဝိသေသအရစိတ်က အာရုံပြုနိုင်သမျှသော တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

ဖြေ - သာမညအရ စိတ်တို့တွင် နောက်ဆုံးဖြစ်သော (ပဉ္စမဈာန် အရဟတ္တဖိုလ်စိတ်) စိတ်နှင့် ယှဉ်သော စေတသိက် တို့မှာ ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်း စေတသိက် (၁၀)ပါး၊ အပ္ပမညာကြဉ် သောဘနစေတသိက် (၂၃) ပါး၊ ပေါင်း (၃၃)ပါး ဖြစ်ပါသည်။

ဝိသေသအရ စိတ်က အာရုံပြုနိုင်သမျှ တရားတို့မှာ -
အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ ၊
(ဝါ - အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ် စိတ် ၈၇- ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈--ပါး၊ နိဗ္ဗာန်၊ ပညတ် အာရုံ)

## ၁၃၃၂ - ခုနှစ် ဓမ္မပဒ

၁။ "အနိက္ကသာဝေါ ကာသာဝံ, ယော ဝတ္ထံ ပရိဒဟိဿတိ၊ အပေတော ဒမသစ္စေန, န သော ကာသာဝမရဟတိ" အထက်ပါဂါထာ၌ အနိက္ကသာဝေါပုဒ်၊ "ယော စ ဝန္တ ကသာဝဿ" ၌ ဝန္တကသာဝဿ ပုဒ်တို့ကို ပဒစ္ဆေဒပြု၍

http://www.dhammadownload.com



ကသာဝပုဒ်ကိုလည်း နာမပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - အနိက္ကသာဝေါ - အနိ+ကသာဝေါ
ဝတ္ထကသာဝ'သ - ဝတ္ထကသာဝေါ+အသ ဟု ပဒစ္ဆေဒပြုရမည်။

ကသာဝပုဒ် နာမပဒမာလာ -

| | | |
|---|---|---|
| ပ - | ကသာဝေါ | ကသာဝါ |
| အာ - | ဘော ကသာဝ, ကသာဝါ | ဘောန္တော ကသာဝါ |
| ဒု - | ကသာဝံ | ကသာဝေ |
| တ - | ကသာဝေန | ကသာဝေဟိ, ဘိ |
| စ - | ကသာဝဿ | ကသာဝါနံ |
| ပဉ္စ - | ကသာဝသ္မာ, မှာ, ကသာဝါ | ကသာဝေဟိ, ဘိ |
| ဆ - | ကသာဝဿ | ကသာဝါနံ |
| သ - | ကသာဝသ္မိံ, မှိ, ကသာဝေ | ကသာဝေသု ။ |

၂။ ပရိဒဟိဿတိကို အာချာတ်ရုပ်ကျဉ်းတွက်၍ ယင်းပုဒ်ကိုပင် ရှိရင်းစွဲဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - ပရိဒဟိဿတိ အာချာတ်ရုပ်ကျဉ်း -ပရိဒဟိဿတိကို ပရိပုဗ္ဗဓာတည်၊ ဘဝိဿန္တိဿတိဝိဘတ်သက်၊ ကွစာဒိဝဏ္ဏာ နမေကဿရာနံဒွေဘာဝေါသုတ်ဖြင့် ဓာ၏ဒွေဘော် ဓလာ၊ ပုဗ္ဗောဗ္ဘာသောသုတ်ဖြင့် ရှေ့ဓာကို အဗ္ဘာသအမည်မှည့်၊ ရဿောသုတ်ဖြင့် အဗ္ဘာသ၌ဖြစ်သောဓာ၏ အာကိုအရဿ ပြု၊ ဒုတိယစတုတ္ထာနံ ပဌမတတိယာသုတ်ဖြင့်အဗ္ဘာသ၌

---

၁။ ကသာဝေါ နိတ္တိယံ (ဓာန်)အရ ကသာဝသည် ပုံလိင် နပုံလိင်ဖြစ်၏၊ ထို့ကြောင့် နပုံလိင် ဖြင့်လည်း စဉ်နိုင်သည်။

http://www.dhammadownload.com



ဖြစ်သော စတုတ္ထအက္ခရာ ဓကို တတိယအက္ခရာ ဒပြု၊ ကွစိဓာတုသုတ်ကြီးဖြင့် ဓကို ဟပြု၍ အာကိုလည်း အရဿပြု၊ က္လကာရာဂမော အသဗ္ဗဓာတုကမှိ သုတ် ဖြင့် က္လလာ၊ ဟာခွင်း ချေ ကပ်၊ ပရိဒဟိဿတိ ပြီး၏။

ယင်းပုဒ်ရှိရင်းစွဲဝိဘတ်ဖြင့် အာချာတပဒမာလာ -

(ဿတိ) ပရိဒဟိဿတိ, ပရိဒဟေဿတိ, ပရိဓဿတိ၊
(ဿန္တိ) ပရိဒဟိဿန္တိ, ပရိဒဟေဿန္တိ, ပရိဓဿန္တိ၊
(ဿသိ) ပရိဒဟိဿသိ, ပရိဒဟေဿသိ, ပရိဓဿသိ၊
(ဿထ) ပရိဒဟိဿထ, ပရိဒဟေဿထ, ပရိဓဿထ၊
(ဿာမိ)ပရိဒဟိဿာမိ, ပရိဒဟေဿာမိ, ပရိဓဿာမိ၊
(ဿာမ)ပရိဒဟိဿာမ, ပရိဒဟေဿာမ, ပရိဓဿာမ ။

၃။ "အနိက္ကသာဝေါ" ၌ ကသာဝအရကို ကုန်စင်အောင် ကောက်ပြ၍၊ ယင်းတရားတို့တွင် ခြောက်ခုမြောက်တရားနှင့် ယှဉ်သော စိတ်ကိုလည်း ကောက်ပြခဲ့ပါ။

ဖြေ - ကသာဝ အရ - (၁၈ - ခု၊ ဓမ္မပဒအဖြေ၌ ပါပြီး)
ယင်းတရားတို့တွင် ခြောက်ခုမြောက်ဖြစ်သော ဝိစိကိစ္ဆာ နှင့် ယှဉ်သောစိတ်မှာ - ဝိစိကိစ္ဆာသဟဂုတ်စိတ် ဖြစ်ပါသည်။

၄။ ကသာဝအရ ခြောက်ခုမြောက်တရားကို ဝေဒနာ, ဟိတ်,

---

၂။ ပရိဒဟိဿတိ – ရူပသိဒ္ဓိ ပိဒဟာတိ နည်းမှီ၍ တွက်ရသည်၊ ပရိဒဟိဿတိ ၌ ဿတိသည် ပစ္စုပ္ပန်မှအနာဂတ်ဝိဘတ်ပြန်နေသော ဝိဘတ္တိဝိပလ္လာသ တည်း၊ (အခြေပြု – ၌ ၁၁၇) ယင်းပုဒ်ကိုဟုသုံးထား ၍ ပရိဒဟိဿတိ စသည်ဖြင့် ပရိရှေးရှိ၍ စဉ်ရသည်။

http://www.dhammadownload.com



ကိစ္စတို့ဖြင့် ဝေဖန်၍၊ ယင်းတရား၏ အာရုံ အာရမ္မဏိက ဖြစ်ထိုက်သော တရားတို့ကို ခွဲခြား၍ ကောက်ပြခဲ့ပါ။

ဖြေ - ကသာဝအရ ခြောက်ခုမြောက်တရားသည် -
ဝေဒနာ -ဥပေက္ခာဝေဒနာ၊
ဟိတ် - ဧကေဟိတ် (မောဟ)၊ ကိစ္စ - ဇောကိစ္စ၊
ယင်းတရား၏ အာရုံ - လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊
အာရမ္မဏိကတရား - (၃၂ - ခု၊ အံအဖြေ၌ပါသော ကာမစ္ဆန္ဒ၏ အာရမ္မဏိကနည်းတူ ထုတ်ရမည်)။

## ၁၃၃၃ - ခုနှစ် ဓမ္မပဒ

၁။ " အထ ခေါ မဟာလိ လိစ္ဆဝိ ယေန ဘဂဝါ တေနုပသင်္ကမိ" ၌ ဘဂဝါကို သတ္တမီဝိဘတ်ဖြင့် နာမပဒမာလာ စဉ်၍၊ ယေန၌ မည်သည့်သုတ်ဖြင့် မည်သည့်အနက်၌ မည်သည့် ဝိဘတ် သက်ထားသည်ဟု ညွှန်ပြခဲ့ပါ။

ဖြေ - ဘဂဝါ နာမပဒမာလာ -
သ - ဘဂဝတိ, ဘဂဝန္တသ္မိံ, ဘဂဝန္တမှိ, ဘဂဝန္တေ ဘဂဝန္တေသု။
ယေန - (၁၉ - ခု၊ ၂၄- ခု၊ အံအဖြေတို့၌ ပါပြီး)

၂။ "သတ္တော သတ္တတ္တံ အဇ္ဈဂါ" ၌ အဇ္ဈဂါကို အာချာတ်ရုပ် ကျဉ်းတွက်၍၊ အဇ္ဈဂါပုဒ်ကို ရှိရင်းကာရိယဝိဘတ် အမျိုး အစားအတိုင်းပရဿပုဒ်ဖြင့် ကတ္တုရုပ်အာချာတပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - အဇ္ဈဂါ အာချာတ်ရုပ်ကျဉ်း -

http://www.dhammadownload.com



အဋ္ဌဂါကို အစိရှေးရှိသော ဂမုတည်၊ ဂမု- ဂတိမှ အနက်၌ ဓာတ်အမည်မှည့်၊အဆုံးသရချော၊ သမီပေဇ္ဇတနီသုတ်ဖြင့်အဇ္ဇ တနီဤဝိဘတ်သက်၊ ကွစိဓာတုသုတ်ကြီးဖြင့် ဂမ်ကိုဂါပြု၍ ဤဝိဘတ်ကိုလည်းချေ၊အကာရာဂမောဟိယျတ္တနီအဇ္ဇတနီ ကာလာတိပတ္တိသုသုတ်ဖြင့်ဓာတ်၏အစ၌အလာ၊ အဗ္ဘော အဝိသုတ်ဖြင့် အဝိကိုအဋ္ဌပြု၊ ဋ္ဌခွင်း၊ ချေ၊ ကပ်၊ အဋ္ဌဂါပြီး၏။

အဋ္ဌဂါပုဒ် ရှိရင်း ဂါ,ပြုကာရိယဖြင့် အာချာတပဒမာလာ

(ဤ) အဋ္ဌဂါ။ (ဦ) အဋ္ဌဂုံ၊
(သြ) အဋ္ဌဂေါ။ (တ္ထ) အဋ္ဌဂုတ္ထ၊
(က္ကံ) အဋ္ဌဂိံ၊ (မှာ) အဋ္ဌဂုမှ။ (ရူ ၂၈၀)

၃။ "ဖုသန္တိ ဓီရာ နိဗ္ဗာနံ" ၌ ဓီရာအရ အလိုရှိအပ်သော ပုဂ္ဂိုလ်ကို ဖော်ပြ၍၊ ဖုသန္တိ ၌ ဖုသနကြိယာအရ ပရမတ္ထတရားကောက်ပြပြီးလျှင်၊ ယင်း၏ အာရမ္မဏိကတရားကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ - ဓီရာ အရ အလိုရှိအပ်သော ပုဂ္ဂိုလ် -
ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်ဖြစ်ပါသည်။
ဖုသန္တိ ၌ ဖုသနကြိယာအရ - ဖိုလ်လေးပါး ဖြစ်ပါသည်။
(၂၃ - ခုနှစ်၌လည်း ပါပြီး)
ယင်း၏ အာရမ္မဏိကတွင် -
အောက်ဖိုလ်သုံးပါး၏ အာရမ္မဏိကကား - မဟာကုသိုလ် ဉာဏ သမ္ပယုတ် (၄)ပါး၊ မဟာကြိယာဉာဏသမ္ပယုတ် (၄)ပါး၊ အဘိညာဉ် (၂)ပါး၊ ဝုဋ္ဌော(၁) ပါး ပေါင်း (၁၁)ပါး။
အရဟတ္တဖိုလ်၏ အာရမ္မဏိက - (၂၁ - ခု၊ ဝိနည်းအဖြေ၌ ပါပြီး)

http://www.dhammadownload.com



၄။ "ပမာဒေါ မစ္စုနော ပဒံ" ၌ ပမာဒအရ ကောက်ပြ၍၊ ယင်းတရားကို ဝေဒနာ, ကိစ္စ, ဒွါရ တို့ဖြင့် ဝေဖန်ခဲ့ပါ။

ဖြေ - ပမာဒအရ - အကုသိုလ်စိတ် (၁၂)ပါး၊ ထို၌ယှဉ်သော အညသမာန်း စေတသိက် (၁၃)ပါး၊ အကုသိုလ်စေတသိက် (၁၄)ပါး ဟူသော အကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

(မူ ဋီ-၂၊ ၂၁၇ စသည်၌ ရှု)

ယင်းအကုသိုလ်စိတ္တုပ္ပါဒ်၏ ဝေဒနာစသည် -

(၂၀ခုမြောက်ပုဒ်အဖြေ၌ပါပြီး)

## ၁၃၃၄ - ခုနှစ် ဓမ္မပဒ

ဥဋ္ဌာနေနပ္ပမာဒေန, သံယမေန ဒမေန စ၊
ဒီပံ ကယိရာထ မေဓာဝီ, ယံ ဩဃော နာဘိကီရတိ။

၁။ အထက်ပါဂါထာ၌ ပထမပါဒကို ပုဒ်ဖြတ်၍၊ ကယိရာထကို ဓာတ်, ပစ္စည်း, ဝိဘတ်, ဂိုဏ်း ခွဲပြပါ။

ဖြေ - ဥဋ္ဌာနေနပ္ပမာဒေန - ဥဋ္ဌာနေန+အပ္ပမာဒေန (ဥ+ဌာနေန+အ+ပမာဒေန ဟုလည်း ဖြတ်နိုင်၏)

ကယိရာထ သည် - ကရဓာတ်, ယိရပစ္စည်း၊ ဧထဝိဘတ်၊ တနာဒိဂိုဏ်းဖြစ်ပါသည်။

၂။ မေဓာဝီကို နာမပဒမာလာစဉ်၍၊ ကယိရာထ၌ ဓာတ်ကို ယူပြီး သတ္တမီပရဿပုဒ်ဖြင့် ပဒမာလာ စဉ်ပြပါ။

ဖြေ - မေဓာဝီ နာမပဒမာလာ -

ပ - မေဓာဝီ မေဓာဝီ, မေဓာဝိနော

http://www.dhammadownload.com



အာ - ဘော မေဓာဝိ ဘောန္တော မေဓာဝီ, မေဓာဝိနော
ဒု - မေဓာဝိံ, မေဓာဝိနံ မေဓာဝီ, မေဓာဝိနော
(စသည်ဖြင့် ဒဏ္ဍီနည်းတူ ပုံလိုင် ဤကာရန္တဖြင့် စဉ်ရမည်)

ကယိရာထဉ် ဓာတ်ယှဉ်၍ ရုပ်စဉ်ဟန် -

(ဧယျ) ကရေယျ, ကရေ, ကုဗ္ဗေယျ, ကုဗ္ဗေ, ကြုဗ္ဗေယျ, ကြုဗ္ဗေ, ကယိရာ၊
(ဧယျုံ) ကရေယျုံ, ကုဗ္ဗေယျုံ, ကြုဗ္ဗေယျုံ, ကယိရုံ၊
(ဧယျာသိ) ကရေယျာသိ, ကုဗ္ဗေယျာသိ, ကြုဗ္ဗေယျာသိ, ကယိရာသိ၊
(ဧယျာထ) ကရေယျာထ, ကုဗ္ဗေယျာထ, ကြုဗ္ဗေယျာထ,ကယိရာထ၊
(ဧယျာမိ) ကရေယျာမိ, ကုဗ္ဗေယျာမိ, ကြုဗ္ဗေယျာမိ, ကယိရာမိ၊
(ဧယျာမ) ကရေယျာမ, ကုဗ္ဗေယျာမ, ကြုဗ္ဗေယျာမ, ကယိရာမ ။

၃။ ဒီပံအရ တရားကို ကောက်ပြ၍၊ ၎င်းတရားကို ဟိတ်, ကိစ္စ, ဒွါရ, အာရုံတို့ဖြင့် ဝေဖန်ခဲ့ပါ။

ဖြေ - ဒီပံ အရ - အရဟတ္တဖိုလ် ဖြစ်ပါသည်။
ဟိတ် စသည် - (၁၈ - ခု၊ ဝိနည်းအဖြေ၌ပါပြီး)

၄။ ဥဋ္ဌာနေနအရ ပရမတ္ထတရားကို ကောက်ပြ၍၊ ၎င်းနှင့် ယှဉ်သော စိတ်, စေတသိက်များကို ဖော်ပြပါ။

ဖြေ - ဥဋ္ဌာနေန အရ - မဟာကုသိုလ်စိတ်၌ရှိသော ဝီရိယ စေတသိက် ဖြစ်ပါသည်။
၎င်းနှင့်ယှဉ်သော စိတ် - မဟာကုသိုလ်စိတ် (၈)ပါး
စေတသိက် - အရင်းခံဝီရိယကြဉ်အညသမာန်းစေတသိက် (၁၂)ပါး၊ သောဘနစေတသိက်(၂၅)ပါး၊ပေါင်း (၃၇)ပါးဖြစ်ပါသည်။

http://www.dhammadownload.com



## ၁၃၃၅ - ခုနှစ် ဓမ္မပဒ

သုဘာနုပဿိံ ဝိဟရန္တံ, ဣန္ဒြိယေသု အသံဝုတံ၊
ဘောဇနမှိစာ မတ္တညုံ, ကုသီတံ ဟီနဝီရိယံ၊
တံ ဝေ ပသဟတိ မာရော, ဝါတော ရုက္ခံဝ ဒုဗ္ဗလံ။

၁။ အထက်ပါ ဂါထာ၌ သုဘာနုပဿိံ ကို ပုဒ်ဖြတ်ပြီး၊ ဝိဟရန္တံ ကို နာမပဒမာလာ စဉ်ပြပါ။

ဖြေ - သုဘာနုပဿိံ - သုဘံ+အနုပဿိံ၊
(တနည်း) သုဘ+အနုပဿိံ ဟုလည်း ပဒစ္ဆေဒပြု

ဝိဟရန္တံ နာမပဒမာလာ -

| | | |
|---|---|---|
| ပ - | ဝိဟရံ, ဝိဟရန္တော | ဝိဟရန္တာ, ဝိဟရန္တော |
| အာ - | ဘောဝိဟရံ, ဝိဟရ, ဝိဟရာ | ဘောန္တော ဝိဟရန္တာ, ဝိဟရန္တော |
| ဒု - | ဝိဟရံ, ဝိဟရန္တံ | ဝိဟရန္တေ |

(စသည်ဖြင့် ဂစ္ဆန္တာဒိဂိုဏ်းဖြင့် စဉ်ရမည်)

၂။ "အမတ္တညုံ" ကိုပုဒ်ခွဲပြီး၊ နောက်ဆုံးပုဒ်မှ ဓာတ်ကို ယူကာ ပဥ္စမီဝိဘတ် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - အမတ္တညုံ သည် - န (နိပါတ်)ပုဒ်၊ မတ္တာ(ကိတ်နာမ်)ပုဒ်၊ ညူ (ကိတ်နာမ်) ပုဒ်တို့ ဖြစ်ပါသည်။

နောက်ဆုံးပုဒ်ညာဓာတ်ဖြစ်၍ပဥ္စမီပရဿပုဒ်ဖြင့်အာချာတပဒမာလာ

| | | | |
|---|---|---|---|
| (တု) | ဇာနာတု, ညာတု၊ | (အန္တု) | ဇာနန္တု, ညန္တု (ဥန္တု)၊ |
| (ဟိ) | ဇာနာဟိ, ဇာန, ညာဟိ၊ | (ထ) | ဇာနာထ, ညာထ၊ |
| (မိ) | ဇာနာမိ, ညာမိ၊ | (မ) | ဇာနာမ, ညာမ။ |

http://www.dhammadownload.com



၃။ သုဘာနုပဿိ'မှ အန္တတ္ထကို 'အရကောက်ပြီး၊ ၎င်းတရားကို ဟိတ်, ကိစ္စ, ဒွါရ, အာရုံ တို့ဖြင့် ဝေဖန်ပြပါ။

ဖြေ - သုဘာနုပဿိ'၌ အန္တတ္ထအရ -
လောဘပြဋ္ဌာန်းသော လောဘမူစိတ် (၈)ပါး၊
ဟိတ်စသည် - (၂၂ - ခုနှစ်၊ ဓမ္မပဒအဖြေ၌ပါပြီး)

၄။ မာရောအရ ပရမတ္ထတရားကို ကောက်ပြ၍၊ ၎င်း၏ ယှဉ်ရာ စိတ်ကိုလည်း ဖော်ပြပါ။

ဖြေ - မာရောအရ - (ကသာဝ)နည်းတူ ကိလေသာ (၁၀)ပါး
၎င်း၏ ယှဉ်ရာစိတ် - အကုသိုလ်စိတ် (၁၂)ပါး ဖြစ်ပါသည်။

## ၁၃၃၆ - ခုနှစ် ဓမ္မပဒ

သေ ဘိယျော ပမုယှာမိ, သဗ္ဗာ မုယှန္တိ မေ ဒိသာ
သာမာဝတိ မံ တာယဿု, တွဉ္စ မေ သရဏံ ဘဝ။

၁။ အထက်ပါ ဂါထာ၌ သန္ဓိပုဒ်များကို ပုဒ်ဖြတ်ကာ ရုပ်ကျဉ်း စီရင်ပြီး၊ သာမာဝတိကို လိင်, ဂိုဏ်း, ကာရန် ညွှန်း၍ နာမပဒမာလာ စဉ်ပြပါ။

ဖြေ - သေဘိယျော - သေော+ဘိယျော၊
တွဉ္စ - တွံ+စ၊
သေဘိယျော သန္ဓိရုပ်ကျဉ်း -
သေဘိယျောကို သေော+ဘိယျော ဟုပုဒ်ဖြတ်၊ သခွင်း ဩကြွင်း လောပဉ္စတတြာကာရော သုတ်ဖြင့် ဩကို ချေ၊ ထိုကျေရာ၌ အလာ၊ သေဘိယျော ပြီး၏။

http://www.dhammadownload.com



တဝ္ဃ သန္ဓိရုပ်ကျဉ်း -

တဝ္ဃကို တွံ+စ ဟုပုဒ်ဖြတ်၊ ဝဂ္ဂန္တံဝါဝဂ္ဂေ သုတ်ဖြင့် တ, အထက်၌ရှိသော နိဂ္ဂဟိတ်ကို စဝဂ္ဂန္တ ဉ ပြု၍ တဝ္ဃ ပြီး၏။

သာမာဝတီသည် ဣတ္ထိလိင်၊ နဒါဒိဂိုဏ်း၊ ဤကာရန်ဖြစ်ပါသည်။

နာမပဒမာလာ

| | |
|---|---|
| ပ - သာမာဝတီ | သာမာဝတီ, သာမာဝတိယော |
| အာ ဘောတိ သာမာဝတိ | ဘောတိယော သာမာဝတီ, သာမာဝတိယော |
| ဒု - သာမာဝတိံ, သာမာဝတိယံ | သာမာဝတီ, သာမာဝတိယော |
| တ - သာမာဝတိယာ | သာမာဝတီဟိ, ဘိ |
| စ - သာမာဝတိယာ | သာမာဝတီနံ |
| ပဉ္စမီ - သာမာဝတိယာ | သာမာဝတီဟိ, ဘိ |
| ဆ - သာမာဝတိယာ | သာမာဝတီနံ |
| သ - သာမာဝတိယာ, သာမာဝတိယံ | သာမာဝတီသု။ |

၂။ တာယသ္မိ ဝယ် ဓာတ် ပစ္စည်း ဝိဘတ်ဖော်ပြ၍၊ သတ္တမီ ပရဿပုဒ် ဝိဘတ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

ဖြေ - တာယသ္မိ၌ တာဓာတ်၊ ဒိဝါဒိ ယပစ္စည်း၊ ပဉ္စမီသ္မိဝိဘတ်။

---

၁။ သာမာဝတီပုဒ်၌ ကပစ္စည်းအလို သာမာပုဒ်ဝန္တုပစ္စည်းဖြင့်ပြီးသော သာမာဝန္တုနောင် ဏာဝဏိကဏေယျဏန္တုဟိသုတ်ဖြင့် ဤပစ္စည်းသက်၍ န္တုဿတ မိကာရေသုတ်ဖြင့် ဆက်စီရင်ရမည်၊ ပိဋကတ်ကျမ်းညွှန်းအလို သာမာပုဒ်, ဝတိပုဒ် ဣတ္ထိဇောတက ဤပစ္စည်း ဟူ၏၊ ထိုအလို ဤပစ္စည်းသက်သော သုတ်ရှာရပေလိမ့်မည်။

http://www.dhammadownload.com



(တစ်နည်း) - တာယဓာတ်၊ တာယုဓာတ်၊ ဘွဝါဒိအပစ္စည်း၊
ပဥ္စမီသုဝိဘတ်တို့ ဖြစ်ပါသည်။

သတ္တမီပရသ္မပုဒ်ဖြင့် အာချာတပဒမာလာ -

( ဧယျ ) တာယေယျ, တာယေ (ဧယျုံ) တာယေယျုံ
(ဧယျာသိ) တာယေယျာသိ,တာယေ (ဧယျာထ) တာယေယျာထ
(ဧယျာမိ) တာယေယျာမိ,တာယေ (ဧယျာမ) တာယေယျာမ ။

၃။ ပမုယှာမိ၌ ဓာတ်နှင့် ဓာတ်အရတို့ကို ဖော်ပြ၍၊ ၎င်းကို ဝေဒနာ, ဟိတ်, ကိစ္စ, အာရုံတို့ဖြင့် ဝေဖန်ပါ။

ဖြေ - ပမုယှာမိ၌ - ပပုဗ္ဗ မုဟူဓာတ်၊ (ဓာတွတ္ထ)
တစ်နည်း- မုဟဓာတ်၊ (နီတိ၊ ဓာတု)

ဓာတ်အရ - ဒေါသမူတွေး၌ရှိသော ဒေါသဖြစ်ပါသည်။

ဝေဒနာစသည် - (၄၇-ခုနှစ်၊ ဝိနည်းအဖြေ၌ပါပြီး)
(ဤကား ဝတ္ထုကြောင်းနှင့် ဘာယာမိဟူသော ပုဒ်တို့ကို ထောက်၍ ကောက်သည်)

တစ်နည်း - မောဟမူတွေး ဖြစ်ပါသည်။

ဝေဒနာ ဥပေက္ခာဝေဒနာ၊ ဟိတ် - ဧကဟိတ် (မောဟ)

ကိစ္စ - ဇောကိစ္စ၊ အာရုံ -လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊
(ဤကား အဘိ၊ ဋ္ဌ၊ ၁၊ မောဟအဖွင့်အရ ကောက်သည်)

၄။ " သရဏံ ဂစ္ဆတံ ဗုဒ္ဓံ" ကို ကတ္တားထည့် အနက်ပေးပြီး ကြိယာပုဒ်အရကိုလည်း စိတ်, စေတသိက် အတိအကျ ဖော်ပြပါ။

---

၃။ တာယသု နီတိ၊ဓာတု၊၆၂၊၁၄၄၊ ၂၂၅၊ ဓာတွတ္ထဂါထာ ၁၆၁၊ ၁၇၁ တို့၌ရှု

http://www.dhammadownload.com



ဖြေ - တွံ - သင်သည်၊ (ကတ္တားထည့်) တံဗုဒ္ဓံ - ထိုမြတ်စွာဘုရားကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆ - ဆည်းကပ်ပါလော။

ကြိယာပုဒ်အရ - ဆည်းကပ်ဖို့ရန် တိုက်တွန်းသော သာမာဝတီ၏ သန္တာန်၌ကရုဏာအဖွဲ့သကစေတနာ စသည်ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် ထိုဦ ယှဉ်သော အညသမာန်းစေတသိက် (၁၃)ပါး၊ သောဘန စေတသိက် (၂၅)ပါး ပေါင်း (၃၈)ပါး ဖြစ်ပါသည်။

## ၁၃၃၇ - ခုနစ် မေးပဒ

တေ ဈာယိနော သာတတိကာ, နိစ္စံ ဒဠှပရက္ကမာ၊
ဖုသန္တိ ဓီရာ နိဗ္ဗာနံ, ယောဂက္ခေမံ အနုတ္တရံ ။

၁။ အထက်ပါဂါထာ၌ သန္ဓိပုဒ်များကို ပုဒ်ဖြတ်ကာ ရုပ်ကျဉ်း စီရင်ပြီး၊ ဈာယိနောကို လိင်, ဂိုဏ်း, ကာရန် ညွှန်း၍ နာမပဒမာလာ စဉ်ပြခဲ့ပါ။

ဖြေ - ပရက္ကမာ - ပရာ+ကမာ၊ နိဗ္ဗာနံ - နိ+ဝါနံ၊ ယောဂက္ခေမံ- ယောဂ+ခေမံ၊ အနုတ္တရံ - အန်+ဥတ္တရံ (န+ဥတ္တရံ) ရုပ်ကျဉ်း - ပရက္ကမာကို ပရာ+ကမာဟု ပုဒ်ဖြတ်၊ က၏ သဒိသ

---

၄။ ဤ၌ ဝမ်းမြောက်မှုသဘော ဒုစရိုက်မှရှောင်ကြဉ်ခြင်းသဘော မရှိသော ကြောင့် မုဒိတာ, ဝိရတီသုံးပါးတို့ကို ကြဉ်၍ စေတသိက်(၃၄)ပါးဟု တိကျစွာ ထုတ်နိုင်၏။ သို့သော် ပထမဆင့်သာမဏေများသည် သင်္ဂြိုဟ်ပါဠ်လျောက် တိုက်ရိုက်သရုပ်အဓိပ္ပါယ်ကို ခဲယဉ်းစွာမှတ်သားနေသည့်အချိန် ဖြစ်၏၊ ထို့ကြောင့် ပါဠိအရှိအတိုင်း (၃၈)ပါး ထုတ်ထားပါသည်။

http://www.dhammadownload.com



ဒွေဘော် ကလာ၊ ရဿံသုတ်ဖြင့် ရာ၏ အာ,ကို အ, ရဿပြု၊ ဆရက္ကမာပြီး၏။

နိဗ္ဗာနံကို - နိ+ဝါနံ ဟု ပုဒ်ဖြတ်၊ ပရဒွေဘာဝေါဌာနေ သုတ်ဖြင့် ဝ၏သဒိသဒွေဘော် ဝ်လာ ၊ ဒေါမဘဝ သုတ်၌ စသဒ္ဒါဖြင့် ဝနှစ်လုံးကို ဗနှစ်လုံးပြု၊ နိဗ္ဗာနံ ပြီး၏။

ယောဂက္ခေမံ ကို ယောဂ+ခေမံဟု ပုဒ်ဖြတ်၊ ဝဂ္ဂေဃောသာဃောသာနံ တတိယပဌမာသုတ်ဖြင့် ခ၏အသဒိသဒွေဘော် က်လာ၊ ယောဂက္ခေမံ ပြီး၏။

အနုတ္တရံ ကို အန်+ဥတ္တရံ ဟု ပုဒ်ဖြတ်၊ နယေပရံယုတ္တေသုတ်ဖြင့် သရကင်းသောန်ဗျည်းကို နောက်သို့ကပ်၊ အနုတ္တရံပြီး၏။

(န+ဥတ္တရံ ဟု ပုဒ်ဖြတ်၊ နခွင်း၊ အကြွင်း၊ ဒေါမဘဝစ၌ စဖြင့် န်နှင့်အ ရှေ့နောက်ပြန်၊ န်ကို နောက်ဥသို့ကပ်၊ အနုတ္တရံ ပြီး၏)

ဈာယိနောသည် ပုံလိင်၊ ရတ္တာဒိဂိုဏ်း၊ ဤကာရန်၊

**နာမပဒမာလာ -**

| | | |
|---|---|---|
| ပ - | ဈာယီ | ဈာယီ, ဈာယိနော |
| အာ - | ဘော ဈာယိ | ဘောန္တော ဈာယီ, ဈာယိနော |
| ဒု - | ဈာယိံ, ဈာယိနံ | ဈာယီ, ဈာယိနော |

(စသည်ဖြင့်ဒဏ္ဍီနည်းတူ ပုံလိင် ဤကာရန္တဖြင့် ရုပ်စဉ်ရမည်)

၂။ "ဈာယိနော"မှ ဓာတ်ကိုယူ၍ ပဉ္စမီဝိဘတ် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပြပါ။

ဖြေ - ဈာယိနောသည် ဈေဓာတ်ဖြစ်၍ အာချာတပဒမာလာ

| | | | |
|---|---|---|---|
| (တု) | ဈာယတု, ဈာယေ | (အန္တု) | ဈာယန္တု |
| (ဟိ) | ဈာယာဟိ, ဈာယ | (ထ) | ဈာယထ |
| (မိ) | ဈာယာမိ, ဈာယေ | (မ) | ဈာယာမ ။ |

http://www.dhammadownload.com



၃။ ဖုဿန္တိ မှ ဓာတ်အရ ကောက်ပြ၍၊ ၎င်းကို ကိစ္စ, ဒွါရ, အာရုံ တို့ဖြင့် ဝေဖန်ပြပါ။

ဖြေ - ဖုဿန္တိ မှ ဓာတ်အရ - ဖိုလ်လေးပါး ဖြစ်ပါသည်။
ကိစ္စစသည် - (၂၃ - ခုနှစ် ဓမ္မပဒအဖြေ၌ ပါပြီး)

၄။ အထက်ပါဂါထာဝယ် ဖုဿနအပြားနှင့် ယောဂ, ခေမအရ တို့ကို အတိအကျ ကောက်ပြခဲ့ပါ။

ဖြေ - ဖုဿနအပြား-၁။ ဉာဏဖုဿန - မဂ်ဉာဏ် (၄)ပါး၊
၂။ ဝိပါကဖုဿန - ဖိုလ် (၄)ပါး ဖြစ်ပါသည်။

ယောဂအရ -
၁။ ကာမယောဂ အရ - လောဘမူစိတ် (၈)ပါး၌ရှိသော လောဘ။
၂။ ဘဝယောဂအရ- ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါး၌ရှိသောလောဘ။
၃။ ဒိဋ္ဌိယောဂအရ - ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါး၌ရှိသောဒိဋ္ဌိ။
၄။ အဝိဇ္ဇာယောဂအရ အကုသိုလ်စိတ် (၁၂)ပါး၌ရှိသော မောဟ တို့ဖြစ်ပါသည်။
ခေမအရ - နိဗ္ဗာန်ဖြစ်ပါသည်။

## ၁၃၃၈ - ခုနှစ် ဓမ္မပဒ

အဟံ နာဂေါဝ သင်္ဂါမေ, စာပတော ပတိတံ သရံ၊
အတိဝါကျံ တိတိက္ခိဿံ, ဒုဿီလော ဟိ ဗဟုဇ္ဇနော။

၁။ တိတိက္ခိဿံ ၌ ဓာတ်အရကောက်၍၊ ယင်း၏ သမ္ပယုတ္တဓမ္မ တို့ကို ရေးပြီး၊ ဝေဒနာ, ဟိတ်, ကိစ္စ, အာရုံတို့ဖြင့် တိကျစွာ ဝေဖန်ခဲ့ပါ။

http://www.dhammadownload.com



ဖြေ - **တိတိက္ခိုဿံ ၌ တိဇခတ်အရ** - မဟာကြိယာဉာဏသမ္ပယုတ်လေးပါး၌ရှိသောအဒေါသ(မေတ္တာ) ဖြစ်ပါသည်။

သမ္ပယုတ္တဓမ္မ - မဟာကြိယာဉာဏသမ္ပယုတ် (၄)ပါး၊ ထို၌ ယှဉ်သော အညသမာန်းစေတသိက် (၁၃)ပါး၊ ဝိရတီ အရင်းခံ အဒေါသကြဉ် သောဘနစေတသိက် (၂၁)ပါး၊ ပေါင်း (၃၄)ပါး ဖြစ်ပါသည်။

ဝေဒနာ -သောမနဿ, ဥပေက္ခာဝေဒနာ၊

ဟိတ် -တိဟိတ်(အလောဘ, အဒေါသ, အမောဟ) ကိစ္စ-ဇောကိစ္စ၊

အာရုံ - အလုံးစုံအာရုံ (ဤ၌ လွှမ်းမိုး၍ ပြောဆိုအပ်သော စကားတည်းဟူသော အာရုံ)၊

၂။ **ဒုဿီလော -၌ သီလအရကောက်၍၊ ယင်းသည် မည်သည့် စိတ်တို့၌ မည်သို့မည်ပုံ ယှဉ်ကြသည်ကို အနုရှုဒ္ဓါ ဆရာ အလိုကျ ရေးခဲ့ပါ။**

ဖြေ - **သီလအရ** - ဝိရတီစေတသိက် (၃)ပါး ဖြစ်ပါသည်။

ယင်းသည် -လောကုတ္တရာစိတ်တို့၌ ဒုစရိုက် ဒုရာဇီဝဟူသမျှကို တစ်စမချန် ပယ်လှန်ရှောင်ရှား အလုံးစုံသော အပြား အားဖြင့် လောကုတ္တရာစိတ်ဖြစ်တိုင်း အမြဲယှဉ်လျှက်(၃) ပါးလုံးတစ်ပြိုင်နက်အတူတကွ ယှဉ်ကြပါသည်။

မဟာကုသိုလ်စိတ်(၈)ပါးတို့၌ဒုစရိုက်ဒုရာဇီဝတို့မှရှောင်ကြဉ်ရာ တရံတခါ၌ အသီးသီး တစ်ပါးစီ ခွဲ၍ ယှဉ်ကြပါသည်။

၃။ **တိတိက္ခိုဿံ ကို အာချာတ်ရုပ်ကျဉ်းတွက်၍၊ အတိဝါကျ၌**

---

၂။ ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု စသော ပါဠိအရဖြစ်၏။

http://www.dhammadownload.com



ဓာတ်ကိုယူပြီး ပဉ္စမီဝိဘတ်ဖြင့် ဘာဝရုပ်အာချာတ ပဒ
မာလာ စဉ်ခဲ့ပါ ။

ဖြေ - တိတိက္ခိဿံ အာချာတ်ရုပ် -
တိတိက္ခိဿံကို တိဇတည်၊ တိဇ - ခန္တိယံအနက်၌ ဓာတ်
အမည်မှည့်၊ အဆုံးသရချေ၊ တိဇဂုပကိတမာနေဟိခဆသာ
ဝါ သုတ်ဖြင့် ခပစ္စည်းသက်၊ အနာဂတေ ဘဝိဿန္တိ သုတ်ဖြင့်
ဘဝိဿန္တိဿံဝိဘတ်သက်၊ ကွစာဒိဝဏ္ဏာနမေကဿရာနံ
ဒွေဘာဝေါသုတ်ဖြင့် တိ၏ ဒွေဘော် တိလာ၊ ကောခေစ
သုတ်ဖြင့် ခပစ္စည်းကြောင့် ဓာတွန်ဇကို က်ပြု၊ က်ကို ခသို့ကပ်၊
ဏ္ဍကာရာဂမော အသဗ္ဗဓာတုကမှိ သုတ်ဖြင့် ဓာတ်နောင်
ဏ္ဍအက္ခရာ လာ၊ က္ခခွင်း ချေ ကပ်၊ တိတိက္ခိဿံ ပြီး၏။
အတိဝါကျ၌ - အတိပုဗ္ဗ ဝစဓာတ်တည်း၊
ဘာဝရုပ်စဉ်ဟန် - ဝုစ္စတံ, ဥစ္စတံ ဖြစ်ပါသည်။

၄။ အထက်ပါဂါထာ၌ သန္ဓိပုဒ်တို့ကို သုတ်ညွှန်းပြ ပဒစ္ဆေဒ ပြု၍၊
ပတိတံ ၌ မည်သည့်အနက်၌ မည်သည့်သုတ်ဖြင့် မည်သည့်
ဝိဘတ် သက်ထားသည်ကို ရေးပြီး၊ အဟံကိုလည်း ဒုတိယာ
ဆဋ္ဌီဝိဘတ်တို့ဖြင့် ဂိုဏ်းစဉ်ခဲ့ပါ။

ဖြေ -နာဂေါ၀ ကို ဝါပရော အသရူပါ သုတ်အရ - နာဂေါ+ဣဝ၊
သင်္ဂါမေကို - ဝဂ္ဂန္တံ ဝါဝဂ္ဂေ သုတ်အရ - သံ+ဂါမေ၊
ဒုဿီလော, ဗဟုဇ္ဇနော တို့ကို
ပရဒွေဘာဝေါဌာနေသုတ်အရ ဒု+သီလော၊ ဗဟု+ဇနော
ဟု ပဒစ္ဆေဒပြုရမည်။
ပတိတံ ၌ အဝုတ္တကံအနက်၊ (တုလျာဓိကရဏဝိသေသန

http://www.dhammadownload.com



အနက် ဟုလည်း ဆိုကြ၏) ကမ္မတ္ထေဒုတိယာ သုတ်ဖြင့် ဒုတိယာကေဝုစ် အံဝိဘတ် သက်ထားပါသည်။

အဟံ ဂိုဏ်းစဉ်

ဒု - မံ, မမံ အမှေ့, အမှာကံ, နော

ဆ - မမ, မယှံ, အမှံ, မမံ, မေ အမှာကံ, အသ္မာကံ, အမှံ, နော

## ၁၃၃၉ - ခုနှစ် ဓမ္မပဒ

၁။ ပဒ္ဓံ ယထာ ကောကနဒံ,
သုဂန္ဓံ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ
အင်္ဂီရသံ ပဿ ဝိရောစမာနံ,
တပန္တမာဒိစ္စ မိဝန္တလိက္ခေ - ဂါထာ၌ ပဒ္ဓံကို သန္ဓိရုပ် ,
ပါတောကို နာမ်ရုပ်ကျဉ်းတွက်ပြီးလျှင်၊ သုဂန္ဓံကို လိင်, ဂိုဏ်း, ကာရန်, ဝိဘတ် ညွှန်ပြခဲ့ပါ။

ဖြေ - ပဒ္ဓံ သန္ဓိရုပ် - ပဒ္ဓံကို ပ+ဒုမံ ဟုပုဒ်ဖြတ်၊ တေသုဝုဒ္ဓိသုတ်ကြီးဖြင့်တစ်နည်း - တဒမိနာဒီနိ ဟူသော မောဂ်သုတ်ဖြင့် ဒု၌ ဥကိုချေ၊ ဒ်ကိုနောက် မသို့ကပ်၊ ပဒ္ဓံပြီး၏။ (နိရုတ္တိ ၁၆)
(တစ်နည်း) သရလောပေါ ယမနရာဒီသု ဝါ (နီတိသုတ္တ ၆၉) သုတ်ဖြင့် နောက်မအက္ခရာကြောင့် ဒု၌ ဥကိုချေ ၊ ဒ်,ကို နောက် မ, သို့ကပ်၊ ပြီး၏။
(တစ်နည်း) ဗဟွက္ခရာနံ အပ္ပက္ခမညထတ္တဥ္စ (နီတိသုတ္တ၁၆၂) သုတ်ဖြင့် ပဒုမံဟူသော ဗဟွက္ခရကို ပဒ္ဓံဟု အပ္ပက္ခရပြု ပဒ္ဓံပြီး၏။

---

၄။ အဟံရုပ်စဉ် နီတိပဒမာလာ ၌ အခြေပြုနှင့် ရုပ်စဉ်မတူ

http://www.dhammadownload.com



**ပါတော နာမ်ရုပ်ကျဉ်း -**

ပါတောကိုပါတောတည်၊ သတ္တမီဇကဝုစ်သို့ဝိဘတ်သက် သဗ္ဗာသမာဝုသော ပသဂ္ဂနိပါတာဒီဟိစသုတ်ဖြင့် သို့ ဝိဘတ်ကို ချေ၊ ပါတော ပြီး၏။ (နီတိသုတ္တ-၉၃၊ ၃၈၁)

**သုဂန္ဓသည် -** ဥပမာနပက္ခကို ငဲ့ခိုက် နပုံလိင် စိတ္တာဒိဂိုဏ်း အကာရန္တ ပကတိရှိသော နိဂ္ဂဟိတန္တကာရန် ပဌမာ ဧကဝုစ် သိ, ဝိဘတ်ဖြစ်ပါသည်။

ဥပမေယျပက္ခကိုငဲ့ခိုက် ပုံလိင်, ပုရိသာဒိဂိုဏ်း, အကာ ရန္တပကတိရှိသော ဩကာရန်, ဒုတိယာဧကဝုစ် အံ ဝိဘတ် ဖြစ်ပါသည်။

၂။ ပဿကို အာချာတ်ရုပ်ကျဉ်းတွက်ပြီးလျှင်၊ အဝီတဂန္ဓ ဝယ် ပုဗ္ဗပဒ၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ပြခဲ့ပါ။

ဖြေ - **ပဿ အာချာတ်ရုပ်ကျဉ်း -** ပဿကို ဒိသတည်၊ ဒိသ- ပေက္ခနေအနက်၌ ဓာတ်အမည်မှည့်၊ အဆုံးသရချေ၊ ပဉ္စမီဟိဝိဘတ်သက်၊ အပစ္စည်းသက်၊ ဒိသဿပဿဒိဿ ဒက္ခာ ဝါ သုတ်ဖြင့် ဒိသ်ကို ပဿ်ပြု၊ ဿ်ကို အသို့ကပ်၊ ဟိလောပံ ဝါ သုတ်ဖြင့် ဟိဝိဘတ်ကိုချေ၊ ပဿ ပြီး၏။

---

၂။ ဣဓာတ်ရုပ်စဉ်ကို ကတ္တုရုပ်၌ ပရဿပုဒ် (၆)လုံးဖြင့်သာ ရုပ်စဉ်၍ ပြကြ၏၊ အတ္တနောပုဒ်ဖြင့် ရုပ်စဉ်၍ မပြကြပါ၊ ဥရှေးရှိလျှင် ဥဒေတိ၊ ဥပဖြင့် ဥပေတိ၊ ဝိဖြင့် ဝေတိ၊ အပဖြင့် အပေတိ၊ အဝဖြင့်အဝေတိ၊ အနုဖြင့်အန္ဝေတိ၊ အတိဖြင့် အစ္စေတိ အဓိဖြင့် အဇ္ဈေတိစသည်စဉ်ပုံကို ပြကြ၏။ အကျယ်ကိုနီတိ ဓာတု ၂၊ ၁၂၊ ၃၅၄၊ ၃၅၇၊ နိရုတ္တိ ၃၉၁၊ ဓာတွတ္ထဂါထာနံပါတ် ၂၀ တို့၌ ရှုပါ။

http://www.dhammadownload.com



အဝိတဂန္ဓံ ဝယ် အဝိတဟူသော ပုဗ္ဗပဒ၌ နှ ဝိပုဗ္ဗ ဣ ဓာတ်ဖြစ်၍

(တိ) ဣတိ, ဧတိ, အယတိ၊ (အန္တိ) ဣန္တိ, ဧန္တိ, အယန္တိ၊
(သိ) ဣသိ, ဧသိ အယသိ၊ (ထ) ဣထ, ဧထ, အယထ၊
(မိ) ဣမိ, ဧမိ, အယာမိ၊ (မ) ဣမ, ဧမ, အယာမ။

၃။ အပ္ပမာဒေါ အမတံ ပဒံ ဝယ် အမတအရ ပဒအရတို့ကို ကောက်ပြပြီးလျှင်၊ ပဒအံရတရားနှင့် ယှဉ်နိုင်သော စိတ် စေတသိက် တရားများကို ကောက်ပြခဲ့ပါ။

ဖြေ - အမတ အရ - နိဗ္ဗာန်၊
ပဒအရ - ဒါနမှု သီလမှု ဘာဝနာမှုတို့၌ မမေ့မလျော့သော မဟာကုသိုလ်စိတ်၌ ရှိသော သတိ ဖြစ်ပါသည်။
ယှဉ်သော စိတ် - မဟာကုသိုလ်စိတ် (၈)ပါး၊
စေတသိက် - ထို၌ယှဉ်သော အညသမာန်းစေတသိက် (၁၃)ပါး၊ အရင်းခံ သတိကြဉ် သောဘနစေတသိက် (၂၄)ပါး ပေါင်း (၃၇)ပါး ဖြစ်ပါသည်။

၄။ (၁)နံပါတ်ရှိ ဂါထာ၌ ပဿအရ ဖြစ်သင့်သော ပရမတ် တရားတို့ကို အပိုအလိုမရှိ တိကျစွာ ကောက်ပြခဲ့ပါ။

ဖြေ - ပဿအရ- မဟာကုသိုလ်, မဟာကြိယာသောမနဿသဟ ဂုတ် ဉာဏသမ္ပယုတ်စိတ်တို့၌ ရှိသော ပညာဖြစ်ပါသည်။

---

၄။ အထက်ပါဂါထာသည် ပိင်္ဂိယာနီနှင့် စန္ဒနင်္ဂလိကတို့ လျှောက်ထား ပြောကြားပုံ ဂါထာဖြစ်၏။ ထိုဂါထာကို မဟာပန္ထကရဟန္တာမထေရ်သည် သူ၏ ညီဖြစ်သော စူဠပန်မထေရ်အား အသင်ခိုင်းအကျက်ခိုင်းခြင်း ဖြစ်၏၊ ဗုဒ္ဓ မြတ်စွာ၏ ရူပကာယ တင့်တယ်ပုံကို အာရုံပြုဖို့ရာ တိုက်တွန်းခြင်း ဖြစ်၏၊

http://www.dhammadownload.com



## ၁၃၄၀ - ခုနှစ် ဓမ္မပဒ

၁။ "မနသာ စေ ပဒုဋ္ဌေန, ဘာသတိဝါ ကရောတိဝါ၊
တတော နံ ဒုက္ခမန္ဝေတိ, စက္ကံဝ ဝဟတော ပဒံ" ၌
စက္ကံဝကိုသန္ဓိရုပ်ကျဉ်းတွက်ပြ၍၊ အန္ဝေတိကို ပုဒ်ဖြတ်
ပြီးလျှင် ဝဟတော၌ လိင်, ဂိုဏ်း, ကာရန် ညွှန်ပြခဲ့ပါ။

ဖြေ - စက္ကံဝ သန္ဓိရုပ်ကျဉ်း - စက္ကံဝကို စက္ကံ+ဣဝဟု ပုဒ်ဖြတ်၊ ပရောဝါသရောသုတ် ဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော ဣသရကို ချေ၊ စက္ကံဝ ပြီး၏။

အန္ဝေတိ - (၁၈ - ခုနှစ် ၊ ဓမ္မပဒ အဖြေ၌ ပါပြီး)

ဝဟတော - ပုံလိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အကာရန်၊
(တစ်နည်း) နိဂ္ဂဟိတန္တကာရန်၊

၂။ တတောကို ဝိဘတျန္တပုဒ်ဟုဆိုက သင့်မသင့် အကြောင်းပြ
ဖြေဆို၍၊ နံကို နာမ်ရုပ်ကျဉ်း တွက်ပြပြီးလျှင်၊ ဝဟတော၌
ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတ
ပဒမာလာ စဉ်ပြခဲ့ပါ။

ဖြေ - တတောကို ဝိဘတျန္တပုဒ်ဟု ဆိုက - သင့်ပါသည်။

---

ထို့ကြောင့်တိုက်တွန်းသူ၏သန္တာန်၌သမာဒါနစေတနာပြဋ္ဌာန်းသော မဟာကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်ကိုလည်း ကောက်ယူနိုင်သည်၊ ပဿအရ ဗုဒ္ဓဂုဏ်တော်ရူပကာယတော်ကို အာရုံပြုရာ ဝယ်၍ရှင်လန်းနှစ်သက်စွာဉာဏ်ယှဉ်၍အာရုံပြုရမည်ဖြစ်သောကြောင့် အထက်ပါ အတိုင်း ကောက်ခဲ့သည်၊ မျက်စိဖြင့် တိုက်ရိုက်ဖူးမြင်ရခြင်း ဖူးမြင်ခိုင်းခြင်း မဟုတ်သောကြောင့် စက္ခုဝိညာဏ်စိတ်ကို ကောက်စရာမလိုဟု မှတ်ပါ။

http://www.dhammadownload.com



အကြောင်းကား -တတော၌ တပုဒ်နောင် ကွစိတောပဉ္စမျတ္တေသုတ်ဖြင့် တောပစ္စည်းသက်ပြီးလျှင် တွာဒယောဝိဘတ္တိသည္ဘာယောသုတ်ကထိုပစ္စည်းကို ဝိဘတ်အမည်မှည့်သောကြောင့် ဝိဘတျန္တပုဒ်ဟုဆိုက သင့်ပါသည်။

နံ နာမ်ရုပ်ကျဉ်း - နံကို တ,တည်၊ ဒုတိယာဧကဝုစ် အံဝိဘတ်သက်၊ တဿ ဝါနတ္တံသဗ္ဗတ္ထသုတ်ဖြင့် တကို နပြု၊ သရလောပေါ မာဒေသပစ္စယာဒိမှိသရလောပေတုပကတိသုတ်ဖြင့် အံဝိဘတ်ကြောင့် န၏ အကိုချေ၊ နောက်အံကိုလည်း အံဟု ပကတိပြု၊ နံကို နောက်အံ သို့ကပ်၊ နံ ပြီး၏။

ဝဟတော ၌ ဝဟဓာတ်ဖြစ်၍ အာချာတပဒမာလာ စဉ်ဟန် -

| | | | |
|---|---|---|---|
| (တိ) | ဝဟတိ, ဝဟေ၊ | (အန္တိ) | ဝဟန္တိ, ဝဟရေ |
| (သိ) | ဝဟသိ၊ | (ထ) | ဝဟထ၊ |
| (မိ) | ဝဟာမိ, ဝဟေ၊ | (မိ) | ဝဟာမ၊ |
| (တေ) | ဝဟတေ၊ | (အန္တေ) | ဝဟန္တေ, ဝဟရေ |
| (သေ) | ဝဟသေ၊ | (ဝှေ) | ဝဟဝှေ၊ |
| (ဧ) | ဝဟေ၊ | (မှေ) | ဝဟာမှေ။ |

၃။ မနသာအရ ဖြစ်သင့်သော စိတ်ကို ဖော်ပြ၍ ယင်းစိတ်၌ အမြဲယှဉ်သော စေတသိက်များကို ကောက်ပြီးလျှင်၊ ယင်းကို ပကိဏ်းပိုင်းလာ ဆက္က(၆)ပါးဖြင့် ဝေဖန်ပြခဲ့ပါ။

ဖြေ - မနသာအရ - ဒေါသမူစိတ် ဖြစ်ပါသည်။

---

၃။ မနသာအရ ၂၀ –ခုနှစ်၊ ဓမ္မပဒအဖြေဝယ် အဖွင့်အရ အကုသိုလ်စိတ် (၁၂)ပါးကို ကောက်ယူခဲ့၏၊ သို့သော် ဤဌ ဝတ္ထုကြောင်းနှင့် ပုစ္ဆာ သဘောကို ကြည့်၍ ဒေါသမူစိတ်ကိုသာ ကောက်ယူရ၏။

http://www.dhammadownload.com



ယင်း၌အမြဲယှဉ်သောစေတသိက်များ - ပိတိကြဉ် အညသမာန်း စေတသိက် (၁၂)ပါး၊ သဗ္ဗာ ကုသလသာဓာရဏစေတသိက် (၄)ပါး၊ ဒေါသ, ထိန, မိဒ္ဓ ပေါင်း (၁၉)ပါး ဖြစ်ပါသည်။

ဝေဒနာဒိဆက္ကာ - (၂၁ - ခု၊ အံအဖြေ၌ ပါပြီး)

၄။ ဒုက္ခံ၌ ဒုက္ခအပြားကို အစဉ်မပျက် ဖော်ပြ၍၊ ယင်းဒုက္ခ တို့၏ တရားကိုယ်များကို အသီးသီး ကောက်ပြီးလျှင်၊ ပထမ ဒုက္ခ၏ အာရုံတရားကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ - ဒုက္ခအပြား-

၁။ ကာယိကဒုက္ခ ၂။ စေတသိကဒုက္ခတို့ဖြစ်ပါသည်။

ကာယိကဒုက္ခအရ -

ဒုက္ခသဟဂုတ်ကာယဝိညာဉ်၌ရှိသောဝေဒနာစေတသိက်၊

စေတသိကဒုက္ခအရ -

ဒေါသမူဒွေး၌ရှိသော ဒေါမနဿဝေဒနာ ဖြစ်ပါသည်။

ပထမဒုက္ခ၏ အာရုံ - ဖောဋ္ဌဗ္ဗာရုံ ဖြစ်ပါသည်။

## ၁၃၄၁ - ခုနှစ် ဓမ္မပဒ

၁။ သုဝဏ္ဏပါတိ ပဝါဟေတွာ နေရဉ္ဇရာယ နဒိယာ တီရေ၌ နေရဉ္ဇရာယကိုဖြစ်သင့်သမ္ဗန္ဓပုဒ်ဖြတ်၍ နဒိယာကိုနာမ်ရုပ်ကျဉ်း စီရင်ပြီးလျှင်၊ သုဝဏ္ဏပါတိကို လိင်, ဂိုဏ်း, ကာရန် ညွှန်ပြပါ။

ဖြေ - နေရဉ္ဇရာယပုဒ်ဖြတ် - (၁၆ - ခု၊ ဝိနည်းအဖြေ၌ ပါပြီး)

နဒိယာ နာမ်ရုပ်ကျဉ်း -

နဒိယာကို နဒီတည်၊ နဒါဒီတောဝါကြ၌ သုတ်ဖြင့် ဤ်ပစ္စည်း

http://www.dhammadownload.com



သက်၊ ဒခွင်း ချေ ကပ်၊ တဒ္ဓိတသမာသကိတကာနာမ်ဝ
တဝေတုနာဒီသုစသုတ်၌ စသဒ္ဒါဖြင့် နဒီ ကို နာမ်ငဲ့၊
ဆဋ္ဌီဧကဝုစ်–သဝိဘတ်သက်၊ ဤကိုပအမည်မှည့် အယော
ရသမေကဝစနယောသွပိစ သုတ်ဖြင့် ဒီ၏ ဤကို ဣရသ
ပြု၊ ပတောယာသုတ်ဖြင့် သဝိဘတ်ကိုယာ ပြု၊ နဒိယာ ပြီး၏။

သုဝဏ္ဏပါတိ' သည် - ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန်။

၂။ ပဝါဟေတွာ၌ ခါတ်ကိုသာယူ၍ အဋ္ဌတနီအတ္တနောပုဒ်
နာမယောဂကမ္မရုပ် အာချာတပဒ မာလာစဉ်ပြ၍၊ တေန
သမယေန၌ ဝိဘတ်သက်သောသုတ်ကို သက်ရခြင်း၏
အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ - ပဝါဟေတွာ၌ ဝဟခါတ်ဖြစ်၏။

ကမ္မရုပ် အာချာတပဒမာလာစဉ်ပုံ -

(အာ) အဝုယှိတ္ထ, အဝဟိတ္ထ, အဝုယှာ, အဝဟာ၊

(ဥ) အဝုယှု, အဝုယှု, အဝဟူ, အဝဟု။

တေန သမယေန၌ ကာလအနက်ဖြစ်သောကြောင့် သတ္တမျတ္ထေစ
သုတ်ဖြင့် တတိယာဧကဝုစ် နာဝိဘတ် သက်ထားသည်။

၃။ ဣမေ ပဉ္စ ဝိလောကေတွာ, ဥပ္ပဋ္ဌတိ မဟာယသော ၌
ဥပ္ပဋ္ဌတိ၏ ခါတွတ္ထအရစိတ်ကို တိကျအောင် ကောက်ပြ၍၊

---

၂။ ဝဟခါတ် ရုပ်စဉ် ရှု ၂၈၉ ရှု၊ အဝဟိတ္ထစသည်၌ ယချေထားသည်၊
အဝုလိုတ္ထစသည်ဖြင့်လပြု၍လည်းစဉ်နိုင်၏၊တေန သမယေန ရှု– ၁၄၉ ရှု။
(ဆောင်) ကာလ အဒ္ဓါ ဒိသာ ဒေသ ဟူသမျှ၌ သတ္တမျတ္ထာ
တတိယာ သက်ပါများလှပြီ။ (အခြေပြု)

http://www.dhammadownload.com



ယင်းကိုဘူမိ ဇာတိ သမ္ပယုတ္တဓမ္မတို့ဖြင့် ဝေဖန်ပြပါ။

ဖြေ - ဥပ္ပဇ္ဇတိ ၏ ဓာတွတ္ထအရ -
ပဋိသန္ဓေကိစ္စတပ်သော မဟာဝိပါက်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ် ဖြစ်ပါသည်။

ယင်း၏ ဘူမိ - ကာမဘုံ၊ ဇာတိ - အဗျာကတဇာတ်၊

သမ္ပယုတ္တဓမ္မ - အညသမာန်းစေတသိက်(၁၃)ပါး၊ ဝိရတီ အပ္ပမညာ ကြဉ်သောဘာနစေတသိက်(၂၀)ပေါင်း(၃၃)ပါးဖြစ်ပါသည်။

၄။ "အပ္ပမ္ပိ စေ သံဟိတဘာသမာနော, ဓမ္မဿ ဟောတိ အနုဓမ္မစာရီ" ၌ ဓမ္မနှင့် အနုဓမ္မ တို့ကို ခွဲခြားကောက်ပြ၍၊ ဘာသမာနော ၌ ဓာတ်အရ တရားကို ဝေဒနာ, ဟိတ်, ကိစ္စ ဤ၌ ဖြစ်သင့်သော ဒွါရ, အာရုံတို့ဖြင့် ဝေဖန်ပြပါ။

ဖြေ - ဓမ္မအရ - လောကုတ္တရာတရား (၉)ပါး၊

အနုဓမ္မအရ - ပုဗ္ဗဘာဂအကျင့်ဖြစ်သော စတုပါရိသုဒ္ဓိသီလ၊ ဓုတင်၊ အသုဘကမ္မဋ္ဌာန်း စသည် ဖြစ်ပါသည်။

ဘာသမာနော ၌ ဓာတ်အရ - ပိဋကတ်တော်ကို ဟောပြောပို့ချသော အခြင်းအရာအားဖြင့်ဖြစ်သော သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဖြစ်ပါသည်။

---

၃။ ဤ၌ ဥပ္ပဇ္ဇတိ အရ ဘုရားအလောင်းတော် ပဋိသန္ဓေစိတ် ဖြစ်၏၊ ဘုရားရှင်တို့သည်ဝေနေယျသတ္တဝါတို့အပေါ်၌ကရုဏာများစွာရှိသောကြောင့် မဟာဝိပါက်ပထမစိတ်ဖြင့်သာ ပဋိသန္ဓေ နေတော်မူကြသည်။မဟာသီဝထေရ် အလိုမူ သင်္ခါရတို့၌ ဘုရားရှင်သည် လျစ်လျူရှုမှု များသောကြောင့် ပဉ္စမမဟာဝိပါက် ဥပေက္ခာသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေ နေသည်ဟု ဆိုသည်။ (ဒီ၊ ဋ္ဌ၊ ၂၊ ၂၃ ၊ ဒီ ၊ ဋီ ၊ ၂ ၊ ၂၄)]

http://www.dhammadownload.com



ဝေဒနာ - သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ၊
ဟိတ် - ဉာဏဝိပ္ပယုတ်သည် ဒွိဟိတ် (အလောဘ, အဒေါသ)
ဉာဏသမ္ပယုတ်သည် တိဟိတ် (အလောဘ, အဒေါသ, အမောဟ)၊
ကိစ္စ - ဇောကိစ္စ၊
ဤ၌ဖြစ်သင့်သော ဒွါရ - မနောဒွါရ၊
ဤ၌ဖြစ်သင့်သော အာရုံ - ပိဋကတ်တရားတော်အာရုံ။

## ၁၃၄၂ - ခုနစ် မေးပုဒ

၁။ "တပန္တမာဒိစ္စမိဝန္တလိက္ခေ" ၌ နောက်ဆုံးပုဒ်ကို ပဒစ္ဆေဒ ပြု၍၊ သန္ဓိရုပ်ကျဉ်း စီရင်ပြီးလျှင်၊ "အညံ သေပဏ္ဏိ ဂစ္ဆာမိ"၌ သေပဏ္ဏိကို နာမပဒမာလာ စဉ်ပြပါ။

ဖြေ - အန္တလိက္ခေ - အန္တရ+ ဣက္ခေ၊
သန္ဓိရုပ်ကျဉ်း -

အန္တလိက္ခေကိုအန္တရ+ဣက္ခေဟုပုဒ်ဖြတ်၊ ဒေါဃေသစ သုတ်၌ စသဒ္ဒါဖြင့် ရကို လပြု၊ လခွင်း၊ ချေ၊ ကပ်၊ အန္တလိက္ခေပြီး၏။

သေပဏ္ဏိနာမပဒမာလာ

| | | |
|---|---|---|
| ပ - | သေပဏ္ဏိ | သေပဏ္ဏီ, သေပဏ္ဏိယော |
| အာ - | ဘောတိ သေပဏ္ဏိ | ဘောတိယော သေပဏ္ဏီ , သေပဏ္ဏိယော |
| ဒု - | သေပဏ္ဏိံ , သေပဏ္ဏိယံ | သေပဏ္ဏီ, သေပဏ္ဏိယော |
| တ- | သေပဏ္ဏိယာ | သေပဏ္ဏီဟိ, သေပဏ္ဏီဘိ |

---

၁။ သေပဏ္ဏိ ကို သိရီ+ပဏ္ဏိ သိရီကို တေသုဝုဒ္ဓိဖြင့် သေပြု၍ ပြီးသည်။

http://www.dhammadownload.com



| | | |
|---|---|---|
| စ - | သေပဏ္ဏိယာ | သေပဏ္ဏီနံ |
| မိ - | သေပဏ္ဏိယာ | သေပဏ္ဏီဟိ, သေပဏ္ဏီဘိ |
| ဆ - | သေပဏ္ဏိယာ | သေပဏ္ဏီနံ |
| သ - | သေပဏ္ဏိယာ, သေပဏ္ဏိယံ | သေပဏ္ဏီသု ။ |

၂။ န မေ တေ ရုစ္စတေ ဖလံ ၌ (မေ တေ ဖလံ)တို့၏ ကာရက အကာရကအမည်များကို ဝါကျတ္ထသဘာဝ အကြောင်း ထောက်ကာ ဖြေဆိုပြီးလျှင်၊ "ယော ဝတ္တံ ပရိဒဟိဿတိ"၌ ပရိဒဟိဿတိကို အာချာတ်ရုပ်ကျဉ်း စီရင်ပြပါ။

ဖြေ - တေ - သင်၏၊ ဖလံ - အသီးသည်၊ မေ - ငါ့အား၊ နရုစ္စတိ - မနှစ်သက်တော့ဟု အနက်ပေးရာ၌

မေသည် - ရုစ္စတေ၌ ရုစဓာတ်နှင့် ယှဉ်၍ သမ္ပဒါန်ဖြစ်သင့်ရကား ရုစ္စတေ ကြိယာ၏ အကြောင်းဖြစ်၍ ရုစ္စတေကြိယာ ဟူသော အကျိုးရှိသောကြောင့် (သမ္ပဒါန) ကာရက။

တေသည် - ဖလံနှင့် သာမိ, သံ အဖြစ်ဖြင့် စပ်သင့်ရကား ရုစ္စတေ ကြိယာနှင့်ယှဉ်စပ်မှုမရှိသောကြောင့်(သာမိ) အကာရက

ဖလံ သည် - ရုစ္စတေ ကြိယာသည် ကတ္တားအနက်ကို ဟောပြီး ဖြစ်သောကြောင့် လိင်အနက်မျှကိုသာ ထွန်းပြဖို့ရန် ပဌမာ ဝိဘတ် သက်ရမည်ဖြစ်၍ (လိင်္ဂ) အကာရက။

(ဤကား ကတ္တားဟော ဝါကျကြံခိုက် ဖြစ်ပါသည်)

တစ်နည်း - မေ - ငါသည်၊ တေ -သင်၏၊ ဖလံ - အသီးကို၊ နရုစ္စတေ - မနှစ်သက်အပ် ဟု အနက်ပေးရာ၌ -

မေသည် - ရုစ္စတေကြိယာသည် မဟောအပ်သောကြောင့် အဝုတ္တ ကတ္တားအနက်၌ တတိယာဝိဘတ်သက်ရမည်ဖြစ်၍ (အဝုတ္တ ကတ္တာ)ကာရက၊ (တေ ကား ပဌမနည်းနှင့် မထူးပြီ)

http://www.dhammadownload.com



ဖလ်သည် - ရှစ္စတေ ကြိယာသည် ကံအနက်ကို ဟောပြီး ဖြစ်သော ကြောင့် လိင်အနက်မျှကို သာထွန်း ပြဖို့ရန် ပထမာဝိဘတ် သက်ရမည်ဖြစ်၍ (လိင်)အကာရကာ၊
(ဤကား ကံဟောဝါကျ ကြံခိုက် ဖြစ်သည်)

ပရိဒဟိဿတိ - အာချာတ်ရုပ် (၃၂ - ခု၊ ဓမ္မပဒအဖြေ၌ ပါပြီး)

၃။ မမ စိတ္တံ ပသာဒေတွာ, ဟာသယိတွာ သဒေဝကေ - ၌ ပသာဒေတွာ၏ သုဒ္ဓကတွတ္တ၊ ဟေတုကတွတ္တအရ တို့ကို ပုဂ္ဂိုလ်နှင့်တကွ ကောက်ပြီးလျှင် ယင်းကို ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ, သင်္ခါရတို့ဖြင့် ဝေဖန်ပြပါ။

ဖြေ - ပသာဒေတွာ ၌ သုဒ္ဓကတွတ္တ အရ - သရဒရသေ့၏ သန္တာန်၌သဒ္ဓါပြဋ္ဌာန်းသောမဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်၊
(သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိကစိတ်ဟုလည်း တိကျစွာ ကောက်နိုင်သည်)

ဟေတုကတွတ္တအရ - အနောမဒဿီဘုရားရှင်၏ သန္တာန်၌ ကြည်ညိုစေသော အခြင်းအရာအားဖြင့် ဖြစ်သော မဟာ ကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စိတ်၊
(သသင်္ခါရိကစိတ်ဟုလည်း ကောက်ကြသည်)

သုဒ္ဓကတွတ္တအရတရားသည် - ဘူမိအားဖြင့် - ကာမဘုံ၊
ဇာတိအားဖြင့် - ကုသိုလ်ဇာတ်၊

သမ္ပယုတ္တဓမ္မအားဖြင့် - အညသမာန်းစေတသိက် (၁၃)ပါး၊ ဝိရတီ အပ္ပမညာ ကြဉ် သောဘနစေတသိက် (၂၀) ပါး၊ ပေါင်း - (၃၃)ပါး ဖြစ်ပါသည်။

သင်္ခါရအားဖြင့် - အသင်္ခါရိက, သသင်္ခါရိက ဖြစ်ပါသည်။

http://www.dhammadownload.com



ဟေတုကတွတ္ထအရတရားသည် ဘူမိအားဖြင့် - ကာမဘုံ၊
ဇာတိအားဖြင့် -အဗျာကတဇာတ်၊
သမ္ပယုတ္တဓမ္မအားဖြင့် - အညသမာန်းစေတသိက်(၁၃)ပါး ဝိရတီကြဉ်သောဘနစေတသိက် (၂၂) ပါး၊ ပေါင်း - (၃၅)ပါး ဖြစ်ပါသည်။
သင်္ခါရအားဖြင့် - အသင်္ခါရိက, သသင်္ခါရိက ဖြစ်ပါသည်။

၄။ "သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ၊ တွဥ္စ မေ သရဏံ ဘဝ" ၌ ဂစ္ဆ၏ အန္တတ္ထအရ တရားကို ဖြစ်ရာပုဂ္ဂိုလ်နှင့်တကွ တိကျအောင် ကောက်ပြပြီးလျှင်၊ ယင်းကို ဌာနအားလျော်စွာ ဒွါရ, အာရုံ တို့ဖြင့် ဝေဖန်ပြပါ။

ဖြေ - ဂစ္ဆ၏ အန္တတ္ထအရ - ဥတေနမင်း၏ သန္တာန်၌ ဘုရားရှင်ကို ဆည်းကပ်သောအခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဒါပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်။

---

၃။ သမ္ပယုတ္တဓမ္မထုတ်ရာဝယ် အခိုက်အတန့်ကြည့်၍ ဝိရတီ, အပ္ပမညာ ကြဉ်ထားသည်။
၄။ ဂစ္ဆ၌ ဂမုဓာတ်ဟူသောအန္တတ္ထအရ ဘုရားကိုဆည်းကပ်သော ဥတေနမင်း သန္တာန်၌ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကို ကောက်ရသည်၊ဉာဏသမ္ပယုတ် ဝိပ္ပယုတ်အသင်္ခါရိကသသင်္ခါရိကဟုအထူးခွဲခြားနေစရာမလိုပါ။သို့သော် တိကျအောင်ပုစ္ဆာ၌ပါ၍ ဘုရားရှင်ကိုဆည်းကပ်ခါစ ဥတေနသန္တာန်၌ သာမာဝတီကတိုက်တွန်း၍သာ ကိုးကွယ်ရသည်ဖြစ်၍ ဉာဏ်လည်းမရှိတိုက်တွန်းမှုပါဝင်၍သသင်္ခါရိကဖြစ်၏၊ ထို့ကြောင့်သဒ္ဒါပြဋ္ဌာန်းသောမဟာကုသိုလ်ဉာဏဝိပ္ပယုတ်သသင်္ခါရိကစိတ္တုပ္ပါဒ်ဟု တိကျစွာကောက်နိုင်သည်၊ ယင်းကုသိုလ်သည် (၆)ဒွါရ၊ လောကုတ္တရာကြဉ် အလုံးစုံ ဖြစ်သော်လည်း ဤ၌ ဘုရားကြည်ညိုမှု မနောဒွါရသာဖြစ်သင့်၏၊ ဆည်းကပ်သည့်အတွက် ဘုရားရှင်၏ ခန္ဓာပဥ္စက ဒြပ်အာရုံကို အထူးအားဖြင့် အာရုံပြုရသည်၊ ထို့ ကြောင့် ဘုရားရှင်ဟူသော အာရုံဟု ဖြေ၏။

http://www.dhammadownload.com



ယင်းသည် ဒွါရ - မနောဒွါရ
အာရုံ - ဘုရားရှင်တည်းဟူသော ရူပါရုံ။

## ၁၃၄၃ - ခုနစ် မေးပဒ

၁။ " န မေ ပိယော အာသိ အကဏ္ဍနေတ္တော၊ ဘာယာမိ ပစ္စာဂမနာယ တဿ" ၌ ပစ္စာဂမနာယကို ကာရကရုပ်ကျဉ်း တွက်ပြ၍၊ အကဏ္ဍနေတ္တော၌ နောက်ဆုံးပုဒ်ကို နာမပဒ မာလာ စဉ်ပြပါ။

ဖြေ - ပစ္စာဂမနာယ ကာရက ရုပ် -· ပစ္စာဂမနာယကို ပစ္စာဂမနတည်၊ ဒုတိယာပဉ္စမီနဥ္စဖြင့် ဘီဝတ်အယှဉ်၊ ပဉ္စမီအနက်ဆဋ္ဌီကေဝုစ်သဝိဘတ် သက်၊ ယတောနာဒီနံ၌ နာဒီနံဟူသော ယောဂဝိဘာဂ ဖြင့် (တစ်နည်း -တေသုဝုဒ္ဓိ သုတ်ကြီးဖြင့်) သကို အာယ ပြု၊ ခွင်း ချေ ကပ် ပြီး၏။ (သဗ္ဗေ ဘာယန္တိ မစ္စုနော နည်းမှီ၍ ဝိဘတ်သက်သည်၊ နပုံလိင် ဖြစ်၍ သုတ်ကြီးဖြင့် စီမံရသည်)

တစ်နည်း -ပစ္စာဂမနတည်၊ အပါဒါန်အမည်မှည့် သမ္ပဒါနေ စတုတ္ထီ သုတ်၌စတုတ္ထီဟူသောယောဂဝိဘာဂဖြင့် အပါဒါန်အနက်၌ စတုတ္ထီကေဝုစ်သဝိဘတ်သက်၊ အာယစတုတ္ထေကဝစနဿ တုသုတ်ဖြင့်သဝိဘတ်ကိုအာယပြုခွင်းချေ ကပ် ပြီး၏။

(ဝိရမထာယသ္မန္တော မမ ဝစနာယ နည်းမှီ၍ ကစ်၊ ဝဏ္ဏနာ၊ ပါတိ၊ ပဒတ္ထ၊ အနုဝဏ္ဏနာတို့အရ ဖြစ်သည်)

**အကဏ္ဍနေတ္တော ၌ နောက်ဆုံးပုဒ် နာမပဒမာလာ -**

ပ - နေတ္တံ နေတ္တာ, နေတ္တာနိ

http://www.dhammadownload.com



| | | |
|---|---|---|
| အာ - | ဘော နေတ္တု, နေတ္တာ | ဘ၀န္တာနိ နေတ္တာ, နေတ္တာနိ |
| ဒု - | နေတ္တံ | နေတ္တေ, နေတ္တာနိ |
| တ - | နေတ္တေန | နေတ္တေဟိ, နေတ္တေဘိ |

(စသည်ဖြင့် သတ္တမီဝိဘတ်ထိ စိတ္တာဒိဂိုဏ်းဖြင့် စဉ်ရမည်)

၂။ အကဏ္ဍနေတ္တော၌ ဖြစ်သင့်သော ကာရကအနက်ကို အထောက်ပြဖြေဆို၍ ယင်းပုဒ်၌ ပထမာဝိဘတ်သက်ရ ခြင်း၏ အကြောင်းကို ရှင်းပြပြီးလျှင်၊ အာသိကို ရှိရင်း ဝိဘတ် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပြပါ။

ဖြေ - အကဏ္ဍနေတ္တော ၌ လိင်္ဂတ္ထပထမာ သုတ်ကို ထောက်၍ လိင်အနက် ဖြစ်ပါသည်။ ယင်းပုဒ်၌ ပိယောစပ်ရာဝယ် ပိယောကြိယာသည် ကံအနက်ကို ဟောပြီးဖြစ်သောကြောင့်, အာသိစပ်ရာ၌အာသိဟူသော အာချာတ်ကြိယာသည် ကတ္တားအနက်ကိုဟောပြီးဖြစ်သောကြောင့် လိင်အနက်မျှကို ငဲ့၍ လိင်အနက်၌ ပထမာသက်ရပါသည်။

အာသိ ရှိရင်းစွဲဝိဘတ် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ-

(ဤ) အာသိ၊ (ဉ္ဇ) အာသိ သု, အာသုံ၊
(ဩ) အာသိ၊ (တ္ထ) အာသိတ္ထ၊
(က္ကံ) အာသိံ၊ (မှာ) အာသိမှ ။ (ရူ)

၃။ သဗ္ဗော ဇနော ဟိံသိတော ပိဂ်လေန, တသ္မိံ မတေ ပစ္စယာ ဝေဒယန္တိ ၌ ပစ္စယာအရ ပဓာနတ္ထတရားကို ကောက်၍၊

---

၂။ အကဏ္ဍနေတ္တော– ရူ၊ ၂၆၂၊၂၆၆အရဖြစ်သည်၊ ရုပ်စဉ်ဝယ် အသဗ္ဗဓာတုကေ ဘူ သုတ်အရ အဘဝီ, ဘဝီ, အဘဝိ, ဘဝိ စသည် စဉ်နိုင်သည်။

http://www.dhammadownload.com



ဤ၌ ယင်းနှင့်ယှဉ်သော စိတ် စေတသိက် တို့ကို ကုန်စင်အောင် ထုတ်ပြပါ။

ဖြေ - ပစ္စယာအရ -လောဘမူသောမနဿ (၄)ပါး၌ရှိသော ပီတိ

ယင်းနှင့်ယှဉ်သော စိတ် - လောဘမူသောမနဿ (၄)ပါး

ယင်းနှင့် ယှဉ်သော စေတသိက် -

အရင်းခံပီတိကြဉ် အညသမာန်းစေတသိက် (၁၂)ပါး၊ သဗ္ဗာကုသလသာဓာရဏစေတသိက် (၄)ပါး၊ လောဘ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ ပေါင်း (၂၁)ပါး ဖြစ်ပါသည်။

၄။ "ဣမေ တပ္ပတိ ပေစ္စ တပ္ပတိ"၌ ဒုတိယတပ္ပတိပုဒ်အရ တရားကို ဘုရားရှင်အလိုကျ ကောက်ပြ၍၊ ယင်းကို ပကိဏ္ဏက ဆင်္ဂြဟဖြင့် ဝေဘန်ပြပါ။

ဖြေ - ဒုတိယတပ္ပတိ ပုဒ်အရ -

ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ ရှိသောဝေဒနာ (ကာယိကဒုက္ခ) ဒေါသမူဒွေးရှိဒေါမနဿဝေဒနာ(စေတသိကဒုက္ခ)တို့ဖြစ်ပါသည်။

ဝေဒနာ ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ၊

ဟိတ် - ဒုက္ခသဟဂုတ် ကာယဝိညာဉ်သည် - အဟိတ်၊

ဒေါသမူဒွေးသည် ဒွိဟိတ် (ဒေါသ, မောဟ)၊

ကိစ္စ - ဒုက္ခသဟဂုတ် ကာယဝိညာဉ်သည် - ဖုသနကိစ္စ၊

---

၄။ ပထမတပ္ပတိအရ မိမိပြုခဲ့သော မကောင်းမှုကံကို တွေးပြီး ဒေါမနဿဖြင့် ပူပန်ရသည်ဖြစ်၍ စိတ်ဆင်းရဲမှု (စေတသိကဒုက္ခ) ဟူသော ဒေါသမူဒွေးရှိ ဒေါမနဿဝေဒနာကို ကောက်ရ၏၊ အချို့ကား ဒေါသမူဒွေးရှိ ကုက္ကုစ္စကို ကောက်ကြ၏။ ဒုတိယတပ္ပတိသည် အပါယ်ဘုံ၌ ဆင်းရဲ ခံစားရခြင်းတည်း၊ ထို့ကြောင့် ကာယိကဒုက္ခ စေတသိကဒုက္ခ နှစ်မျိုးလုံးကောက်ရသည်။

http://www.dhammadownload.com



ဒေါသမူ့ဒွေးသည် ဇောကိစ္စ၊
ဒွါရ - ဒုက္ခသဟဂုတ် ကာယဝိညာဉ်သည် - ကာယဒွါရ၊
ဒေါသမူဒွေးသည် (၆)ဒွါရ၊
အာရုံ - ဒုက္ခသဟဂုတ် ကာယဝိညာဉ်သည် - ဖောဋ္ဌဗ္ဗာရုံ၊
ဒေါသမူဒွေးသည် လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊
ဝတ္ထု -ဒုက္ခသဟဂုတ် ကာယဝိညာဉ်သည် - ကာယဝတ္ထု၊
ဒေါသမူဒွေးသည် ဟဒယဝတ္ထု (အမြဲမှီ)၊

## ၁၃၄၄ - ခုနစ် ဓမ္မပဒ

၁။ "တေဒဂ္ဂံ ဘိက္ခဝေ မမ (ပ) ဥပါသိကာနံ (ပ) ဓမ္မကထိကာနံ ယဒိဒံ ခုဇ္ဇုတ္တရာ" ၌ ခုဇ္ဇုတ္တရာဝယ် ရှေ့ပုဒ်ကို ပဒစ္ဆေဒပြု၍ သန္ဓိရုပ်ကျဉ်းစီရင်ပြီး၊ ဣဒံကိုလည်း နာမပဒမာလာစဉ်ခဲ့ပါ။

ဖြေ - ခုဇ္ဇုတ္တရာ ရှေ့ပုဒ် ပဒစ္ဆေဒ
ခုဇ္ဇာ - ကု+ဝဇ္ဇာ (တစ်နည်း) ကု+ဝဇာ
သန္ဓိရုပ်ကျဉ်း - ခုဇ္ဇာကို ကု+ဝဇ္ဇာ ဟုပုဒ်ဖြတ်၊ ဒေါဿဿစသုတ်၌ စသဒ္ဒါ ဖြင့် ကကို ခပြု၊ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် ဝကိုချေ ခုဇ္ဇာ ပြီး၏။ (ဓာန်ဋီ)
တစ်နည်း - ကု+ဝဇာ ဟုပုဒ်ဖြတ်၊ ဒေါဿဿစသုတ်၌ စသဒ္ဒါဖြင့် ကကို ခပြု၊ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် ဝကိုချေ၊ ပရဒွေဘာဝေါ ဌာနေသုတ်ဖြင့် ဇ်လာ၊ ခုဇ္ဇာပြီး၏။ (သူစိ)

ဣဒံ နာမပဒမာလာ (သဗ္ဗလိင်လိုက်ရာ၌) -

| | | |
|---|---|---|
| ပ - | ဣဒံ | ဣမံ, ဣမာနိ |
| ဒု - | ဣဒံ | ဣမံ, ဣမာနိ |

http://www.dhammadownload.com



| | | |
|---|---|---|
| တ - | အနေန, ဣမိနာ | ဣမေဟိ, ဘိ, ဧဟိ, ဧဘိ |
| စ - | ဣမဿ, အဿ | ဣမေသံ,ဣမေသာနံ,ဧသံ,ဧသာနံ |
| ပ္မီ - | ဣမသ္မာ, မှာ, အသ္မာ | ဣမေဟိ, ဘိ, ဧဟိ, ဧဘိ |
| ဆ - | ဣမဿ, အဿ | ဣမေသံ,ဣမေသာနံ,ဧသံ,ဧသာနံ |
| သ - | ဣမသ္မိံ, ဣမမှိ, အသ္မိံ | ဣမေသု, ဧသု ။ |

**အတ္ထလိင်လိုက်ရာ၌ -**

| | | |
|---|---|---|
| ပ - | အယံ | ဣမာ, ဣမာယော |
| ဒု - | ဣမံ | ဣမာ, ဣမာယော |
| တ - | ဣမာယ | ဣမာဟိ, ဣမာဘိ |
| စ - | ဣမာယ, အဿာ, အဿာယ<br>ဣမိဿာ, ဣမိဿာယ | ဣမာသံ, ဣမာသာနံ |
| ပ္မီ - | ဣမာယ | ဣမာဟိ, ဣမာဘိ |
| ဆ - | ဣမာယ, အဿာ, အဿာယ<br>ဣမိဿာ, ဣမိဿာယ | ဣမာသံ, ဣမာသာနံ |
| သ - | ဣမာယံ, အဿံ, ဣမိဿံ | ဣမာသု ။ |

၂။ **ဓမ္မကထိကာနံ ဥပါသိကာနံ တို့ကို ကာရကာတာရက ရုပ်ကျဉ်းထွက်ပြ၍၊ နောက်ပုဒ်၌ ခေတ်ကိုသာ ဝတ္တမာန် ပရဿပုဒ် ကတ္တုရုပ် ဥတ္တမပုရိသ်ဖြင့် ကာရိယစုံလင်စွာ အာချာတပဒမာလာ စဉ်ခဲ့ပါ။**

ဖြေ - **ဓမ္မကထိကာနံ ဥပါသိကာနံ ရုပ်ထွက် -**

ဓမ္မကထိကာနံ ဥပါသိကာနံ တို့ကို ဓမ္မကထိကာ, ဥပါသိကာ တို့တည်၊ နိဒ္ဓါရဏေစသုတ်ဖြင့် နိဒ္ဓါရဏအနက်၌ ဆဋ္ဌီ ဗဟုဝုစ် နံ ဝိဘတ်သက်၊ ဓမ္မကထိကာနံ, ဥပါသိကာနံ ပြီး၏။ (အကာရကရုပ်ကျဉ်း)

E.20.A

http://www.dhammadownload.com



တစ်နည်း - တို့ထက်ဟု အနက်ပေးရသောကြောင့် ဝိဘတ္တအပါဒါန် အနက်ကိုအလိုရှိရကားဒူရန္တိကသုတ်၌ဝိဘတ္တနောင်ထိုင်သော စသဒ္ဒါဖြင့် ဝိဘတ္တအပါဒါန်အနက်၌ ဆဋ္ဌီဗဟုဝုစ် နံဝိဘတ် သက်၊ မမ္မကထိကာနံ ဉပါသိကာနံ ပြီး၏ ။

(ကာရကာရုပ်ကျဉ်း)

**နောက်ပုဒ်၌ အာသဓာတ်ဖြစ်၍ အာချာတပဒမာလာ**

**(မိ) အာသာမိ, အာသေ, အစ္ဆာမိ, အစ္ဆေ**

**(မ) အာသာမ, အစ္ဆာမ။**

**၃။ "သမ္ဗဇာနော သုဝိမုတ္တစိတ္တော" ၌ ပဥ္စမဝိမုတ္တိ၏အနေကာန် အာရမ္မဏိကတရားတို့ကို ကောက်ပြ၍၊ ဘူမိ, ဇာတိ တို့ဖြင့် ဝေဖန်ပြီး သမ္ပယုတ္တဓမ္မ တို့ကိုလည်း သချာမှုပြခဲ့ပါ။**

ဖြေ - **ပဥ္စမဝိမုတ္တိအရ** - နိဗ္ဗာန်ဖြစ်၏။

**အနေကာန်အာရမ္မဏိက**(၃၁,၃၂,၃၄,၄၈ ခု၊ ဝိနည်းအဖြေတို့၌ပါပြီး) ထိုတွင် မဟာကုသိုလ်ဉာဏသမ္ပယုတ် - ၄- ပါး၊ မဟာကြိယာဉာဏသမ္ပယုတ် -၄ -ပါး၊ ဝုဋ္ဌောတို့သည် ကာမဘုံ၊ အဘိညာဉ်ဒွေးသည် ရူပဘုံ၊ မဟာကုသိုလ် ကုသိုလ်အဘိညာဉ် စိတ်တို့သည် ကုသိုလ်ဇာတ်၊ မဟာကြိယာ၊ ဝုဋ္ဌော၊ ကြိယာအဘိညာဉ်တို့သည် (ကြိယာ) အဗျာကတဇာတ်၊

**သမ္ပယုတ္တဓမ္မ** - မဟာကုသိုလ်ဉာဏသမ္ပယုတ် (၄) ပါး၌ (၃၈)ပါး၊

---

၃။ **ဝိမုတ္တိငါးမျိုး** – ၁။ တဒင်္ဂဝိမုတ္တိ – မဟာကုသိုလ်စိတ်၊ ၂။ ဝိက္ခမ္ဘနဝိမုတ္တိ – လောကီကုသိုလ် ဈာန်တရားများ၊ ၃။ သမုစ္ဆေဒဝိမုတ္တိ – မဂ်လေးပါး၊ ၄။ ပဋိပ္ပဿဒ္ဓိဝိမုတ္တိ –ဖိုလ်လေးပါး၊၅။ နိဿရဏဝိမုတ္တိ – နိဗ္ဗာန်တို့ ဖြစ်ကြ၏။

http://www.dhammadownload.com



မဟာကြိယာဉာဏသမ္ပယုတ် (၄)ပါး၌ (၃၅)ပါး၊ ဝုဋ္ဌော ၌ (၁၁)ပါး၊ အဘိညာဉ်ဒွေး၌ (၃၀)ပါး တို့ဖြစ်ပါသည်။

၄။ "ဓိရော ဗာလေ အဝေက္ခတိ" ၌ အဝေက္ခတိ၏ ကရိုဏ်းပုဒ် အရ ပရမတ္ထတရားကို တိကျစွာ ကောက်ပြ၍၊ ပကိဏ္ဏက ဆက္ကဖြင့် ဝေဖန်ခဲ့ပါ။

ဖြေ - အဝေက္ခတိ ၏ ကရိုဏ်းပုဒ်အရ - ဒိဗ္ဗစက္ခုအဘိညာဉ်ကိစ္စ တပ်သော ရူပါဝစရ ကြိယာ ပဥ္စမဈာန် ဖြစ်ပါသည်။

ဝေဒနာ - ဥပေက္ခာဝေဒနာ၊

ဟိတ် - တိဟိတ် (အလောဘ, အဒေါသ, အမောဟ)၊

ကိစ္စ - ဇောကိစ္စ၊ ဒွါရ - မနောဒွါရ၊

အာရုံ - စုတေခါနီး ပဋိသန္ဓေယူပြီးစဖြစ်သော သတ္တဝါတို့၏ ပစ္စုပ္ပန်ရူပါရုံ၊ ဝတ္ထု - ဟဒယဝတ္ထု (အမြဲမှီ)။

## ၁၃၄၅ - ခုနစ် ဓမ္မပဒ

၁။ "အဇိနိ မံ အဟာသိ မေ"၌ သန္ဓိမဖြစ်ခြင်း အကြောင်းကို ပေါ်လွင်အောင် ရေး၍၊ အဟာသိကို အာချာတ် ရုပ်ကျဉ်း ထွက်ပြပါ။

---

၄။ ကရိုဏ်းပုဒ်ဟူသည် ဖြင့်ဟု အနက်ပေးရသော ပုဒ်တည်း၊ ဤ၌ ဒိဗ္ဗစက္ခုနာ အဝေက္ခိ ဟု အဖွင့်နှင့်အညီ အဝေက္ခတိ – ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုနိုင်၏ဟု ပေးရမည်၊ ထို့ကြောင့် ဒိဗ္ဗစက္ခု အဘိညာဉ်ကို ကောက်ရ၏။ အဘိညာဉ် သည် ကုသိုလ်ကြိယာနှစ်မျိုးရှိရာ အသောကောဟူသော သဒ္ဒန္တရိတ်ထောက်၍ ကြိယာအဘိညာဉ်ကိုသာ ယူရသည်။

http://www.dhammadownload.com



ဖြေ - သန္ဓိ မဖြစ်ခြင်းအကြောင်း - နိဂ္ဂဟိတ်တည်းဟူသော ဝဏ္ဏ ခြားသောကြောင့်လည်းကောင်း၊ မဒါသရေသုတ်၌လိုက် လာသော ဝါသဒ္ဒါက တားမြစ်သောကြောင့်လည်းကောင်း၊ နယေပရံယုတ္တေသုတ်၌ယုတ္တသဒ္ဒါ တားမြစ်သောကြောင့် လည်းကောင်း သန္ဓိမဖြစ်ပါ။

အဟာသိ အာချာတ်ရုပ်ကျဉ်း - အဟာသိကို ဟရတည်၊ ဟရ - ဟရဏေ အနက်၌ ဓာတ်အမည်မှည့်၊ အဆုံးသရချေ၊ အဇ္ဇတနီ ဤဝိဘတ်သက်၊ ဓာတ်၏ အစ၌အလာ၊ ကွစိဓာတု သုတ်ကြီးဖြင့် (တစ်နည်း) အာဤအာဒီသုဟရဿာ မောဂ် ၆ ကဏ္ဍ သုတ်ဖြင့် ဟရ်၏ ရ်ကို အာပြု၊ သ်လာ၊ ဤကို ဣရဿ ပြု၊ သ်ကို ဣသို့ကပ်၊ အဟာသိ ပြီး၏။

၂။ "တံ မေ အက္ခာဟိ ပုစ္ဆိတော" ၌ စပ်သင့်သော ပုဒ်အား လျော်စွာ မေကို ဖြစ်သင့်သမျှ ကာရကရုပ်ကျဉ်း ထွက်ပြ၍၊ ကုဒ်စနံ - ၌ ပကတိလိင်ပုဒ်နောင် တွာဒိပစ္စည်းများ သက်၍ ဖြစ်နိုင်သမျှ ရုပ်စုကို ဖော်ပြပါ။

ဖြေ - မေ ကို အက္ခာဟိ ၌ စပ်ခိုက် ကာရကရုပ်ကျဉ်း - မေကို အမှတည်၊ အားဟူ၍ အနက်ပေးရသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား သိလာယသုတ်ကြီးဖြင့် အာရောစနတ္ထအယှဉ် အမှကိုသမ္ပဒါန်အမည်မှည့်၊သမ္ပဒါနေ စတုတ္ထီသုတ်ဖြင့် သမ္ပဒါန်အနက်၌ စတုတ္ထီဧကဝုစ် သ ဝိဘတ်သက်၊ တေမေကဝစနေသုစသုတ်ဖြင့် သဝိဘတ် နှင့် တကွ အမှကို မေပြု၊ မေပြီး၏။

ပုစ္ဆိတော ၌ စပ်ခိုက် ကာရကရုပ်ကျဉ်း - မေကို အမှတည်၊

http://www.dhammadownload.com



ကတ္တားအမည်မှည့်၊ ကတ္တရိစသုတ်ဖြင့် အဝုတ္တကတ္တာ အနက်၌ တတိယာဧကဝုစ် နာဝိဘတ် သက်၊ ဝါတတိယေ၊ သုတ်ဖြင့် နာဝိဘတ်နှင့်တကွ အမှကို မေပြု၊ မေပြီး၏။

(တစ်နည်း) ဆဋ္ဌီစသုတ်ဖြင့် ကတ္တားအနက်၌ ဆဋ္ဌီဧကဝုစ် သ ဝိဘတ်သက်၊ တေမေကဝစနေသုစသုတ်ဖြင့် သဝိဘတ်နှင့် တကွ အမှကို မေပြု၊ မေပြီး၏။

**ကုဒါစနံ ၌ ပကတိ ကိုပုဒ်နောင် တွာဒိပစ္စည်းများ သက်၍ ဖြစ်နိုင်သမျှရုပ်များ -**

ကုတော(တောပစ္စည်း) ကုတြ(တြပစ္စည်း) ကုတ္ထ (ထပစ္စည်း)
ကွ (ဝပစ္စည်း) ကုဟိံ (ဟိံပစ္စည်း) ကုဟံ, ကဟံ (ဟံပစ္စည်း)
ကုဟိဉ္စနံ(ဟိံစနံပစ္စည်း) ကုဒါစနံ (ဒါစနံပစ္စည်း)
ကဒါ (ဒါပစ္စည်း) ကရဟိ (ရဟိပစ္စည်း) တို့ ဖြစ်ပါသည်။

၃။ **သဗ္ဗေ ပူရေန္တု သက်ပွါ - ၌ သက်ပွါအရ အထွင်ရှိအထိပ် ဖြစ်သော တရားများကို ကောက်ပြ၍၊ ယင်းတို့ကို ဇာတ် အားဖြင့် ဝေဖန်ပြပါ။**

ဖြေ - သက်ပွါ အရ - အထွင်ရှိအထိပ်ဖြစ်သော တရား - ဝိတက်ပြဋ္ဌာန်းသော လောကုတ္တရာ ပထမဈာန်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

ယင်းတို့တွင် မဂ်လေးပါး ပထမဈာန်သည် - ကုသိုလ်ဇာတ်၊
ဖိုလ်လေးပါး ပထမဈာန်သည် - အဗျာကတဇာတ် ဖြစ်ပါသည်။

၄။ **"နာ ဟောသိ ဆန္ဒေါ အပိ" ၌ အဟောသိအရ တရားကို ကောက်၍၊ ယှဉ်ဖက်စေတသိက်တို့ကို ဖေါ်ပြပြီးလျှင်၊ ယင်း ကို ဝေဒနာ, ကိစ္စ, အာရုံ, ဝတ္ထု တို့ဖြင့် ဝေဖန်ပြပါ။**

http://www.dhammadownload.com



ဖြေ - အဟောသိ အရ -

မေထုန်အမှု၌ နှစ်သက်သော လောဘမူစိတ် (၈)ပါး၊
ယှဉ်ဘက်စေတသိက် - (၂၄- ခုနှစ်၊ အံအဖြေ၌ ပါပြီး)
ဝေဒနာစသည် - (၂၂- ခုနှစ်၊ ဓမ္မပဒအဖြေ၌ ပါပြီး)

## ၁၃၄၆ - ခုနှစ် ဓမ္မပဒ

၁။ "သက္ကော ကတိပါဟစ္စယေန တဿာ ဝိမံသနတ္ထာယ"ဝယ် ကတိပါဟစ္စယေနကို ပုဒ်ဖြတ်၍၊ တဿာ ၌ ဝိဘတ်သက်သောသုတ်ကို ဖော်ပြပြီးလျှင်၊ "ဥဘော သမဝိပါကိနော"၌ ဥဘောကို နာမ်ရုပ်ကျဉ်း တွက်ခဲ့ပါ။

ဖြေ - ကတိပါဟစ္စယေန ပုဒ်ဖြတ် -
ကတိပိ+အဟ+အတိ+အယေန ဟု ပုဒ်ဖြတ်၊ (ဝိသုဒ္ဓါရုံ ဓာန်)
ကတိပယ+အဟ+အတိ+အယေန ဟုပုဒ်ဖြတ်၊ (မစိုးရိမ် ဓာန်)
ကတိ+အဟ+အတိ+အယေန ဟုပုဒ်ဖြတ်၊ (တိပိ ဓာန်၊ အတွဲ ၅)
တဿာ၌ ဝိဘတ်သက်သောသုတ် - ဒုတိယာပဉ္စမီနဉ္စ သုတ်၊
ဥဘောနာမ်ရုပ်ကျဉ်း - ဥဘောကို ဥဘတည်၊ ယောဝိဘတ်သက်၊ တတော ယောနမောတု သုတ်၌ တုသဒ္ဒါဖြင့် ယောကို ဩပြု၊ သရလောပေါမာဒေသပစ္စယာဒိမှိ သရလောပေတု ပကတိ သုတ်ဖြင့် ဘ၏ အကိုချေ၊ နောက်ဩကိုလည်း ဩဟု ပကတိပြု၊ ဘ် ဩသို့ကပ်၊ ဥဘောပြီး၏။

၂။ "အသာရေ သာရမတိနော" ၌ သာရမတိနောကို နာမ်ရုပ်ကျဉ်းတွက်၍၊ မတိ၌ဓာတ်ကိုယူပြီးလျှင်၊ ဝတ္တမာန် ပရဿ ပုဒ်ဖြင့် ကတ္တုရုပ် ဂိုဏ်းစဉ်ခဲ့ပါ။

http://www.dhammadownload.com



ဖြေ - သာရမတိနော ၌ နာမ်ရုပ် - (၁၈ခု၊ ဓမ္မပဒအဖြေ၌ပါပြီး)

မတိ ၌ မနဓာတ်ဖြစ်၍ ဝတ္ထုမာန်ကတ္တုရုပ်စဉ်ဟန် -

(တိ) မနတိ, မန္တိ, မနောတိ, မညတိ, မနျတိ၊

(အန္တိ) မနန္တိ, မနောန္တိ, မညန္တိ, မနျန္တိ၊

(သိ) မနသိ, မနောသိ, မညသိ, မနျသိ၊

(ထ) မနထ, မနောထ, မညထ, မနျထ၊

(မိ) မနာမိ, မနောမိ, မညာမိ, မနျာမိ၊

(မ) မနာမ, မနောမ, မညာမ, မနျာမ ။

၃။ သတ္ထာ"သမိဒ္ဓိံသတိ နုခေါ ဣမဿ ပုရိသဿပတ္ထနာ"တိ အနာဂတံသညာဏံ ပေသေတွာ ဩလောကေန္တော - ၌ အနာဂတံသညာဏံနှင့် ယှဉ်သောစိတ်ကို တိကျစွာကောက် ပြ၍၊ ၎င်းစိတ်ကို ပကိဏ္ဏကဆက္ကဖြင့် ဝေဖန် ဖြေဆိုပါ။

ဖြေ - အနာဂတံသညာဏံနှင့်ယှဉ်သော စိတ် -

အနာဂတံသအဘိညာဉ် ကိစ္စတပ်သော ရူပါဝစရ ကြိယာ ပဉ္စမစျာန်စိတ် ဖြစ်ပါသည်။

ဝေဒနာ - ဥပေက္ခာဝေဒနာ၊

